
# တဲတော်

## သင်ခန်းစာများ



ဆရာ ရှမွေလနိုင်လင်း

# တဲတော်

## ဆရာ ရှမွေလနိုင်လင်း


## ၂၀၂၂

# မာတိကာ


၁။ သင်ခန်းစာ ( ၁ ) ကိုးကွယ်ခြင်းဆိုင်ရာပညတ် -------------- ၁၁
၂။ သင်ခန်းစာ ( ၂ ) တဲတော်တံခါးဝ--------—--------- --- ၁၆
၃။ သင်ခန်းစာ ( ၃ ) ကြေးဝါယဇ်ပလ္လင် ----—------------- ၂၀
၄။ သင်ခန်းစာ ( ၄ ) နွားအိုးအသွေး ------------------ ၂၄
၅။ သင်ခန်းစာ ( ၅ ) ဣသရေလလူမျိုးများ၏ယဇ်ပူဇော်ခြင်းသည် အ --
ရိပ်ဖြစ်သည်။ -—--- ------------------------ --------၂၇
၆။ သင်ခန်းစာ ( ၆ ) အကောင်အထည်ဖော်ခြင်း ---------- ---၃၁
၇။ သင်ခန်းစာ ( ၇ ) ခရစ်တော်၏ကိုယ်ကိုပူဇော်ခြင်း ----------၃၄
၈။ သင်ခန်းစာ ( ၈ ) ကောင်းကင်၌ရှိသောတဲတော်အစစ် ------ ---- ၃၇
၉။ သင်ခန်းစာ ( ၉ ) ပဋိညာဉ်တရားသစ်၏အာမခံချက် --------- ၄၁
၁၀။ သင်ခန်းစာ ( ၁၀ ) အသွေးမသွန်းလောင်းဘဲအပြစ်လွှတ်ခြင်းမရှိ---
---------------------------------------------- ၄၄
၁၁။ သင်ခန်းစာ ( ၁၁ ) ခရစ်တော်၏အသွေးတော်အားဖြင့် --------၄၇
၁၂။ သင်ခန်းစာ ( ၁၂ ) ကြေးဝါအင်တုံ ------- — ---------၅၃
၁၃။ သင်ခန်းစာ ( ၁၃ ) ခရစ်တော်သည် တပည့်တော်များ၏ခြေကိုရေနှင့်ဆေး
ခြင်း ---- ----------------------------------- ၆၀
၁၄။ သင်ခန်းစာ ( ၁၄ ) ရှေ့တော်မုန့်တင်သောစားပွဲ ----------- ၆၄
၁၅။ သင်ခန်းစာ ( ၁၅ ) ခရစ်တော်သည်အသက်မုန့်ဖြစ်သည် ----- ၆၇
၁၆။ သင်ခန်းစာ ( ၁၆ ) တဆေးပါသောမုန့် --------------၇၀

၁၇။ သင်ခန်းစာ ( ၁၇ ) ရွှေမီးခွက်ခုနှစ်လုံး - - - - - - - - - — - - ၇၈
၁၈။ သင်ခန်းစာ ( ၁၈ ) ဖေက်မြို့၌ရှိသောအသင်းတော် - - - - - - - - - - - ၈၁
၁၉။ သင်ခန်းစာ ( ၁၉ ) အကျင့်ပျက်သောအသင်းတော် - - - - - - - - - - -၈၅
၂၀။ သင်ခန်းစာ ( ၂၀ ) နံ့သာပေါင်းမွှေးမီးရှို့ရာယဇ်ပလ္လင် - - - - - - - - - ၉၁
၂၁။ သင်ခန်းစာ ( ၂၁ ) ယဇ်ပုရောဟိတ်၏အဝတ်အစားနှင့်သင်တိုင်းကြိုး - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - **၁၀၀**
၂၂။ သင်ခန်းစာ ( ၂၂ ) ယဇ်ပုရောဟိတ်၏ဗျာဒိတ်ရင်ဖုံး - - - - - - - - - - ၁၀၅
၂၃။ သင်ခန်းစာ ( ၂၃ ) ယဇ်ပုရောဟိတ်များ၏တာဝန် - - - - — - - - - ၁၁၀
၂၄။ သင်ခန်းစာ ( ၂၄ ) ယဇ်ပုရောဟိတ်များကို ဘုရားပေးသောအစားအစာ - -- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - ၁၁၄
၂၅။ သင်ခန်းစာ ( ၂၅ ) ဆယ်ဘို့တဘို့သည်ယဇ်ပုရောဟိတ်များခံရမည့်အမွေ - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - ၁၁၈
၂၆။ သင်ခန်းစာ ( ၂၆ ) အသင်းတော်၌ - - - - - - - - - — - - - - - - - - - ၁၂၂
၂၇။ သင်ခန်းစာ ( ၂၇ ) ကုလားကာ - - - - - - - - - - - - - - - - - - - - - - - - - ၁၂၈
၂၈။ သင်ခန်းစာ ( ၂၈ ) ပဋိညာဉ်သေတ္တာနှင့်ရွှေခေရုဗိမ်နှစ်ပါး - - - - - - ၁၃၂
၂၉။ သင်ခန်းစာ ( ၂၉ ) ခရစ်တော်သည်ပဋိညာဉ်တရားသစ်၏အာမခံ - - ၁၃၆
၃၀။ သင်ခန်းစာ ( ၃၀ ) သုံးရက်အတွင်းတွင်ပြီးသောဗိမာန်တော် - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - ၁၄၁
၃၁။ သင်ခန်းစာ ( ၃၁ ) ဂရုဏာယဇ်ပလ္လင် - - - - - - - - - - - - - - - - - - - - ၁၄၅
၃၂။ သင်ခန်းစာ ( ၃၂ ) ဖြူသောပလ္လင်ကြီး - - - - - - - - - - - - - - - - - - - - - ၁၄၉
၃၃။ သင်ခန်းစာ ( ၃၃ ) နိစ္စထာဝရယဇ်ပုရောဟိတ်သည် ခရစ်တော် ဖြစ်သည်


- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - ၁၅၂




ပဋိညာဉ်သေတ္တာနှင့်ရွှေခေရုမိမ်နှစ်ပါး
ရွှေမီးခုံနှစ်လုံး
နံ့သာပေါင်းမွှေးမီးရှို့ရာယဇ်ပလ္လင်
ရှေ့တော်မုန့်တင်သောစားပွဲ
ကြေးဝါအင်တုံ
ကြေးဝါယဇ်ပလ္လင်ကြီး



Holy of Holies
Holy Place
Outer Courtyard
Ark of Covenant with "Szekhinah"
Veil
Altar of Incense
Menorah
Table of Shewbread
Door
Laver
Altar of Burnt Offerings
Entrance Gate


Psa. CV. 39.
Numb. IX 16.23.
THE GOLDEN LAMPSTAND
THE ARK OF THE COVENANT
EX. 25. 10-22
Heb. IX. 7.8
THE TABLE OF SHEWBREAD
EX. 25. 23-29
Heb IX. 6.
THE ALTAR OF INCENSE
EX. 30. 1-10
Rev I. 13
Heb. X. 21
THE TABERNACLE
Ex. XXX. 18
THE LAVER
Lev. VII. 15.16.
Lev. II 7
Lev. II. 1
Lev. II. 4.
Lev. I. 14
Lev. V. 18
Lev. 5. 6.
THE ALTAR OF BURNT OFFERING
Lev. II. 14
Lev. XXIII. 13.
Deut. XI. 19.
Lev. II. 12.
THE GATE OF THE COURT
Psa. LV. 14.
Lev. XII. 6
Lev. V. 11
Lev. II. 4
Psa. LXXXIV. 1.
Lev. I. 14.

# အမှာစာ

ဤစာအုပ်သည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်သာ ရေးသားနိုင်ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုမှ ရေးသာခြင်းဖြစ်သည်။ ဤတဲတော်အကြောင်းကို လေ့လာခြင်းအားဖြင့် ပို၍ဝိညာဉ်ပိုင်း၌ သမ္မာတရားမှန်ကန်စွာပိုင်းခြားနိုင်မည်ဖြစ်သည်။ ဤတဲတော်ထဲ၌ ဘုရားသခင်ကို မည်ကဲ့သို့ကိုးကွယ်ရမည်၊ မည်သူအားဖြင့်ကိုးကွယ်ရမည်၊ မည်သည့်အရာအားဖြင့်ကိုးကွယ်ရမည်၊ အကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်သည် မည်သူဖြစ်သည်ကို ရှင်းလင်းစွာနားလည်သွားမည်ဖြစ်သည်။ ဤတဲတော်စာအုပ်ကို လေ့လာသောသူအရောက်ဆီတိုင်ကိုး ဘုရားကောင်းကြီးပေးပါစေ။

**စာစီစစ်သူ – ဆရာမ ခင်ဦးလင်း**

**စာစီစစ်သူ – Sayama Helen**

**ကွန်ပျူတာ – ဆရာ ရှမွေလနိုင်လင်း**

**စာရေးသူ – ဆရာ ရှမွေလနိုင်လင်း**

**ဖုန်း ( ၃၁၇ ) ၇၀၂–၈၂၆၃**

သင်ခန်းစာ ( ၁ )

# ကိုးကွယ်ခြင်းဆိုင်ရာပညတ်

ဝတ်ပြုခြင်းဆိုင်ရာပညတ်သည် အရေးအကြီးဆုံးသော ပညတ်ဖြစ်သည်။ တောင်ယာခုတ်မှားလျှင်တစ်နှစ်၊ အိမ်ထောင်ပြုမှားလျှင် တစ်သက်၊ ဘုရားကိုးကွယ်မှားလျှင် ထာဝရခံရမည် ဖြစ်သည်။ ထို့ကြောင့် ကိုးကွယ်ခြင်းဆိုင်ရာပညတ်များကိုသိဖို့အရေးကြီးသည်။ ကိုးကွယ်ခြင်း ဆိုင်ရာပညတ်များကို အောက်၌ဖော်ပြထားသည် ဆက်လက်လေ့လာကြပါစို့။

## ၁။ အသက်ရှင်သော ဘုရားသခင်ကိုသာကိုးကွယ်ရမည်

ဤလောက၌ လူများစွာကိုးကွယ်သော ဘုရားများစွာရှိသည် သို့သော်လည်း အသက်ရှင်သော ဘုရားသည် တစ်ပါးတည်းသာလျှင် ရှိသည်။ ငါမှတစ်ပါးအခြားသောဘုရားကို မကိုးကွယ်နှင့်ဟုဆိုသည်။

**ထွက်၊ ၂၀း ၃-၆ငါမှတပါး အခြားသောဘုရားကို မကိုးကွယ်နှင့်။ ၄ အထက်မိုဃ်းကောင်းကင်၌၎င်း၊ အောက်အရပ် မြေကြီးပေါ်၌၎င်း၊ မြေကြီးအောက်ရေထဲ၌၎င်း ရှိသော အရာနှင့် ပုံသဏ္ဍာန်တူအောင်၊ ရုပ်တုဆင်းတုကို ကိုယ်အဘို့မလုပ်နှင့်။ ၅ ဦးမချ ဝတ်မပြုနှင့်။ အကြောင်းမူကား၊ သင်၏ဘုရားသခင် ငါထာဝရဘုရားသည်၊ သင်၌အပြစ်ရှိသည် ဟု ယုံလွယ်သောဘုရား၊ ငါ့ကို မုန်းသောသူတို့၏ အမျိုးအစဉ်အဆက်၊ တတိယအဆက်၊ စတုတ္ထအဆက် တိုင်အောင်၊ အဘတို့၏ အပြစ်ကို သားတို့၌**

**ဆပ်ပေးစီရင်သောဘုရား၊ ဖင်ငါ့ကိုချစ်၍ ငါ့ပညတ်တို့ကို ကျင့်သောသူတို့၏ အမျိုးအစဉ်အဆက် အထောင်အသောင်းတိုင်အောင်၊ ကရုဏာကို ပြသော ဘုရားဖြစ်၏။**

# ၂။ ဘုရားသခင်ရှိသောနေရာ၌သာကိုးကွယ်ရမည်

ဓမ္မဟောင်း၌ ဘုရားသခင်သည် ပဋိညာဉ်သေတ္တာ၌ မိုဃ်းတိမ်အားဖြင့် ကျိန်းဝပ်၍၊ ထိုပဋိညာဉ်သေတ္တာကို တဲတော်ထဲ အသန့်ရှင်းဆုံးဌါန၌ ထားရသည်။ ဣသရေလလူများတို့သည် ဘုရားသခင်ကိုကိုးကွယ်ကြသောအခါ၊ တဲတော်၌သာကိုးကွယ်ရသည်။ မိမိတို့ကြိုက်နှစ်သက်သော နေရာ၌ ကိုးကွယ်လို့မရချေ။ ထိုနည်းတူ အကျွန်ုပ်တို့သည်လည်း ဘုရားရှိသောနေရာ၌သာ ကိုးကွယ်ရမည်။ထိုအရာများကို နားလည်ဖို့ရန် ဤသင်ခန်းစာကို အဆုံးထိလေ့လာမှသာလျှင် နားလည်နိုင်မည်ဖြစ်သည်။

**ထွက်၊ ၄၀း၃၄-၃၈ထိုအခါ မိုဃ်းတိမ်သည် ပရိသတ်စည်းဝေးရာ တဲတော်ကို လွှမ်းမိုး၍၊ ထာဝရဘုရား၏ ဘုန်းတော်သည် တဲတော်ကို ဖြည့်လေ၏။ ၃၅ထိုသို့ မိုဃ်းတိမ်သည် ပရိသတ်စည်းဝေးရာ တဲတော်အပေါ်၌ နေသောကြောင့်၊ မောရှေသည် အထဲသို့မဝင်ရ။ ထာဝရဘုရား၏ ဘုန်းတော်သည် တဲတော်ကို ဖြည့်လျက်နေ၏။ ၃၆ဣသရေလအမျိုးသားတို့သည် ခရီးသွားလေရာရာတွင်၊ မိုဃ်းတိမ်သည် တဲတော်အပေါ်မှ ကွာပြောက်သောအခါ ခရီးသွားကြ၏။ ၃၇မိုဃ်းတိမ်မကွာ မပြောက်လျှင်၊ မကွာမပြောက်မှီနေ့တိုင်အောင်၊ ခရီးမသွားဘဲ နေကြ၏။ ၃၈ခရီးသွားလေရာရာတွင် ဣသရေလအမျိုးသားအပေါင်းတို့**

**ရှေ့မှောက်၌ ထာဝရဘုရား၏ မိုဃ်းတိမ်သည် နေ့အခါ တဲတော်အပေါ်မှာ တည်နေ၏။ ညဥ့်အခါ မီးလျှံဖြစ်လျက် တည်နေလေသတည်း။**

# ၃။ ယဇ်ပုရောဟိတ်အားဖြင့်သာကိုးကွယ်ရမည်

ဣသရေလလူမျိုးများသည် မိမိကိုယ်တိုင်သွား၍ ဘုရားကို အပြစ်ဖြေရာ ယဇ်များပူဇော်၍မရချေ။ သူတို့သည် ဘုရားသခင်ထံ၌အပြစ်ဖြေဖို့ရန်သော်ငင်း၊ ကိုးကွယ်ဖို့ရန်ငင်း၊ ယဇ်ပုရောဟိတ်အားဖြင့်သာအပြစ်ဖြေရမည် ကိုးကွယ်ရမည် ထို့သို့မကိုးကွယ်လျှင် ဘုရားသခင်လက်မခံချေ။ သူတို့ကိုယ်တိုင်သည် အပြစ်ဖြေခြင်း၊ ကိုးကွယ်ခြင်းများကိုပြုလုပ်လျှင် သေခြင်းပျက်စီးခြင်းသို့ရောက်ကြမည်ဖြစ်သည်။ ထို့ကြောင့် ယဇ်ပုရောဟိတ်အားဖြင့်သာ ကိုးကွယ်ရမည်။ ထိုနည်းတူ အကျွန်ုပ်တို့သည်လည်း ယဇ်ပုရောဟိတ်အားဖြင့်သာကိုးကွယ်ရမည်။ မိမိ၏ယဇ်ပုရောဟိတ်မင်းကိုသိကြပြီလော။

**တော၊ ၁၈း၇ထိုကြောင့် သင်နှင့်သင်၏သားတို့သည် ယဇ်ပလ္လင်နှင့်ဆိုင်သောအမှု၊ ကုလားကာအတွင်း၌ ဆောင် ရွက်စရာအမှုရှိသမျှတို့ကို၊ ယဇ်ပုရောဟိတ်ပြု၍ ဆောင် ရွက်ရကြမည်။ သင်တို့အားကျေးဇူးပြု၍ ယဇ်ပုရော ဟိတ်အရာကို ငါပေးပြီ။ မဆိုင်သော သူသည် အနီးအပါး သို့ ချဉ်းကပ်လျှင်၊ အသေသတ်ခြင်းကို ခံရမည်ဟု မိန့် တော်မူ၏။**

# ၄။ ယဇ်ကောင်အားဖြင့်သာကိုးကွယ်ရမည်

ဣသရေလ လူများတို့သည် ဘုရားသခင်ထံတော်သို့ လာကြသော အခါ၊ ယဇ်ကောင်ကိုယူလာရမည် ယဇ်ကောင်အားဖြင့်မိမိ၏အပြစ်ကိုဖြေကြသည်။

ယဇ်ကောင်မရှိလျှင် ဘုရားသခင်အားအပြစ်ဖြေလို့မရချေ။ အကျွန်ုပ်တို့သည် လည်း ယဇ်ကောင်အားဖြင့်သာ အပြစ်ကိုဖြေရမည်။ ယဇ်ကောင်အားဖြင့်သာ ကိုးကွယ်ရမည်။ မိမိ၏ယဇ်ကောင်ကိုသိကြပြီလော။

**ဝတ်၊ ၄း၃-၄ ဘိသိက်ခံသော ယဇ်ပုရောဟိတ်သည် လူများကို အပြစ်ထဲ သို့ သွေးဆောင်၍ ကိုယ်တိုင် ပြစ်မှားလျှင်၊ ထိုအပြစ်အတွက် အပြစ်ဖြေရာ ယဇ်ဘို့ အပြစ်မပါ၊ အသက်ပျိုသော နွားထီးကို၊ ၄ ပရိသတ်စည်းဝေးရာ တဲ တော် တံခါးနား၊ ထာဝရဘုရားရှေ့တော် သို့ ဆောင်ခဲ့၍၊ ထာဝရဘုရားအား ဆက်ရမည်။**

# တဲတော်ဝင်းအကာ

တဲတော်ဝင်းအကာသည် ပညတ်တော်ကို ပုံဆောင်ခြင်ဖြစ်သည်ဟု ယူဆ ရသည်။ တဲတော်  အထဲသို့ ဝင်လိုသောအခါ၊ တဲတော်ဝင်းအကာကို ကျော်၍မ ဝင်ရ။  တဲတော်တံခါးဝအားဖြင့် သာဝင်ရသည်။ ထိုနည်းတူ၊  ကောင်းကင်နိုင်ငံ တော်သို့ ရောက်ဖို့ရန် ပညတ်တော်ကို  လိုက်လျှောက်ခြင်းအားဖြင့်  မရောက်နိုင်။ တံခါးဝတည်းဟူသော ခရစ်တော်အားဖြင့်သာ ကောင်းကင်သို့ရောက် နိုင်သည်။

## သင်ခန်းစာ ( ၁ ) မေးခွန်း

၁။ ကိုးကွယ်ခြင်းဆိုင်ရာပညတ်ဘယ်နှစ်ခုရှိသနည်း။ - - - - - - - ဖော်ပြပါ။

၂။ - - - - - - - - - - - - - - - - - - - -

၃။ - - - - - - - - - - - - - - - - - - -

၄။ - - - - - - - - - - - - - - - - - - -


၅။ - - - - - - - - - - - - - - - - - - -

၆။ တဲတော်ဝင်းအကာသည် မည်သည့်အရာကိုဆိုလိုသနည်း။ - - - -

၇။ လူသည် ပညတ်တော်ကိုကျင့်ခြင်းအားဖြင့် ကောင်းကင်သို့ရောက်နိုင်သလော။ - - - - - - - - -

သင်ခန်းစာ ( ၂ )

# တဲတော်ဝင်းတံခါးဝ



တဲတော်ထဲသို့ဝင်လိုလျှင် တံခါးဝအားဖြင့်သာ ဝင်ရမည်။ အခြားသော နည်း လမ်းများနှင့် မဝင်နိုင်ချေ။ ထို့နည်းတူကောင်းကင်နိုင်ငံတော်ကို ဝင်လိုသောသူရှိလျှင်၊ ကောင်းကင်တံခါးဝတည်းဟူသောခရစ်တော်အားဖြင့်သာဝင်ရမည် ကိုပုံဆောင်ခြင်းဖြစ်သည်။ခရစ်တော်အားဖြင့် မဟုတ်လျှင် မည်သူမျှ ကောင်းကင် နိုင်ငံတော်သို့ ဝင်နိုင်မည်မဟုတ်။ ခရစ်တော်ကငါသည် ကောင်းကင်တံခါးဝဖြစ်သည်ဟုဆိုသည်။

**ထွက်၊ ၂၇း၁၄-၁၈တံခါးဝတဘက်တချက်၌ ကာရန်၊ အလျားဆယ့်ငါးတောင်ရှိသော ကုလားကာနှင့်တကွ တိုင်သုံးတိုင်၊ ၁၅ ခြေစွပ်သုံးခုရှိရမည်။ ၁၆ ဝင်းတံခါးဝ၌ ကာရန်၊ ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်၊**

**ပိတ်ချောဖြင့်ပြီး၍၊ ချယ်လှယ်သော ကုလားကာအတောင်နှစ်ဆယ်နှင့်တကွ တိုင်လေးတိုင် ခြေစွပ်လေးခုရှိရမည်။ ၁၇ ဝင်းပတ်လည်၌ တိုင်ရှိသမျှတို့သည် ငွေတံစို့၊ ငွေတန်း၊ ကြေးဝါခြေစွပ်နှင့် ပြည့်စုံရမည်။ ၁၈ ဝင်းသည် အလျား အတောင်တရာ၊ အနံငါးဆယ်၊အမြင့်ငါးတောင်ရှိ၍၊ ပိတ်ချောနှင့်ကြေးဝါ ခြေစွပ်ဖြင့် ပြီးရမည်။**

# တံခါးဝသည်ခရစ်တော်ကိုပုံဆောင်သည်

ကောင်းကင်နိုင်ငံတော်၏ တံခါးဝသည် ခရစ်တော်ဖြစ်သည် ခရစ်တော်ကို မိမိကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လက်ခံသောသူများအတွက် ခရစ်တော်သည် တံခါးဝဖြစ်သည်။

**ယော၊ ၁၀း၇-၁၀ ထိုကြောင့် တဖန်ယေရှုက၊ ငါအမှန်အကန်ဆိုသည်ကား၊ ငါသည် သိုးဝင်သောတံခါးဝဖြစ်၏။ ၈ငါ့ရှေ့၌ ပေါ်လာ သောသူရှိသမျှတို့သည် သူခိုးထားပြဖြစ်ကြ၏။ ထိုသူတို့၏စကားသံကို သိုးတို့သည်နားမထောင်ကြ။ ၉ ငါသည်တံခါးဝဖြစ်၏။ငါဖြင့်ဝင်သောသူသည် ဘေးနှင့်ကင်းလွှတ်လျက်ထွက်ဝင်၍ကျက်စားရာကို တွေ့ရလိမ့်မည်။ ၁၀သူခိုးသည်ခိုးခြင်း၊ သတ်ခြင်း၊ဖျက်ဆီးခြင်းငှါသာ လာတတ်၏။ ငါမူကား၊ သိုးတို့သည် သက်လွှတ်ရုံ မျှမက အထူးသဖြင့်အသက်နှင့် ပြည့်စုံစေခြင်းငှါလာသတည်း။**

# ပရိတ်သတ်စည်းဝေးရာတံခါးရှေ့

တံခါးဝအနား၌ ပရိတ်သတ်စည်းဝေးသောနေရာရှိသည်။ ယဇ်ပုရောဟိတ်များသည် ဣသရေလလူမျိုးများ အတွက် အပြစ်ဖြေရာယဇ်များကို

ဘုရားသခင်ရှေ့ တဲတော်အထဲ၌ ပူဇော်သော အခါ၊ ပရိတ်သတ်များစုဝေးသော နေရာဖြစ်သည်။ ယဇ်ပုရောဟိတ် ဇာခရိလက်ထက်၌လည်း ဇာခရိသည် တဲတော်အထဲ ဘုရားသခင်ရှေ့တော်၌ ယဇ်ပူဇော်သောအခါ၊ ပရိတ်သတ်များသည် ပရိတ်သတ်စည်းဝေးသောနေရာ၌သာ သူတို့နေကြောင်းသိရသည်။ ပရိတ်သတ်များသည် တဲတော်အထဲသို့ ဝင်သောအခွင့်ကို ဘုရားသခင်သည် မပေးထားသောကြောင့်ဖြစ်သည်။ ဝင်သောသူရှိလျှင် တဲတော်ထဲ၌သေမည်ဖြစ်သောကြောင့် ဖြစ်သည်။

**ထွက်၊ ၂၇း၂၀-၂၁ ပရိသတ်စည်းဝေးရာ တဲတော်တွင်၊သက်သေခံချက်ထားရာအရပ်ကိုကာသော ကုလားကာပြင်မှာ၊မီးခုံ၌အစဉ်မပြတ် မီးထွန်းစရာဘို့၊ သံလွင်သီးကိုထောင်း၍ယူသောသံလွင်ဆီစစ်ကို၊ဣသရေလအမျိုးသားတို့သည် ဆောင်ခဲ့ရကြမည်အကြောင်း ဆင့်ဆိုလော့ ၂၁အာရုန်နှင့် သူ၏သားတို့သည်၊ ညဦးမှသည် နံနက်တိုင်အောင်၊ ထာဝရဘုရားရှေ့တော်၌ ထိုအမှုကို စီရင်ရမည်။ ဣသရေလအမျိုးတို့သည်၊ သားအစဉ်အဆက်စောင့်ရသော ပညတ်တော် ဖြစ်သတည်း။**

**လု၊ ၁း၈-၁၀ဇာခရိသည်မိမိအသင်းနှင့်တကွ အလှည့်သင့်၍၊ဘုရားသခင့်ရှေ့တော်၌ ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက်သည်တွင်၊၉ယဇ်ပုရောဟိတ်ထုံးစံအတိုင်း စာရေးတံချသဖြင့်၊သူသည်ထာဝရဘုရား၏ ဗိမာန်တော်အတွင်းသို့ ဝင်၍ နံ့သာပေါင်းကိုမီးရှို့၏။ ၁၀ ထိုသို့နံ့သာပေါင်းကို မီးရှို့သည့်အချိန်တွင်၊ လူအများအပေါင်းတို့သည် အပြင်၌ဆုတောင်းလျက် နေကြ ၏။**

## သင်ခန်းစာ ( ၂ ) မေးခွန်း

၁။ တဲတော်အထဲသို့ဝင်လိုလျှင် မည်သည့်အရာအားဖြင့်ဝင်ရမည်
နည်း။ - - — - - - - -

၂။ ထိုတံခါးဝသည် မည်သူ့ကိုပုံဆောင်သနည်း။ - - - - - - -

၃။ ခရစ်တော်သည် မည်သည့်တံခါးဝဖြစ်သနည်း။ - - - - - -

၄။ ကောင်းကင်ကိုယ်ထဲသို့ဝင်လိုလျှင်၊ မည်သူအားဖြင့် ဝင်ရမည်
နည်း။ - - - - - - - - -

၅။ ခရစ်တော်က ငါသည်မည်သည့်အရာဖြစ်သည်ဟုဆိုသနည်း။
- - - - - - - - - - - - - - -

၆။ ယဇ်ပုရောဟိတ်များသည် ယဇ်ပူဇော်သောအခါ၊ ပရိတ်သတ်
များသည်မည်သည့်နေရာ၌ စုဝေးကြသနည်း။ - - - - - - - - - -

၇။ ယဇ်ပုရောဟိတ် ဇာခရိသည် တဲတော်ထဲ၌ ယဇ်ပူဇော်သောအခါ
ပရိတ်သတ်များသည် မည်သည့်နေရာ၌စုဝေးကြသနည်း။ - - - - -

သင်ခန်းစာ ( ၃ )

# ကြေးဝါယဇ်ပလ္လင်ကြီး



ကြေးဝါ ယဇ်ပလ္လင်ကြီးသည် အလွန်အရေးကြီးသည်။ အပြစ်ဖြေသော နေရာ ယဇ်ပလ္လင်ဖြစ်သောကြောင့် အပြစ်သားများအတွက်သော်၎င်း၊ ဘုရား အတွက်သော်၎င်း အလွန်အရေးကြီးသည်။ ဘုရားသခင် ခိုင်းသည့်အတိုင်းသာ လုပ်ရမည်။ မိမိ၏ပညာကို အမှီပြု၍ မလုပ်ရ၊ ဘုရားသခင် မှာထားသည့် အတိုင်း သတိထား၍လုပ်ရမည်။ ကိုယ့်စိတ်တိုင်းကျမလုပ်ရ၊ ကြေးဝါ ယဇ်ပလ္လင်ကြီးသည် အပြစ်ရှိသောသူများ၏ကိုယ်စား ယဇ်ကောင်ကိုသတ်၍၊ ယဇ်ပူဇော်မည့်နေရာဖြစ်သည်။ တနည်းအားဖြင့် ဘုရားသခင်နှင့်အပြစ်သား ရန်ငြိမ်းမည့်နေရာဖြစ်သည်။

**ထွက်၊၂၇း၁-၈ တနည်းကား၊အလျားငါးတောင်၊အနံငါးတောင်ရှိ၍စတုရန်း လေးထောင့်ဖြစ်သောယဇ်ပလ္လင်ကို၊ အကာရှသားနှင့်လုပ်ရမည်။ အမြင့်လည်း သုံးတောင်ရှိရမည်။ ၂ယဇ်ပလ္လင် လေးထောင့်အပေါ်မှာ၊ ဦးချိုလေးချောင်းကို အကာရှသားနှင့်လုပ်၍ ကြေးဝါနှင့် မွမ်းမံရမည်။၃ ပြာခံစရာအိုးနှင့်တကွ တူးရွင်းပြား၊ အင်တုံ၊ အမဲသားချိတ်၊ လင်ပန်း အစရှိသော ယဇ်ပလ္လင်နှင့် ဆိုင် သော တန်ဆာရှိသမျှတို့ကို ကြေးဝါနှင့် လုပ်ရမည်။ ၄ ကြေးဝါ ဆန်ခါကိုငှင်း၊ ဆန်ခါ လေး ထောင့် အ ပေါ်မှာ ကြေး ဝါ လေး ကွ င်း ကို ငှ င်း လု ပ်ပြီး လျှ င်၊ ၅ယဇ်ပလ္လင်ခါးပန်းအောက်၊ အလယ်၌ ထားရမည်။ ၆ယဇ်ပလ္လင်ထမ်းစရာ အကာရှသားထမ်းဘိုးတို့ကို လုပ်၍ ကြေးဝါနှင့် မွမ်းမံပြီးမှ၊ ၇ယဇ်ပလ္လင်ကို ထမ်းစရာဘို့ တဘက်တချက် ကွင်းများ၌ လျှိုထားရမည်။ ၈ တောင်ပေါ်မှာ သင့်အား ပြသည်အတိုင်း၊ ထိုယဇ်ပလ္လင်ကို အပေါ်အောက် ဟင်းလင်းဖြစ်စေ ခြင်းငှာ၊ ပျဉ်ပြားနှင့် လုပ်ရမည်။**

# ဣသရေလလူမျိုးများ၏အပြစ်ဖြေရာယဇ်

ဘုရားသခင်သည် ဣသရေလလူမျိုးများကို ဤသို့ပညတ်ထားသည်။ တရားကိုမသိ၊ ဘုရားသခင်၏၊ ပညတ်တရားကို ချိုးဖောက်သောသူ၊ ဘုရားသခင်ရှေ့၌ အပြစ်ရှိသောသူများသည် မိမိ၏အပြစ်ကိုသတိရသောအခါ၊ ဘိသိက်ခံသော ယဇ်ပုရောဟိတ်ထံသို့သွားရမည်။ မိမိ၏ကိုယ်စားအသေခံဖို့ရန် အပြစ်အနာအဆာမရှိကျန်းမာသော အသက်ပျိုသော နွားထီးကိုယူသွားရမည်။ အသက်ပျိုသော နွားထီးကိုပရိသတ်စည်းဝေးရာ တဲတော်တံခါးနားသို့ ထာဝရဘုရားရှေ့တော်၌၊ ဆောင်သွား၍ ဘုရားသခင်အား အပြစ်ကိုဖြေဖို့ရန်

ယူဆောင်သော နွားကိုသတ်၍၊ ယဇ်ကိုပူဇော်ရမည်ဟု ပညတ်ထားသည်။ ထို့ကြောင့် အပြစ်ကိုဖြေဖို့ရန် အတွက်ယဇ်ပုရောဟိတ်နှင့် ယဇ်ကောင်လိုအပ်သည်။ အကျွန်ုပ်တို့သည်လည်း အပြစ်ကိုဖြေဖို့ရန်၊ ယဇ်ပုရောဟိတ်နှင့် ယဇ်ကောင်လိုအပ်သည်။

**ဝတ်၊ ၄း၁-၄တဖန် မောရှေအား ထာဝရဘုရားက၊သင်သည် ဣသရေလ အမျိုးသားတို့အား ဆင့်ဆိုရမည်မှာ၊ တရားကိုမသိ၊ထာဝရဘုရား၏ ပညတ်တော်ကို လွန်ကျူးပြစ်မှား၍ မပြုအပ်သော အမှုကိုပြု မိသည် အရာတွင် ၃ ဘိသိက်ခံသော ယဇ်ပုရောဟိတ်သည် လူများကို အပြစ်ထဲသို့သွေးဆောင်၍ ကိုယ်တိုင် ပြစ်မှားလျှင်၊ ထိုအပြစ်အတွက် အပြစ်ဖြေရာယဇ်ဘို့အပြစ်မပါ၊ အသက်ပျိုသောနွားထီးကို၊ -၄ပရိသတ်စည်းဝေးရာ တဲတော်တံခါးနား၊ ထာဝရဘုရားရှေ့တော် သို့ ဆောင်ခဲ့၍၊ ထာဝရဘုရားအားဆက်ရမည်။**

သင်ခန်းစာ ( ၃ ) မေးခွန်း

၁။ ကြေးဝါယဇ်ပလ္လင်ကြီး၏အလျှားဘယ်တောင်ရှိသနည်း။ - - - - - -

၂။ ကြေးဝါယဇ်ပလ္လင်ကြီး၏အနံဘယ်နှစ်တောင်ရှိသနည်း။ - - - - —

၃။ ကြေးဝါယဇ်ပလ္လင်ကြီး၏စတုရန်းဘယ်တောင့်သနည်း။ - - - - - - -

၄။ ကြေးဝါယဇ်ပလ္လင်ကြီးသည် မည်သည့်သစ်သားအားဖြင့်လုပ်ရမည်နည်း။ - - - - - - - - -

၅။ ကြေးဝါယဇ်ပလ္လင်ကြီးကိုမည်သည့်အရာနှင့်မွမ်းမံရမည်နည်း။ - - -

၆။ တဲတော်၌ရှိသောတန်ဆာများကို မည်သည့်အရာနှင့်မွမ်းမံရမည်
နည်း။ - - - - - - - - - -

၇။ ကြေးဝါယဇ်ပလ္လင်သည် မည်သည့် အကောင်သတ်သောနေရာဖြစ်
သနည်း။ - - — - - - - - မည်သည့်အရာကို ဖြေသောနေရာဖြစ်
သနည်း။ - - — - - - -

၈။ ဣသရေလလူများတို့သည် ဘုရားသခင်အားအပြစ်ဖြေသောအခါ
မည်သူ့ထံသို့သွားရမည်နည်း။ - - - - - - - - -

၉။ မည်သည့်အကောင်ကိုယူသွားရမည်နည်း။ - - - - - - - - - -

၁၀။ ယဇ်ပုရောဟိတ်သည် အပြစ်ရှိသောသူ၏အပြစ်ကို မည်သည့်
အပေါ်၌တင်ရသနည်း။ - - - - - - - - -

၁၁။ ယဇ်ကောင်သည် မည်သူ့ကိုယ်စားအသေခံရမည်နည်း။ - - - - -

၁၂။ မည်သူရှေ့၌ ယဇ်ကောင်ကိုသတ်ရမည်နည်း။ - - - - - - - - - -

သင်ခန်းစာ ( ၄ )

# နွား၏အသွေး

ယဇ်ပုရောဟိတ်သည် အပြစ်ရှိသောသူ၏ကိုယ်စား နွားကိုသတ်၍၊ နွား၏အသွေးကို ယူပြီးလျှင်၊ သန့်ရှင်းရာဌာနတော် ကုလားကာရှေ့၊ ထာဝရဘုရားရှေ့တော်၌၊ မိမိလက်ညှိုးကိုအသွေး၌နှစ်ပြီးလျှင်၊ ခုနစ်ကြိမ်ဖြန်းရသည်။ ထိုအသွေးကို ဘုရားသခင်မြင်သောအခါ၊ အပြစ်ရှိသောသူ၏အပြစ်ကို လွှတ်ပေးသည်။ ကျန်သောအသွေးကို ထာဝရဘုရားရှေ့တော်မှာ ရှိသောနံ့သာပေါင်းမွှေးကို မီးရှို့ရာပလ္လင်ဦးချိုတို့၌ နွားအသွေးကိုထည့်၍၊ ကြွင်းသောအသွေးကို၊ ပရိသတ် စည်းဝေးရာ တဲတော်တံခါးရှေ့၌ရှိသော မီးရှို့ရာယဇ်ပလ္လင်ခြေရင်းနားမှာ သွန်ရမည်။

**ဝတ်၊ ၄း၅-၇ဘိသိက်ခံ သောယဇ်ပုရောဟိတ်သည်၊ နွား၏အသွေးကို ယူ၍၊ ပရိသတ်စည်းဝေးရာတဲတော်သို့ဆောင်ခဲ့ပြီးလျှင်၊-၆ မိမိလက်ညှိုးကို အသွေး၌နှစ်၍သန့်ရှင်းရာဌာနတော် ကုလားကာရှေ့၊ ထာဝရဘုရား ရှေ့တော်၌ ခုနစ်ကြိမ်ဖြန်းရမည်။ ၇တဖန်ယဇ်ပုရောဟိတ်သည်၊ ပရိသတ်စည်းဝေးရာ တဲတော်အတွင်း၊ထာဝရဘုရားရှေ့တော်မှာ ရှိသောနံ့သာပေါင်းမွှေးကို မီးရှို့ရာပလ္လင်ဦးချိုတို့၌ နွားအသွေးကိုထည့်၍၊ကြွင်းသော အသွေးကို၊ ပရိသတ်စည်းဝေးရာတဲတော်တံခါးရှေ့၌ရှိသော မီးရှို့ရာယဇ်ပလ္လင်ခြေရင်းနားမှာသွန်ရမည်။**

## နွားဆီဥနှင့်ကျောက်ကပ်နှစ်ခု

အပြစ်ရှိသောသူ၏ကိုယ်စား အသေခံသောနွား၏ဆီဥများနှင့်၊ ခါး အတွင်းနားမှာရှိသော ကျောက်ကပ်နှစ်ခုနှင့် တကွအသည်း ပေါ်၌ရှိသောအမြှေး တည်းဟူသော၊ နွားဆီဥရှိသမျှကိုယူ၍၊ မီးရှို့ရာယဇ်ပလ္လင်ပေါ်မှာရှို့ရသည်။ ထိုသို့မီးရှို့သောအခါ၊ မွှေးကြိုင်သော အနံ့ကို ဘုရားသခင်အားရ နှစ်သက်၍ကျေနပ်စေသည်။

**ဝတ်၊ ၄း၈-၁၀ မိဿဟာယယဇ် ပြုသော နွား၏ဆီဥကိုယူသကဲ့သို့ အပြစ်ဖြေရာ ယဇ်ပြုသော နွားအအူကို ဖုံးသော ဆီဥ၊ အအူနှင့်ဆိုင်သမျှသော ဆီဥ၊၉ခါးအတွင်းနား၌ရှိသောကျောက် ကပ်နှစ်ခုနှင့် ကျောက်ကပ်ဆီဥ၊ ကျောက်ကပ်နှင့်တကွအသည်း ပေါ်၌ရှိသောအမြှေးတည်းဟူသော၊ နွားဆီဥရှိ သမျှကိုယူ၍၊ ၁၀မီးရှို့ရာယဇ်ပလ္လင်ပေါ်မှာရှို့ရမည်။**

## နွားတစ်ကောင်လုံး

တဲတော်၏အပြင်ဖက်၌၊ နွားတစ်ကောင်လုံးသော်၎င်း၊ အပြစ်ဖြေသော နွားတစ်ကောင်လုံးသော်၎င်း၊ မီးရှို့ရာအရပ်၌ ပြာဖြစ်သည့်တိုင်အောင် မီးရှို့ရ မည်။

**ဝတ်၊ ၄း၁၁-၁၂နွား၏ခေါင်း၊ခြေထောက်၊ အအူ၊ ချေးနုနှင့်တကွ အရေ၊ အသားရှိသမျှ တည်းဟူသော၊-၁၂ နွာတကောင်လုံးကို၊ တပ်ပြင်မှာ ပြာသွန် ထားရာ ရှင်းလင်းသော အရပ်သို့ယူသွား၍ ထင်းအပေါ်၌ မီးရှို့ရမည်။ ပြာ သွန်း၍ ထားရာအရပ်၌ မီးရှို့ရမည်။**

သင်ခန်းစာ ( ၄ ) မေးခွန်း

၁။ ယဇ်ပုရောဟိတ်သည် နွား၏အသွေးကိုယူ၍ အသန့်ရှင်းဆုံးဌါနၶ ကုလားရှေ့၌ နွား၏အသွေးကို ဘယ်နှစ်ကြိမ်ဖြန်းရသနည်း။ - - - -

၂။ နွား၏အသွေးကို ဘုရားသခင်သည်မြင်သောအခါ၊ မည်သူ၏အပြစ်ကိုလွှတ်ပေးသနည်း။ - - - - - - -


၃။ နွား၏အသွေးသည် - - - - - - - - လျှင်အပြစ်လွှတ်ပေးသည်။

၄။ နွား၏အသွေးကျန်သောအရာကို နံ့သာပေါင်းမွှေးမီးရှို့ရာယဇ်ပလ္လင်ဦးချိုၶထည့်၍၊ ကြွင်းသောအသွေးကို မည်သည့်နေရာ၌သွန်သနည်း။ - - - — - - - — - - -

၅။ နွားဆီဥနှင့် ကျောက်ကပ်နှစ်ခုကို မည့်သည့်နေ့ရာ၌မီးရှို့ရသနည်း၊ - - — - -

၆။ နွားတစ်ကောင်လုံးသည် မည်သည့်နေရာ၌ မီးရှို့ကြသနည်း။ - - - -

# ဣသရေလလူများ၏ယဇ်ပူဇော်ခြင်းသည်အရိပ်ဖြစ်သည်




ဣသရေလလူမျိုးများတို့သည် နှစ်ပေါင်း ၁၅၀၀ ပတ်လုံး ယဇ်ကောင်အားဖြင့် မိမိ၏အပြစ်ဖြေရာ ယဇ်ကို တစ်နှစ်တစ်ကြိမ်ပူဇော်ကြသည်။ ဘုရားသခင်သည်လည်း သူတို့၏အပြစ်ကို ခွင့်လွှတ်ပေးခဲ့သည် ။ ယဇ်ပုရောဟိတ်သည် ပဌမတဲတော်တည်းဟူသော၊ သန့်ရှင်းရာဌါနထဲသို့ မနက်တစ်ခါ၊ ညတစ်ခါ အစဥ်ဝင်ရသည်။ ဒုတိယတဲတော်အတွင်းတည်းဟူသော၊ အသန့်ရှင်းဆုံးဌါနထဲတွင် မိမိ၏အပြစ်ကြောင့် သော်ဒင်း၊ လူများ၏အပြစ်ကြောင့် သော်ဒင်း၊ အပြစ်ဖြေသောယဇ်ကောင်၏အသွေးကိုယူသွား၍၊ တစ်နှစ်တစ်ခါသာဝင်ရသည်။လောက၌ရှိသော တဲတော်မပျက်စီးခင် သန့်ရှင်းသော ဝိညာဉ်တော်သည်အရိပ်ကိုပေးခြင်းဖြစ်သည်။

**ဟေဗြဲ၊ ၉း၆-၈ထိုသို့ ခပ်သိမ်းသော အရာတို့သည် ပြင်ဆင်လျက် ရှိသောအခါ၊ ယဇ်ပုရောဟိတ်တို့သည် ဝတ်ပြု၍ ပဌမတဲတော်အတွင်းသို့ အစဉ်ဝင်ကြရ၏။ ၇ ဒုတိယတဲတော်အတွင်းသို့ ယဇ်ပုရောဟိတ် မင်းတပါးတည်းသာ မိမိအပြစ်ကြောင့်၎င်း၊လူများအပြစ် ကြောင့်၎င်း၊ ပူဇော်သောအသွေးကိုဆောင်၍တနှစ်လျှင်တခါတည်းသာဝင်ရ၏။ ၈ပဌမတဲတော်မပျက်မှီတိုင်အောင်၊ သန့်ရှင်းရာ ဌာနသို့ သွားသောလမ်းမဖွင့်သေးသော အကြောင်းကိုထိုအမှုအရာအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်သည်အရိပ်ပေးတော်မူ၏။**

# စုံလင်ခြင်းအကျိုးကိုမပေးနိုင်

လောကဥ္စရှိသော တဲတော်၌ ပူဇော်သက္ကာနှင့် ယဇ်များပူဇော်ခြင်းသည် နှစ်ပေါင်း ၁၅၀၀ ကာလပတ်လုံး ပုံပမာဖြစ်သည်ဟုဆိုသည်။ ကိုယ်ကိုကိုယ် သိသောစိတ်ကို ထောက်လျှင် ဘုရားကို ဝတ်ပြုသောသူတို့ကို စုံလင်ခြင်းအကျိုးမပေးနိုင်ဟုဆိုသည်။ ထို့ကြောင့် ပုံပမာအရိပ်သာဖြစ်သည်။

**ဟေဗြဲ၊ ၉း၉ထိုတဲတော်ကား၊ ပူဇော်သက္ကာနှင့် ယဇ်များကို ပူဇော်သောကာလတည်းဟူသော မျက်မှောက်ကာလ ပတ်လုံးပုံပမာဖြစ်၏။ထိုပူဇော်သက္ကာနှင့် ယဇ်များတို့သည် ကိုယ်ကိုကိုယ် သိသောစိတ်ကိုထောက်လျှင်လည်း၊ ဝတ်ပြုသောသူအား စုံလင်ခြင်းအကျိုးကို မပေးနိုင်သည်ဖြစ်၍၊**

# နွား၊ဆိတ်၏အသွေး

လောကဥ္စရှိသော တဲတော်၌ နွား၏အသွေး၊ ဆိတ်၏အသွေးအားဖြင့် အပြစ်ကိုဖြေ၍၊ ဘုရားသခင်သည်လည်း လက်ခံခဲ့သည်။ ဣသရေလလူမျိုး

များတို့၏အပြစ်ကိုလည်း ခွင့်လွှတ်ပေးခဲ့သည်။ အရိပ်ကိုသာပြသည်ဖြစ်၍၊ နှစ်စဉ်မပြတ်ပူဇော်သောယဇ်အားဖြင့် အထံတော်သို့ချဉ်းကပ်သောသူတို့ကို စုံလင်ခြင်းအဖြစ်၌ မတည်စေနိုင်ဟုသိရသည်။ အဘယ်ကြောင့်ဆိုသော် နှစ်တိုင်းပူဇော်သော ယဇ်သည် သူတို့ကို စုံလင်ခြင်းအကျိုးကိုမပေးနိုင်သောကြောင့်ဖြစ်သည်။ နွား၊ ဆိတ်၏အသွေးသည် အပြစ်ကို မပယ်နိုင်သောကြောင့် ဖြစ်သည်။

**ဟေဗြဲ၊ ၁၀း ၁-၄တနည်းကား၊ ပညတ်တရားသည် နောက်ဖြစ်လတံ့သောမင်္ဂလာအကျိုးတို့၏ သေချာသော ပုံသဏ္ဌာန် ကိုမပြ၊ အရိပ်ကိုသာပြသည်ဖြစ်၍၊ နှစ်စဉ်မပြတ်ပူဇော်သောယဇ်အားဖြင့် အထံတော်သို့ချဉ်းကပ်သောသူတို့ကိုစုံလင်ခြင်းအဖြစ်၌ မတည်စေနိုင်ရာ။ ၂ တည်စေနိုင်လျှင်၊ ဝတ်ပြုသောသူတို့သည် တခါတည်းနှင့် စင်ကြယ်ခြင်းသို့ ရောက်ပြီးမှ၊ နောက်တဖန် သံဝေဂတရားရစရာအကြောင်း အလျှင်းမရှိသည်ဖြစ်သောကြောင့်၊ ထိုယဇ်တို့ကို တခါတည်းသာပူဇော်၍၊ နောက်တဖန် မပူဇော်ဘဲနေရကြမည်မဟုတ်လော။ ၃ ယခုမူကား ယဇ်ပူဇော်သည်တွင် အပြစ်များကို နှစ်တိုင်းအောက်မေ့ခြင်းရှိ၏။ ၄ အကြောင်းမူကား၊ နွား၊ ဆိတ်၏အသွေးသည် အပြစ်ကို မပယ်နိုင်ရာ။**

## သင်ခန်းစာ ( ၅ ) မေးခွန်း

၁။ ဣလသရေလလူများသည် တဲတော်၌နှစ်ပေါင်း - - - - - - — ပတ်လုံး ယဇ်ပူဇော်ကြသည်။

၂။ ဣလသရေလလူများတို့သည် တစ်နှစ် - - - - - - - - - - ယဇ်ပူဇော်ကြသည်။

၃။ ယဇ်ပုရောဟိတ်သည် မိမိ၏အပြစ်အတွတ်သော်၎င်း၊လူများအပြစ်အတွတ်သော်၎င်း၊အသန့်ရှင်းဆုံး၌ါနတော်ထဲသို့ တစ်နှစ်လျှင် ဘယ်နှစ်ကြိမ်ဝင်ရသနည်း။ - - - - - - — —

၄။ ဣလသရေလလူများတို့သည် တဲတော်၌အပြစ်ဖြေ၍၊ ယဇ်ပူဇော်သမျှတို့သည် - - - - - - - - - - - - - ဖြစ်သည်။

၅။ တဲတော်ထဲ၌ အပြစ်ဖြေ၍၊ ယဇ်ပူဇော်သောသူများသည် ဘုရားသခင်ကို ကိုးကွယ်ဖို့ရန် စုံလင်ခြင်းအကျိုးကိုပေးနိုင်သလော။ - - - - - - - - - - - - — - အဘယ်ကြောင့်မပေးနိုင်သနည်း။ - - - - - - လူ၏အပြစ်ကိုမပယ်နိုင်ချေ။

သင်ခန်းစာ ( ၆ )

# အကောင်အထည်ဖော်ခြင်း

အဘယ်ကြောင့် ခရစ်တော်သည် ဤလောကသို့ကြွလာသနည်း ဟူမူကား၊ လောက၌ရှိသော တဲတော်၌၊ နှစ်ပေါင်း ၁၅၀၀ ပတ်လုံး ယဇ်နှင့်ပူဇော်သက္ကာကို ဘုရားသခင်သည် အလိုတော်မရှိသောကြောင့် ခရစ်တော်ဤလောကသို့ ကြွလာခြင်းဖြစ်သည်။ အပြစ်သားများအတွက် ယဇ်ကောင်ဖြစ်ဖို့ရန် ကြွလာခြင်းဖြစ်သည်။ ဘုရားသခင်သည် မီးရှို့ရာယဇ်နှင့် အပြစ်ဖြေရာယဇ်များကို အားရမနှစ်သက်သောအခါ၊ ကျမ်းစာ၌ရေးထားသည် အတိုင်း ဘုရားသခင်၏အလိုတော်အတိုင်း ယဇ်ကောင်ကဲ့သို့ အပြစ်သားများ၏ကိုယ်စားကိုယ်ကိုပူဇော်ဖို့ရန် ကြွလာခြင်းဖြစ်သည်။

**ဟေဗြဲ၊ ၁၀း၅-၇ထိုကြောင့်၊ ခရစ်တော်သည် ဤလောကသို့ ကြွလာသောအခါ၊ အိုဘုရားသခင်၊ကိုယ်တော်သည် ယဇ်နှင့်ပူဇော်သက္ကာကို အလိုတော်မရှိ သည်ဖြစ်၍၊ အကျွန်ုပ်အဘို့ကိုယ်ခန္ဓာကို ပြင်ဆင်တော်မူပြီ။ ၆ မီးရှို့ရာယဇ်နှင့် အပြစ်ဖြေရာ ယဇ်များကို အားရနှစ်သက်တော် မမူသောအခါ၊ကျမ်းစာလိပ်၌ အကျွန်ုပ်ကိုအမှတ်ပြု၍ ရေးထားသည်နှင့် အညီ၊၇ အကျွန်ုပ်သည် ကိုယ်တော်၏အလိုကို ဆောင်အံ့သောငှါ သွားပါမည်ဟု အကျွန်ုပ်ဝန်ခံပါသည်ဟု လျှောက်ဆို၏။**

# ပထမဝတ်ကိုပယ်ခြင်း

လောကဦ်ရှိသော တဲတော်ဦ၊ မီးရှို့ရာယဇ်၊ အပြစ်ဖြေရာယဇ်၊ ယဇ်များနှင့်ပူဇော်သက္ကာပြုလုပ်သမျှသောအရာများကို ပထမဝတ်ဟုခေါ်သည်။ ဒုတိယဝတ်ကိုတည်စေမည်ဟုဆိုသည်။ ထိုအရာသည် ခရစ်တော်သည် ယဇ်ကောင်ကဲ့သို့ ကိုယ်ကိုပူဇော်မည့် အရာကိုဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် ခရစ်တော်ဤလောကဦ် ကြွလာခြင်းသည် ဒုတိယဝတ်ကိုတည်စေ၍၊ ပထမဝတ်ကိုပယ်ဖို့ရန်ဖြစ်သည်။ ပထမဝတ်ကို ဘုရားသခင်သည် ပယ်ပြီ။

**ဟေဗြဲ၊ ၁၀း၈-၉ပညတ်တရားအတိုင်းပြုရသော ဝတ်ကိုရည်ဆောင်လျက် ခရစ်တော်က၊မီးရှို့ရာယဇ်၊ အပြစ်ဖြေရာ ယဇ်အစရှိသော ယဇ်များနှင့် ပူဇော်သက္ကာများတို့ကိုကိုယ်တော်သည် အလိုတော်မရှိ၊ အားရနှစ်သက်တော် မမူဟု အထက်ကဆိုနှင့်ပြီးမှ၊ ဧတဖန်တုံ၊ အိုးဘုရားသခင်၊အကျွန်ုပ်သည် ကိုယ်တော်၏ အလိုကို ဆောင်အံ့သောငှါ သွားပါမည်ဟု ဆိုသည်တွင်၊ ဒုတိယဝတ်ကို တည်စေခြင်းငှါ ပဌမဝတ်ကို ပယ်၏။**

## သင်ခန်းစာ ( ၆ ) မေးခွန်း

၁။ ဘယ်ကြောင့်ခရစ်တော်ဤလောကသို့ ကြွလာရသနည်း။ - - - - - -

၂။ ခရစ်တော်ဤလောကသို့ကြွလာခြင်းသည် မည်သူ၏အလိုတော်
ဆောင်ဖို့ရန်ဖြစ်သနည်း။ - - - - - - - - - - - - -

၃။ ခရစ်တော်သည် မည်သည့်ဝတ်ကိုပယ်ဖို့ရန်ကြွလာသနည်း။ - - - -

၄။ မည်သည့်ဝတ်ကို တည်စေဖို့ရန်ကြွလာသနည်း။ - - - - - - - - -

၅။ ပထမဝတ်သည် မည်သည့်အရာကိုဆိုလိုသနည်း ဖော်ပြပါ။ - - - - -

၆။ ဒုတိယဝတ်သည် မည်သည့်အရာကိုလိုဆိုသနည်းဖော်ပြပါ။ - - - -

၇။ ခရစ်တော်သည် - - - - - - - - ကိုပယ်၍၊ — - - - - - ကိုတည်စေပြီ။

သင်ခန်းစာ ( ၇ )

# ခရစ်တော်သည်သူ၏ကိုယ်ကိုပူဇော်ခြင်း

ဘုရားသခင်၏အလိုတော်နှင့်အညီ ခရစ်တော်သည် မိမိကိုယ်ကို တစ်ခါတည်း ပူဇော်သောအားဖြင့်ငါတို့သည် စင်ကြယ်ခြင်းသို့ရောက်ကြပြီဟု ဆိုသည်။ မိတ်ဆွေနှင့် ကျွန်ုပ်တို့အားလုံး၏အပြစ်များအတွက်ခရစ်တော်က ကိုယ်ကိုကိုယ်တစ်ခါတည်း ပူဇော်ပေးပြီဖြစ်သည်။ ထိုအရာကိုနားလည်၍၊ ယုံကြည်လက်ခံသမျှသောသူသည် ဘုရားသခင်ရှေ့တော်၌ အပြစ်နှင့်ကင်း လွတ်၍ စင်ကြယ်သောသူဖြစ်သည်။ ခရစ်တော်၏ကိုယ်ကို ပူဇော်ပေးခြင်းကို လက်ခံသမျှသောသူများသည် ထာဝရငရဲထဲသို့ မသွားတော့ချေ။ ကောင်းကင် နိုင်ငံတော်သို့သွားမည်ဖြစ်သည်။ လောက၌ရှိသော တဲတော်၌ ယဇ်ပုရောဟိတ် သည် နေ့တိုင်းဝတ်ပြုလျက်၊ အပြစ်ကို မဖြေနိုင်သော ယဇ်ကောင်ကို အထပ်ထပ် အဖန်ဖန် ပူဇော်သကဲ့သို့မဟုတ်ဘဲ၊ ခရစ်တော်သည် တစ်ခါတည်း ကိုယ်ကိုပူဇော်သောအားဖြင့်ထာဝရစုံလင်ခြင်းကိုပေးသည်။ ခရစ်တော်၏ကိုယ် ကိုပူဇော်ခြင်းကို ယုံကြည်သောသူတိုင်းသည် ထာဝရစုံလင်ခြင်းကို ဘုရားရှေ့ မှာရသောသူများဖြစ်ကြသည်။ အကျွန်ုပ်တို့အတွက် ကိုယ်ကိုယ်ပူဇော်ပြီးပြီ နောက်ထပ် အပြစ်ဖြေရာယဇ်ပူဇော်စရာမလိုတော့ချေ။ လောက၌ရှိသော တဲ တော်၌ ယဇ်ပူဇော်သမျှအားလုံးသည် ခရစ်တော်က ပြည့်စုံစေပြီဖြစ်သည်။ လောက၌ အပြစ်ဖြေရာယဇ် ယဇ်ကောင်သည် ခရစ်တော်ကို ပုံဆောင်ခြင်း ဖြစ်သည်။

**ဟေဗြဲ၊ ၁၀း၁၀-၁၄ထိုအလိုတော်နှင့်အညီ ယေရှုခရစ်၏ ကိုယ်တော်ကို တခါတည်း ပူဇော်သောအားဖြင့်၊ ငါတို့သည် စင်ကြယ်ခြင်းသို့ ရောက်ကြ၏။ ၁၁ ယဇ်ပုရောဟိတ်မည်သည်ကား၊ နေ့တိုင်းဝတ်ပြုလျက်၊ အပြစ်ကို မဖြေနိုင်သော ယဇ်ကို အထပ်ထပ် အဖန်ဖန် ပူဇော်လျက်ရပ်နေရ၏။ ၁၂ ထိုသခင်မူကား၊ အပြစ်ကို ဖြေခြင်းငှါ ယဇ်တခုတည်းကို ပူဇော်ပြီးမှစ၍၊ ဘုရားသခင်၏ လက်ျာတော် ဘက်၌ အစဉ်အမြဲထိုင်၍၊ ၁၃ မိမိရန်သူတို့ကို မိမိခြေတင်ရာ မချမထားမှီတိုင်အောင် မျှော်လင့်လျက် နေတော်မူ၏။ ၁၄ အကြောင်းမူကား၊ စင်ကြယ်သောသူတို့သည် ထာဝရစုံလင်ခြင်းငှါ၊ တခါတည်းပူဇော်ခြင်းအားဖြင့် ပြုတော်မူ၏။**

# သန့်ရှင်းရာဌာနထဲသို့ဝင်ခြင်း

ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ကုလားကာဟုခေါ်သည်။ ခရစ်တော်ကိုယ်ကို ပူဇော်၍၊ အသေခံခြင်းသည် ကုလားကာကွဲခြင်းဖြစ်သည်။ ခရစ်တော်၏ကိုယ်ခန္ဓာကွဲမှသာလျှင်၊ အသက်လမ်းသစ်သွားရာလမ်းဖွင့် မည်ဖြစ်သည်။ ခရစ်တော်အသေခံခြင်းဖြင့် အသက်လမ်းသစ်ဖွင့်သွားပြီ။ ခရစ်တော်ကို ယုံကြည်လက်ခံသောသူများသည်ခရစ်တော်အားဖြင့် အသက်လမ်းသစ်ကိုရ၍၊ ကောင်းကင်သို့ သွားမည့်သူများ ဖြစ်ကြသည်။ ခရစ်တော်၏အသွေးကိုအမှီပြု၍၊တဲတော်စစ်ဖြစ်သောကောင်းကင်နိုင်ငံတော် သန့်ရှင်းရာဌါနထဲသို့ အဆီးအတားမရှိ၊ ဝင်ရသောအခွင့်ကိုပေးပြီးပြီ ဖြစ်သည်။ ထို့ကြောင့် ယုံကြည်သူများသည်ခရစ်တော်၏အသွေးတော်အားဖြင့် အဆီးအတားမရှိဘဲ၊ ကောင်းကင်သို့သွားမည့်သူများဖြစ်ကြသည်။

**ဟေဗြဲ၊ ၁၀း၁၉-၂၁ထိုကြောင့်ညီအစ်ကိုတို့၊ယေရှု၏ကိုယ်ခန္ဓာတည်းဟူသော ကုလားကာအားဖြင့် ထိုသခင်ပြင်ဆင်တော်မူသော အသက်လမ်းသစ်တွင်၊ ၂၀ငါတို့သည် သန့်ရှင်းရာဌာနထဲသို့၊ အသွေးတော်ကို အမှီပြု၍အဆီးအတားမရှိ၊ဝင်ရသောအခွင့်ရှိသဖြင့်၎င်း၊၂၁ ဘုရားသခင်၏အိမ်တော်ကို အုပ်စိုးသော ယဇ်ပုရောဟိတ်မင်းရှိသဖြင့်၎င်း၊**

သင်ခန်းစာ ( ၇ ) မေးခွန်း

၁။ ခရစ်တော်သည်သူ၏ကိုယ်ကိုပူဇော်သောအားဖြင့် ငါတို့သည်မည်သည့်အရာသို့ရောက်ကြသနည်း။ - - - - - - - - - - - - - -


၂။ လောကတဲတော်၌ နှစ်ပေါင်း ၁၅၀၀ ပတ်လုံးယဇ်ပူဇော်သမျှသည် မည်သူက ပြည့်စုံစေသနည်း။ - - - - - - - - - - - -

၃။ လောကတဲတော်၌ ယဇ်ကောင်သည် တိရစ္ဆာန်ဖြစ်သည်၊ ထိုတိရစ္ဆာန်သည် မည်သူ့ကိုပုံဆောင်သနည်း။ - - - - - - - - -

၃။ ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်းဟူသော ကုလားကာကွဲသွားခြင်းအားဖြင့် မည်သည့်သွားမည့်လမ်းဖွင့်သွားသနည်း။- - - - - - -

၄။ ခရစ်တော်၏အသွေးတော်ကို အမှီပြုသောသူတိုင်းသည်မည်သည့် သန့်ရှင်းရာဌါနထဲသို့ အဆီးအတားမရှိဘဲဝင်ခွင့်ရကြသနည်း။ - - -

# ကောင်းကင်၌ရှိသောတဲတော်အစစ်




ကောင်းကင်၌ရှိသော တဲတော်အစစ်သည် လူ့လက်ဖြင့်ဆောက်သော တဲတော်မဟုတ်၊ ဘုရားလက်ဖြင့်ဆောက်သော တဲတော်ဖြစ်သည်။ လောကနှင့်ဆိုင်သော တဲတော်မဟုတ်၊ ကောင်းကင်ဘုံနှင့် ဆိုင်သော တဲတော်ဖြစ်သည်။ လောက၌ရှိသောတဲတော်တော်ထက်သာ၍ကြီးမြတ်စုံလင်သော တဲတော်ဖြစ်သည်။ လောကတဲတော်၌ ရှိသော ယဇ်ပုရောဟိတ်သည် လူသားဖြစ်သည်။ ကောင်းကင်တဲတော်၌ရှိသော ယဇ်ပုရောဟိတ်သည် ခရစ်တော်ဖြစ်သည်။ လောကတဲတော်၌ အပြစ်လွှတ်စေသော ယဇ်ကောင်သည် တိရစ္ဆာန်ဖြစ်သည်။ ကောင်းကင် တဲတော်၌ အပြစ်လွှတ်စေသော ယဇ်ကောင်သည် ခရစ်တော်ဖြစ်သည်။ လောကတဲတော်၌ အပြစ်လွှတ်စေသော အသွေးသည်

တိရစ္ဆာန်၏အသွေးဖြစ်သည်။ ကောင်းကင် တဲတော်၌ အပြစ်လွတ်စေသော အသွေးတော်သည် ခရစ်တော်၏အသွေးဖြစ်သည်။ လောက တဲတော်၌ တိရစ္ဆာန်၏အသွေးအားဖြင့် အပြစ်လွှတ်ခြင်းသည် တစ်နှစ်သာခံသည်။ ကောင်းကင်တဲတော်၌ အပြစ်လွတ်စေသောခရစ်တော်၏အသွေးသည်။ ထာဝရ အဘို့ ရွေး နုတ်ခြင်း အပြစ်လွှတ်စေသည်။ ဆိတ်၏အသွေး၊ နွားကလေး၏အသွေးနှင့်မဟုတ်။ မိမိ၏အသွေးတော်နှင့် ကောင်းကင် သန့်ရှင်းရာဌာနထဲသို့ တခါတည်းဝင်တော်မူပြီ။ ခရစ်တော်၏အသွေးတော်ကို ဘုရားသခင်သည် ကြည့်ခြင်းအားဖြင့် ခရစ်တော်၏အသွေးတော်ကို ယုံကြည်လက်ခံသမျှသော သူများ၏အပြစ်ရှိသမျှကို လွှတ်ပေးပြီးပြီဖြစ်သည်။ သင်ရောယုံကြည်လက်ခံပါသလား။

**ဟေဗြဲ၊ ၉း၁၁-၁၂ ယခုမှာ လူလက်ဖြင့်မလုပ်၊ ဤလောကဓာတ်နှင့် မစပ်ဆိုင်၊သာ၍ကြီးမြတ်စုံလင်သောတဲတော်၌၊ နောက်မင်္ဂလာအကျိုးတို့၏ ယဇ်ပုရောဟိတ်မင်းဖြစ်သော ခရစ်တော်သည်၊ ၁၂ ငါတို့အဘို့ထာဝရရွေးနှုတ်ခြင်း ကျေးဇူးကိုခံရ၍ဆိတ်အသွေး၊ နွားကလေးအသွေးနှင့်မဟုတ်၊ မိမိအသွေးတော်နှင့် သန့်ရှင်းရေးဌာနထဲသို့ တခါတည်း ဝင်တော်မူ၏။**

၁။ ယခင်က ယဇ်ပုရောဟိတ်သည် လူသားဖြစ်သည်။

၂။ ယခင်က ယဇ်ကောင်သည် တိရိစ္ဆာန်ဖြစ်သည်။

၃။ ယခင်က တဲတော်သည် မြေကြီးပေါ်တွင်တည်ဆောက်ခဲ့သည်။

၄။ ယခင်က တဲတော်သည် လူ့လက်ဖြင့်တည်ဆောက်ခဲ့သည်။

၅။ ယခင်က အပြစ်လွှတ်ခြင်းသည် တစ်နှစ်ဖြစ်သည်။

၆။ ယခု ယဇ်ပုရောဟိတ်သည် ခရစ်တော်ဖြစ်သည်။

၇။ ယခု ယဇ်ကောင်သည် ခရစ်တော်ဖြစ်သည်။

၈။ ယခု တဲတော်သည် ကောင်းကင်နိုင်ငံတော်ဖြစ်သည်။

၉။ ယခု တဲတော်သည် ဘုရားတည်ဆောက်သည်။

၁၀။ ယခု အပြစ်လွှတ်ခြင်းသည် ထာဝရဖြစ်သည်။

**ကောလောသဲ၊ ၂း၁၆-၁၇ကိုယ်မူကားခရစ်တော်၏ကိုယ်ဖြစ်သည်။ တဲတော်၌အမှုအားလုံးသည် အရိပ်ဖြစ်၍၊ ခရစ်တော်က ပြည့်စုံစေပြီ။**

# တင်လျှုပူဇော်သောခရစ်တော်၏အသွေး

လောကတဲတော်၌ အညစ်အကြေးရှိ၍၊ မသန့်ရှင်းသော နွား၏အသွေး၊ ဆိတ်၏အသွေး၊ လူ၏အပြစ်ကိုဖြေပေးနိုင်လျှင်၊ အညစ်အကြေးနှင့်သော်ငင်း၊ အပြစ်နှင့်သော်ငင်း၊ ကင်းစင်သော ခရစ်တော်၏အသွေးတော်သည် ဘုရားသခင်ရှေ့တော်၌၊ ပူဇော်သော အားဖြင့် သေခြင်းနှင့် စပ်ဆိုင်သောအကျင့်ကို ပယ်ရှင်း၍၊အသက်ရှင်ခြင်းသို့ရောက်စေနိုင်သည်။ ခရစ်တော်သည် မိမိ၏အသွေးတော်ကို ကောင်းကင် တဲတော် ခမည်းတော်ရှေ့မှာ တင်လှူပူဇော်သောအားဖြင့် ဘုရားစိတ်နှလုံးထဲ၌ရှိသော လူသားများ၏အပြစ်များကို လွှတ်ပေးပြီးပြီဖြစ်သည်။ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ဖို့ရန်နှင့် ကိုယ်ကိုသိသော စိတ်ကို သာ၍စင်ကြယ်စေသောအသွေးတော်ဖြစ်သည်။ တိရစ္ဆာန်၏အသွေးထက်၊ ခရစ်တော်၏အသွေးသာ သာ၍စိတ်ချမှုကိုပေးနိုင်သည်။

**ဟေဗြဲ၊ ၉း၁၃-၁၄အကြောင်းမူကား၊ အညစ်အကြေးရှိသော သူတို့အပေါ်၌ ဖြန်းသောနွားအသွေး၊ ဆိတ်အသွေး၊ နွားမ ကလေး၏ပြာသည်၊ သူတို့ ကိုယ်ခန္ဓာ၌စင်ကြယ်ခြင်းကို ပြုနိုင်သည်မှန်လျှင်၊ ၁၄ ထိုမျှမက၊ အပြစ်**

**ကင်းသော ကိုယ်တော်ကို၊ ထာဝရဝိညာဉ်တော်အားဖြင့်၊ ဘုရားသခင့်ရှေ့၌ တင်လှူ ပူဇော်သော ခရစ်တော်၏ အသွေးသည်၊သေခြင်းနှင့် စပ်ဆိုင်သောအကျင့်ကို ပယ်ရှင်း၍၊ သင်တို့သည် အသက်ရှင်တော်မူသော ဘုရားသခင်ကို ဝတ်ပြုမည်အကြောင်း၊ သင်တို့၌ ကိုယ်ကိုကိုယ်သိသော စိတ်ကို စင်ကြယ်စေခြင်းငှါ၊ သာ၍တတ်နိုင်တော်မူသည်မဟုတ်လော။**

သင်ခန်းစာ ( ၈ ) မေးခွန်းများ

၁။ ယခင်က ယဇ်ပုရောဟိတ်သည် မည်သူနည်း။ - - - - - - - -

၂။ ယခင်က ယဇ်ကောင်သည် မည်သည့်အကောင်နည်း။ - - - - -

၃။ ယခင်က တဲတော်သည် ဘယ်မှာနည်း။ - - - - - - - - - -

၄။ ယခင်က တဲတော်သည် မည်သူဆောက်သနည်း။ - - - - - - —

၅။ ယခင်က အပြစ်လွတ်ခြင်းသည် ဘယ်နှနှစ်နည်း။ - - - - - - - —

၆။ ယခုယဇ်ပုရောဟိတ်သည် မည်သူနည်း။ - - - - - - - - - -

၇။ ယခုယဇ်ကောင်သည် မည်သူနည်း။ - - - - - - - - -

၈။ ယခုတဲတော်သည် ဘယ်မှာနည်း။ - - - - - - - - -

၉။ ယခုတဲတော်သည် မည်သူတည်ဆောက်သနည်း။ - - - - - - - -

၁၀။ ယခုအပြစ်လွတ်ခြင်းသည် - - - - - - - - - - ဖြစ်သည်။

# ပဋိညာဉ်တရားသစ်၏အာမခံချက်

ပဋိညာဉ်နှစ်မျိုးရှိသည်။ ပဋိညာဉ်တရားဟောင်းနှင့် ပဋိညာဉ်တရားသစ်တို့ဖြစ်သည်။ ပဋိညာဉ်တရားဟောင်းသည် လောက၌ရှိသော တဲတော်၌ တိရစ္ဆာန်အားဖြင့် အပြစ်ဖြေရာယဇ်များကို ပူဇော်ခြင်းကို ဆိုလိုသည်။ ပဋိညာဉ်တရားဟောင်း၌၊ တဲတော်သည် လောက၌ရှိသည်၊ ယဇ်ပုရောဟိတ်သည် အာရုန်အမျိုး လူသားဖြစ်သည်။ ယဇ်ကောင်သည် တိရစ္ဆာန်ဖြစ်သည်။ ယဇ်ကောင်၏အသွေးသည် တိရစ္ဆာန်၏အသွေးဖြစ်သည်။အပြစ်လွှတ်ခြင်းသည် တစ်နှစ်သာဖြစ်သည်။ ထိုအရာအားလုံးသည် ပဋိညာဉ်တရားဟောင်းဟုသိရသည်။ပဋိညာဉ်တရားသစ်သည် ခရစ်တော်လုပ်ဆောင်ပေးသောအရာများဖြစ်သည်။ တဲတော်သည် ကောင်းကင်၌ဖြစ်သည်။ ယဇ်ပုရောဟိတ်သည် ခရစ်တော်ကိုယ်တိုင်ဖြစ်သည်။ ယဇ်ကောင်သည်လည်း ခရစ်တော်ဖြစ်သည်။ ယဇ်ကောင်း၏အသွေးသည်လည်း ခရစ်တော်၏အသွေးတော်ဖြစ်သည်။ အပြစ်လွှတ်ခြင်းသည်လည်း ထာဝရဖြစ်သည်။ ထို့ကြောင့် ခရစ်တော်သည် ကျွန်ုပ်တို့၏ ပဋိညာဉ်တရားသစ်၏အာမခံချက်ဖြစ်သည်။

**ဟေဗြဲ၊ ၉း၁၅-၁၈ထိုကြောင့် ပဌမပဋိညာဉ်တရားလက်ထက်၌ ပြစ်မှားသောအပြစ်ကိုလည်းလွှတ်စေခြင်းငှါ၊ ခရစ်တော်သည် အသေခံတော်မူသည်ဖြစ်၍၊ ခေါ်တော်မူသော သူတို့သည် ဂတိတော်နှင့်ယှဉ်သော ထာဝရအမွေကို ခံရမည်အကြောင်း၊ ထိုသခင်သည် ပဋိညာဉ်တရားသစ်၏ အာမခံဖြစ်တော်မူ၏။ ၁၆ အမွေခံစေခြင်းငှါ အခွင့်ပေး၍စာချုပ်သည် အမှုမှာလည်း**

**စာချုပ်တည်လျှင် စာချုပ်သောသူသည် ကေန်သေရမည်မှန်ပြီ ၁၇အကယ်၍မ သေလျှင်၊ထိုစာချုပ်သည်မတည်၊ သေမှသာတည်၏။ ၁၈ ထို့ကြောင့်ပဌမ ပဋိညာဉ်တရားကို စီရင်သောအခါ၊ အသွေးနှင့် ကင်း၍မစီရင်။**

# ပဋိညာဉ်တရားသစ်နှင့်ဆိုင်သောအသွေး

ပဋိညာဉ်တရားဟောင်းနှင့်ဆိုင်သော အသွေးသည် တိရစ္ဆာန်၏အသွေး ဖြစ်သည်။ တိရစ္ဆာန်၏အသွေးကို ဘုရားသခင် အားမရမနှစ်သက်တော့ချေ။ ခရစ်တော်၏အသွေးမူကား ပဋိညာဉ်တရားသစ်နှင့်ဆိုင်၍ လူများတို့၏အပြစ် ကိုလွှတ်စေခြင်းငှါ သွန်းသော အသွေးဖြစ်သည်။ နွားအသွေး၊ ဆိတ်အသွေး သည် လူ၏အပြစ်ကိုမလွှတ်နိုင်ချေ။ ခရစ်တော်၏အသွေးတော်မြတ်သည် လူ တို့၏အပြစ်များကိုလွှတ်နိုင်သည်။ သင်ယုံကြည်လက်ခံပါသလား။ ထို့ကြောင့် ခရစ်တော်ကို သတိရအောက်မေ့ဖို့ရန် ပွဲတော်ကိုစားခိုင်းခြင်းဖြစ်သည်။

**မဿဲ၊၂၆း၂၆-၂၈ ထိုအခါ စားလျက်နေကြစဉ်တွင်၊ ယေရှုသည် မုန့်ကိုယူ၍ ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍၊ဤမုန့်ကား ငါ၏ကိုယ် ဖြစ်၏။ယူ၍စားကြလော့ဟု မိန့်တော်မူလျက်၊ တပည့်တော်တို့အား ပေး တော်မူ၏။ ၂၇ ခွက်ကိုလည်း ယူ၍ ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ သူတို့ အားပေးတော်မူ၍ သင်တို့ရှိသမျှသည် သောက် ကြလော့။ ၂၈ဤခွက်ကား ပဋိညာဉ်တရားသစ်နှင့်ဆိုင်၍ လူများတို့၏အပြစ်ကိုလွှတ်စေခြင်းငှါ သွန်း သော ငါ၏ အသွေးဖြစ်၏။**

## သင်ခန်းစာ ( ၉ ) မေးခွန်းများ

၁။ ပဋိညာဉ် ဘယ်နှစ်မျိုးရှိသနည်း။ - - - - - - - -

၂။ ပဋိညာဉ်တရားဟောင်းသည် - - - - - - - - အားဖြင့်ဖြစ်သည်။

၃။ ပဋိညာဉ်တရားသစ်သည် - - - - - - - အားဖြင့်ဖြစ်သည်။

၄။ ခရစ်တော်သည် ပဋိတရားသစ်၏ - - - - - - - ခံဖြစ်သည်။

၅။ ခရစ်တော်၏အသွေးသည်လူများတို့၏အ - - - - —ကိုလွှတ်ပေး
သော ပဋိညာဉ်တရားသစ်နှင့်ဆိုင်သောအ - - - — -ဖြစ်သည်။

# အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်းမရှိ

ပဋိညာဥ်တရားဟောင်း၌ အသွေးမပါဘဲ အပြစ်လွှတ်ခြင်းမရနိုင်ချေ။ ထို့ကြောင့် တိရစ္ဆာန်၏အသွေးအားဖြင့်၊ လူ၏အပြစ်များကိုလည်းလွှတ်သဖြင့်၊ တဲတော်အထဲ၌ရှိသမျှသော တန်ဆာများကို လည်းအသွေးနှင့်ဖြန်းရသည် ဘုရားသခင်သည်လည်း ဝန်ခံခဲ့သည်။ ပဋိညာဥ်တရားဟောင်းနှင့်ဆိုင်သော အသွေးဖြစ်သည်။ ကောင်းကင် ဘုံ၌ရှိသော တဲတော်၌၊ ခရစ်တော်သည် မိမိကိုယ်ကို ပူဇော်၍၊ ပြည့်စုံစေမည့်အကြောင်းသည် ပုံပမာအရိပ်ဖြစ်၍၊ ခရစ်တော်၏ ကိုယ်ကို ပူဇော်သောအားဖြင့်ပြည့်စုံစေပြီ။ ခရစ်တော်၏အသွေးတော်သည် အကျွန်ုပ်တို့ကို သာ၍စင်ကြယ်စေပြီ။ သင်လက်ခံပါသလား။

**ဟေဗြဲ၊ ၉း၁၉-၂၃တရားတော်၌ ပါသမျှသော ပညတ်တို့ကို မောရှေသည် လူအပေါင်းတို့အား ဟောပြောပြီးမှ၊ ရေနှင့်ရောနှောသောနွား၊ ဆိတ်၏အသွေးကိုယူ၍၊ အနီဆိုးသောသိုးမွေးတပ်သောဟုဿုပ်ပင်ညွန့်နှင့်၊ ကျမ်းစာကိုငင်းလူအပေါင်းတို့ကိုငင်း ဖြန်းလျက်၊ ၂၀ ဤအသွေးကား၊ သင်၌ဘုရားသခင် ဝန်ခံတော်မူသော ပဋိညာဉ်၏ အသွေးဖြစ်သည်ဟု ပြောဆို၏။ ၂၁ တဲတော်နှင့်ဝတ်ပြုသော တန်ဆာများကိုလည်းထိုနည်းတူသွေးနှင့်ဖြန်းရ၏။ ၂၂ ပညတ်တရားအတိုင်းခပ်သိမ်းသောအရာတို့ကို ကုန်မတတ် အသွေးအားဖြင့်စင်ကြယ်စေတတ်၏။ အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်းမရှိ ။ ၂၃ ထို့ကြောင့်ကောင်းကင်ဘုံ၌ရှိသောအရာ တို့၌ ပုံများကို ထိုသို့သော ယဇ်ပူဇော်ခြင်းအားဖြင့် စင်ကြယ်စေ ရသည်ဖြစ်၍၊**

**ကောင်းကင် အရာတို့ကိုသာ၍မြတ်သော ယဇ်ပူဇော်ခြင်းအားဖြင့် စင်ကြယ်စေရ၏။**

## ကောင်းကင်ကိုယ်ထဲသို့ ဝင်တော်မူခြင်း

ခရစ်တော်သည် ကိုယ်ကိုပူဇော်ပြီးမှ လူတို့လက်ဖြင့်လုပ်သော လောကတဲတော် သန့်ရှင်းရာဌာန ထဲသို့ မဝင်ဘဲ၊ ဘုရားသခင်ရှေ့တော်၌ ကိုယ်ကိုပြဖို့ရန် ကောင်းကင်ကိုယ်တည်းဟူသော တဲတော်စစ်၌တစ်ခါတည်းဝင်တော်မူသည်။ လောက၌ရှိသော ယဇ်ပုရောဟိတ်မင်းသည် လောက၌ရှိသော တဲတော် သန့်ရှင်းရာဌာနထဲသို့ သူတပါးတို့၏အပြစ်ကိုဖြေဖို့ရန် ယဇ်ကောင်၏အသွေးနှင့် နှစ်တိုင်း အစဉ်ဝင်ရသကဲ့သို့မဟုတ်ဘဲ၊ ခရစ်တော်သည် အကြိမ်ဖန်များစွာဝင်စရာမလိုဘဲ၊ ကိုယ်ကိုတစ်ခါတည်းပူဇော်သောအားဖြင့် ပြီးစေသည်။ လူသည်တစ်ခါသည်းသေ၍၊ နောက်မှတရားစီရင်ခြင်းကိုခံရကြမည်ဖြစ်သည်။ သို့သော်လည်း ခရစ်တော်သည် ကိုယ်ကိုကိုယ်တစ်ခါသည်း ပူဇော်ခြင်းကို ယုံကြည်လက်ခံသောသူများသည် နောက်ဆုံးပလ္လင်ဖြူတရားစီရင်ခြင်း၌ အပြစ်နှင့်မဆိုင်ဘဲ၊ ပေါ်ရကြမည်ဖြစ်သည်။

**ဟေဗြဲ၊ ၉း၂၄-၂၈ ထိုသို့နှင့်အညီ၊ မှန်သောသန့်ရှင်းရာဌာနတို့၏ ပုံဖြစ်သော၊ လူတို့လက်ဖြင့် လုပ်သော သန့်ရှင်းဌာန ထဲသို့ ခရစ်တော်သည်မဝင်ဘဲ ငါတို့ အတွက်ကြောင့်ယခုဘုရားသခင်၏ရှေ့တော်၌ကိုယ်ကိုပြခြင်းငှါ၊ ကောင်းကင်ကိုယ်ထဲသို့ ဝင်တော်မူပြီ၊ ၂၅သို့သော်လည်း၊ ယဇ်ပုရောဟိတ်မင်းသည် သန့်ရှင်းရာဌာနထဲသို့ သူတပါးအသွေးနှင့် နှစ်တိုင်း အစဉ်ဝင်ရသကဲ့သို့ ခရစ်တော်သည် အဖန်များစွာ ကိုယ်ကို ပူဇော်ရသည်မဟုတ်။ ၂၆ ထိုသို့ပူဇော်**

**ရသည် မှန်လျှင်၊ ကမ္ဘာဦးမှစ၍ အဖန်များစွာ အသေခံတော်မူရ၏။ ယခု မူကား၊ ဤကပ် ကာလအဆုံး၌ တခါတည်းကိုယ်ကိုပူဇော်သောအားဖြင့် အပြစ်များကို သုတ်သင်ပယ်ရှင်းခြင်းငှါ ပေါ်ထွန်းတော်မူ၏။ ၂၇ လူသည် တခါတည်းသေ၍ ထိုနောက်မှ တရား စီရင်တော်မူ ခြင်းကိုခံရသကဲ့သို့**

**၂၈ ထိုနည်းတူ၊ ခရစ်တော်သည် လူများအပြစ်တို့ကို ခံခြင်းငှါ တခါတည်းကိုယ်ကိုပူဇော်ပြီးမှ၊ နောက်တဖန် ထိုသခင်ကို မြော်လင့်လျက် နေသောသူတို့ကို ကယ်တင်ခြင်းအလိုငှါ၊အပြစ်နှင့်မဆိုင်ဘဲ ပေါ်ထွန်းတော်မူလတံ့။**

## သင်ခန်းစာ ( ၁၀ ) မေးခွန်းများ

၁။ အသွေးသွန်းလောင်းခြင်းမရှိဘဲ အပြစ်လွတ်နိုင်သလော့။ - - - -

၂။ ပဋိညာဉ်တရားဟောင်း၌ ဣသရေလလူများတို့၏အပြစ်ကိုယ်စား မည်သည့်အကောင်အသွေးသွန်းရသနည်း။ - - - - - -

၃။ ပဋိညာဉ်တရားဟောင်း၌မည့်သည့်အသွေးအားဖြင့် အဖြေရသနည်း။ - - - - - - - - -

၄။ ပဋိညာဉ်တရားဟောင်းသည် မည်သည့်အရာကိုဖော်လိုသနည်း။ - - - - - - - - - - -

၅။ ပဋိညာဉ်တရားဟောင်းသည် မည်သူ့အားဖြင့်ပြည့်စုံစေသနည်း။ - - - - - - - -

သင်ခန်းစာ ( ၁၁ )

# ခရစ်တော်၏အသွေးတော်အားဖြင့်

ဣသရေလလူမျိုးများတို့သည် အာဗြဟံ၊ ဣဇာက်၊ ယာကုပ် တို့မှ ဆင်းသက်လာသောသူများဖြစ်ကြသည်။ ဘုရားသခင်၏ ရွေးချယ်ခြင်းကိုခံသော လူမျိုးများဖြစ်ကြသည်။ တပါးအမျိုးသားများသည် ဣသရေလ အပေါင်းအသင်း၌မဝင်သောသူ၊ ဂတိတော်ပါသော ပဋိညာဉ် တရားတို့နှင့်မဆိုင်သောသူ၊ မျှော်လင့်ခြင်းမရှိသောသူ၊ လောက၌ ဘုရားမဲ့တရားမဲ့၊ နေသောသူများဖြစ်ကြသည်။ သို့သော်လည်း ခရစ်တော်သည် မိမိကိုယ်ကိုပူဇော်၍၊ သွန်းလောင်းသော သူ့ အသွေးတော်အားဖြင့် အထက်ကဝေးလျက်ရှိသော အကျွန်ုပ်တို့ကိုနီးစေပြီ။ ဘုရားသခင်သည် ဣသရေလလူမျိုးများတို့အတွက် ထားပေးသော ကတိတော်ပါသော ပဋိညာဉ်တရားတို့နှင့်ဆိုင်သော အရာရှိသမျှတို့ကို တပါးအမျိုးသားများလည်းရရှိစေပြီဖြစ်သည်။

**ဧ၊ ၂း၁၂ ထိုအခါ သင်တို့သည် ခရစ်တော်ကိုမသိ၊ ဣသရေလ အပေါင်း၌ မဝင်၊ဂတိတော်ပါသော ပဋိညာဉ် တရားတို့နှင့်မဆိုင်၊ မျှော်လင့်ခြင်းမရှိ၊လောက၌ ဘုရားမဲ့နေကြသည်ကိုငင်း၊အောက်မေ့ကြလော့။ ၁၃သင်တို့သည် အထက်ကဝေးလျက်ရှိသော်လည်း၊ ယခုမှာယေရှုခရစ်၌ဖြစ်၍ အသွေးတော်အားဖြင့် အနီးသို့ ရောက်ကြပြီ။**

# ရန်ငြိမ်းခြင်း

ကြေးဝါယဇ်ပလ္လင်ကြီးတည်းဟူသော လက်ဝါးကပ်ပေါ်မှာ နွား၊ ဆိတ် ယဇ်ကောင်ကဲ့သို့ မိမိ၏ကိုယ်ကိုကိုယ် ပူဇော်သောအားဖြင့် ရန်ကိုငြိမ်းစေခဲ့ပြီ။ ဣသရေလလူမျိုးဟူ၍ရင်း၊ တပါးအမျိုးသားလူမျိုးဟူ၍ရင်း၊ ခြားနားစေသော အုတ်တံတိုင်းနံရံ တည်းဟူသောလူမျိုးရေးကို လက်ဝါးကပ်တိုင်ပေါ်မှာ ဖြိုဖျက်၍၊ လူမျိုး နှစ်စုတို့ကို တစုတည်းဖြစ်စေတော်မူပြီ။ ရန်ကိုလည်းငြိမ်းစေပြီးပြီ။ လူနှစ်စုတို့ကို လူသစ်တဦး တကိုယ်တည်းဖြစ်စေ၍၊ တလုံးတဝ တည်း ဖြစ်စေပြီ။ ထို့ကြောင့် ခရစ်တော်၌ လူမျိုးရေးမရှိတော့ချေ။ ဣသရေလလူမျိုး များနှင့်သော်ရင်း၊ တပါးအမျိုးသားများနှင့်သော်ရင်း၊ တပါးအမျိုးသားများ အချင်းချင်းသော်ရင်း၊ ခရစ်တော်လက်ဝါးကပ်တိုင်ပေါ်မှာ ကိုယ်ကိုပူဇော်ခြင်း အားဖြင့်၊ ရန်ကိုငြိမ်းစေ၍၊ ဘုရားသခင်နှင့် မိဿဟာယဖွဲ့ရသော အခွင့်ကို လည်း ပေးပြီဖြစ်သည်။

**ဧ၊ ၂း၁၄-၁၆အဘယ်သို့နည်းဟူမူကား၊ ထိုသခင်သည် ငါတို့ ရန်ငြိမ်း ခြင်းအကြောင်း ဖြစ်တော်မူ၏။ ၁၅ဝိနည်းအထုံးအဖွဲ့နှင့်စပ်ဆိုင်သော ပညတ် တရားတည်းဟူသော ရန်ငြိုးဖွဲ့ခြင်း၏အကြောင်းကို ကိုယ် ခန္ဓာတော်တွင် ပယ်ရှင်းတော်မူသဖြင့်၊ ပိုင်းခြားလျက်ရှိသောစပ်ကြားအုတ်တန်တိုင်း နံရံကို ဖြိုဖျက်၍ လူမျိုး နှစ်စုတို့ကို တစုတည်းဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ရန်ကို ငြိမ်းစေပြီးလျှင်၊ ၁၆ ကိုယ်တော် ၌ထိုလူနှစ်စုတို့ကို လူသစ်တဦးတကိုယ်တည်းဖြစ်စေခြင်းငှါ ပြင်ဆင်၍၊ တလုံးတဝ တည်း ဖြစ်ပြီးသော ထိုလူနှစ်စုတို့ကို၊ လက်ဝါးကပ်တိုင်တော်အားဖြင့် ရန်ကို သတ်ဖြတ်လျက်၊ ဘုရားသခင်နှင့်မိဿဟာယဖွဲ့စေမည်အကြောင်းတည်း။**

# တိုက်ထောင့်အမြစ်ကျောက်ကားခရစ်တော်ဖြစ်ခြင်း

ခရစ်တော်သည် လက်ဝါးကပ်တိုင်တော်ပေါ်မှာ ကိုယ်ကိုပူဇော်သောအားဖြင့်၊ ရန်ကိုငြိမ်းစေ၍၊ ဝေးလျက်ရှိသော တပါးအမျိုးသားများနှင့်၊ နီးလျက်ရှိသောဣသရေလလူများတို့ကို၊ ရန်ငြိမ်းခြင်းတရားတည်း ဟူသော ဧဝံဂေလိတရားကို ဟောတော်မူပြီ၊ တမန်တော်တို့မှစ၍ ပရောဖက်များနှင့်အတူ တိုက်မြစ်တည်းဟူသော ခရစ်တော်အပေါ်၌ အကျွန်ုပ်တို့ကို ထပ်ဆင့်၍ တည်ဆောက်လျှက်ရှိကြသည်။ ခရစ်တော်အားဖြင့် သန့်ရှင်းသောလူမျိုးများဖြစ်ကြသည်။ ဘုရားသခင်၏အိမ်တော်သားများဖြစ်ကြသည်၊၊ ဝိညာဉ်တော်၏ဗိမာန်တော်လည်းဖြစ်ကြသည်။

**ဧ၊ ၂း၁၇-၂၂ထိုခရစ်တော်သည်လည်းကြွလာ၍၊ ဝေးလျက်ရှိသော သင်တို့အားငှင်း၊ နီးလျက်ရှိသောငါတို့အားငှင်း၊ ရန်ငြိမ်းခြင်းတရားတည်း ဟူသော ဧဝံဂေလိတရားကို ဟောတော်မူ၏။ ၁၈ ထိုသို့ ခရစ်တော်အားဖြင့် ငါတို့နှစ်ဦးသည် စိတ်ဝိညာဉ်တလုံးတဝတည်း ဖြစ်၍၊ ခမည်းတော်ထံသို့ တိုးဝင်ရမည်အခွင့်ကို ရကြပြီ။ ၁၉ ထိုကြောင့်၊ သင်တို့သည် တကျွန်းတနိုင်ငံသားမဟုတ်၊ဧည့်သည်လည်းမဟုတ်၊ သန့်ရှင်းသူတို့၏အမျိုးသားခြင်း ဖြစ်ကြ၏။ ဘုရားသခင်အိမ်တော်သားလည်း ဖြစ်ကြ၏။။ ၂၀ အဘယ်သို့နည်းဟူမူကား၊ တမန်တော်တို့မှစ၍ ပရောဖက်များတည်းဟူသော တိုက်မြစ်အပေါ်၌ သင်တို့သည် ထပ်ဆင့်၍ တည်ဆောက်လျက်ရှိကြ၏။ ၂၁ ထိုတိုက်ထောင့်အမြစ်ကျောက်ကား၊ ယေရှုခရစ်ဖြစ်သတည်း။ ထိုကျောက်နှင့်တတိုက်လုံးသည် စေ့စပ်၍ ကြီးပွားသဖြင့်၊ သခင်ဘုရားအဘို့အလိုငှါ သန့်ရှင်းသော ဗိမာန်တော်ဖြစ်၏။ ၂၂ ထိုဗိမာန်တော်၌လည်း၊ ဘုရားသခင်သည် ဝိညာဉ်တော်အား**

**ဖြင့် ကျိန်းဝပ်တော်မူခြင်းအလိုငှါ၊ သင်တို့သည် ငါတို့နှင့်အတူ တည်ဆောက်လျက်ရှိကြ၏။**

## ကောင်းကင်ပေါ်မြေကြီးပေါ်ရန်ငြိမ်းခြင်း

ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်မှာ ယဇ်ကောင်ကဲ့သို့ မိမိကိုယ်ကိုပူဇော်၍၊ သွန်းလောင်းသော သူ့၏အသွေးတော်သည် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာ ရှိရှိသမျှသော ရန်ကိုငြိမ်းစေပြီ။

**ကောလောသဲ၊ ၁း၂၀လက်ဝါးကပ်တိုင်မှာသွန်းသောအသွေးတော်အားဖြင့် ရန်ကိုငြိမ်းစေ၍၊ကောင်းကင်အရာဖြစ်စေ၊ မြေကြီးအရာဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို သားတော်အားဖြင့် ဘုရားသခင်နှင့် မိဿဟာယဖွဲ့စေခြင်းငှါဂရင်းအလိုရှိတော်မူ၏။**

## ဘေးဒဏ်ကြီး၌အဘိုးအခပေးခြင်း

အကျွန်ုပ်တို့၏ယဇ်ကောင်သည် ခရစ်တော်ဖြစ်သည်၊ သို့သော်လည်း ခရစ်တော်ကိုမယုံကြည် လက်မခံ စိတ်နှလုံးခိုင်မာ၍၊ ချီဆောင်ခြင်း၌မပါဘဲ၊ ကျန်ခဲ့၍ဘေးဒဏ်ကြီးထဲသို့ ရောက်သွားသောသူ လူအချို့တို့သည် အန္တိခရစ်၏ရုပ်တုကိုမကိုးကွယ်၊ သူ၏ တံဆိပ်လက်မှတ်ကို နဖူး၌မခံ၊ လက်၌မခံဘဲနေ၍ ယေရှု၏ သက်သေခံတော်မူချက်နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကြောင့်၊ လည်ပင်းဖြတ်ခြင်းကို ခံရသော သူတို့၏ ဝိညာဉ်များကို ငါမြင်သည် ဟု ယောဟန်ကဆိုသည်။ အသေသတ်ခြင်းကိုခံရသောသူတို့၏ ဝိညာဉ်များကို

ယဇ်ပလ္လင်အောက်၌ ငါမြင်ဟုဆိုသည်။ ယခုအချိန်၌ ခရစ်တော်ကို လက်မခံသော်လည်း ဘေးဒဏ်ကြီး၌မိမိ ကယ်တင်ပိုင်ရှင်အဖြစ်လက်ခံ၍၊ ယဇ်ကောင်ကဲ့သို့ ကိုယ်ကိုကိုယ်ပူဇော်၍ အသေသတ်ခြင်းကိုခံသောသူများရှိကြသည်။ ယခုအချိန်၌ အဖိုးကိုပေးစရာမလိုဘဲ၊ ယုံကြည်ခြင်းအားဖြင့်ကယ်တင်ခြင်းသို့ ရောက်ကြသည်။ ဘေးဒဏ်ကြီး၌ ခရစ်တော်ကို မိမိကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လက်ခံပြီးမှ အဖိုးအခကိုပေး၍၊ ကယ်တင်ခြင်းရောက်သို့မည်ဖြစ်သည်။ သင်သည် ယခုယုံကြည်လက်ခံပါသလား။

**ဗျာ၊ ၆း၉ပဥ္စမတံဆိပ်ကိုဖွင့်သောအခါ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကြောင့်၎င်း၊ မိမိတို့ သက်သေခံ ချက်ကြောင့်၎င်း၊ အသေသတ်ခြင်းကိုခံရသောသူတို့၏ ဝိညာဉ်များကို ယဇ်ပလ္လင်အောက်၌ ငါမြင်၏။**

**ဗျာ၊ ၂၀း၄ ပလ္လင်များကိုလည်း ငါမြင်၏။ ပလ္လင်ပေါ်မှာ ထိုင်သော သူတို့သည် တရားစီရင်ရသော အခွင့်ကို ရကြ၏။ သားရဲနှင့် သူ၏ရုပ်တုကို မကိုးကွယ်၊ သူ၏ တံဆိပ်လက်မှတ်ကို နဖူး၌မခံ၊ လက်၌မခံဘဲနေ၍ ယေရှု၏ သက်သေခံတော်မူချက်နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကြောင့်၊ လည်ပင်းဖြတ်ခြင်းကို ခံရသော သူတို့၏ ဝိညာဉ်များကို ငါမြင်၏။ သူတို့သည် အသက် ရှင်၍ အနှစ်တထောင်ပတ်လုံး ခရစ်တော်နှင့်အတူ စိုးစံရကြ၏။( ဗျာ၊ ၂၀း၄-၉ )။**

## သင်ခန်းစာ ( ၁၁ ) မေးခွန်းများ

၁။ ဣသရေလလူမျိုးများနှင့် တပါးအမျိုးသားများကိုကာသောအရာသည် မည်သည့်အရာနည်း။ - - - - - -

၂။ အုတ်တတိုင်းနံ့ရံသည် မည်သည့်အရာကိုဆိုလိုသနည်း။ - - - - -

၃။ အုတ်တတိုင်းနံ့ရံကို မည်သူက ဖြိုဖျက်ပြီးသနည်း။ - - - - - - -

၄။ ခရစ်တော်ကိုယ်ကိုပူဇော်ခြင်းအားဖြင့် မည်သည့်အရာငြိမ်းစေသနည်း။ - - -

၅။ ခရစ်တော်အသေခံခြင်းအားဖြင့် လူမျိုးနှစ်မျိုးအား မည်သည့်အရာဖြစ်စေသနည်း။ - - - - - - - -

၆။ တမန်တော်များ၊ ပရောဖတ်များနှင့် ယုံကြည်သူများကို မည်သည့်အပေါ်၌ တည်ဆောက်သနည်း။ - - - - - - -

၇။ ခရစ်တော်၏အသွေးတော်အားဖြင့် ကောင်းကင်ပေါ်၊ မြေကြီးပေါ်၊ မည်သည့်အရာငြိမ်းစေသနည်း။ - - - - - - - - -

၈။ ခရစ်တော်၏ကိုယ်ကိုပူဇော်ခြင်းကို ယခုအချိန်၌လက်မခံဘဲ၊ဘေးဒဏ်ကြီးကာလ၌ မည်သည့်အဘိုးအခကိုပေးရမည်သည်း။ - - - - -

# ကြေးဝါအင်တုံ



ကြေးဝါအင်တုံထဲ၌၊ ရေကိုထည့်ထားကြသည်။ ယဇ်ပုရောဟိတ်များ တဲတော်ထဲ၌၊ ထာဝရဘုရား၏အမှုတော်မြတ်ကို ဆောင်သောအခါ၊ သူတို့၏ခြေလက်များကို သန့်ရှင်းအောင် ဆေးကြောဖို့ရန်ဖြစ်သည်။ တဲတော်ထဲ၌၊ အမှုဆောင်သောအခါ၊ သန့်ရှင်းခြင်းမရှိလျှင်၊ ယဇ်ပုရောဟိတ်သည် သေသွားမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် သန့်ရှင်းသော

ဘုရားဖြစ်သောကြောင့်ဖြစ်သည်။ ဘုရား၏အမှုတော်ကိုဆောင်သောသူများနှင့်၊ ယုံကြည်သူများသည်လည်း သန့်ရှင်းသော အသက်တာရှိဖို့လိုသည်။

**ထွက်၊ ၃၀း၁၇-၂၁ တဖန် ထာဝရဘုရားသည်၊ မောရှေအား မိန့်တော်မူသည်ကား၊ ၁၈ အာရုန်နှင့်သူ၏သားတို့ လက်ခြေဆေးစရာဘို့ကြေးဝါ ခြေထောက်ပါသော ကြေးဝါအင်တုံကို လုပ်၍၊ ပရိသတ်စည်းဝေးရာ တဲတော်နှင့် ယဇ်ပလ္လင်စပ်ကြား၌ ထားရမည်။ ၁၉သူတို့သည် ပရိသတ်စည်းဝေးရာ တဲတော်သို့ ဝင်သော်၎င်း။ ၂၀ အမှုတော်ကို ထမ်း၍ ထာဝရဘုရားအား မီးရှို့သော ယဇ်ကို ပူဇော်ခြင်းငှာ၊ ယဇ်ပလ္လင်အနားသို့ ချဉ်းကပ်သော်၎င်း၊ ၂၁ သေဘေးနှင့် ကင်းလွတ်မည်အကြောင်း၊ မိမိတို့လက်ခြေကို ဆေးရမည်။ ထိုသို့သူတို့နှင့် သူတို့အမျိုး အနွယ်အစဉ်အဆက်တို့သည် စောင့်ရသော ပညတ်တော်ဖြစ်သတည်းဟု မိန့်တော်မူ၏။**

# သန့်ရှင်းသောဘုရား

ဘုရားသခင်၏ပလ္လင်တော်၏ရှေ့တော်၌ရှိကြသော မျက်စိနှင့် တကိုယ်လုံးပြည့်သော သတ္တဝါလေးပါးရှိသည်။ သူတို့သည် အတောင်ခြောက်ခုစီရှိကြသည်။ သူတို့က၊ အနန္တတန်ခိုး နှင့်ပြည့်စုံ၍၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလ အစဉ် ရှိတော်မူသော ထာဝရအရှင်ဘုရားသခင်သည် သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်၏ ဟုနေ့ညဥ့်မပြတ် ငြိမ်၍မနေဘဲ၊ချီးမွမ်းကြကြောင်းသိရသည်။ ထိုသတ္တဝါလေးပါးတို့၏ချီးမွမ်းသံကို ကြားသော၊ အသက်ကြီးသူနှစ်ဆယ်လေးပါးတို့သည်လည်း၊ မိမိတို့၏သရဖူများကို ချထား၍၊ ဘုရားသခင်ရှေ့တော်၌၊ ပြပ်ဝပ်လျက်ရှိကြကြောင်းသိရသည်။ ထို့ကြောင့် ဘုရားသခင်၏ဘုန်း

တော်သည် သန့်ရှင်းခြင်းဖြစ်သည်။ ယုံကြည်သူများလည်း မိမိအသက်တာ၌သန့်ရှင်းခြင်းရှိဖို့လိုအပ်သည်။

**ဗျာ၊ ၄း၆-၁၁ ပလ္လင်တော်ရှေ့၌လည်း၊ ကျောက်သလင်းနှင့် တူသော ဖန်ရေကန်ရှိ၏။ ပလ္လင်တော်၏အတွင်း၌၎င်း၊ ပတ်ဝန်းကျင်၌၎င်း၊ မျက်စိနှင့် တကိုယ်လုံးပြည့်သော သတ္တဝါလေးပါးရှိ၏။ ၇ ပဌမသတ္တဝါသည် ခြင်္သေ့နှင့်တူ၏။ ဒုတိယ သတ္တဝါသည် နွား သငယ်နှင့်တူ၏။ တတိယသတ္တဝါသည် လူမျက်နှာရှိ၏။ စတုတ္ထသတ္တဝါ သည်ပျံလျက်ရှိသောရွှေလင်းတနှင့်တူ၏။ ၈ထိုသတ္တဝါလေးပါးတို့၏ ကိုယ်ပတ်ဝန်းကျင်၌၊ တပါးတပါးလျှင်အတောင်ခြောက်ခုစီရှိ၍၊ အတွင်း၌ မျက်စိနှင့်ပြည့်ကြ၏။ သူတို့ကလည်း၊ အနန္တတန်ခိုး နှင့်ပြည့်စုံ၍၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလ အစဉ် ရှိတော်မူသောထာဝရအရှင်ဘုရားသခင်သည် သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏ဟု နေ့ညဉ့်မပြတ် ငြိမ်၍ မနေဘဲ ပြောဆိုကြ၏။ ၉ ပလ္လင်တော်ပေါ်မှာ ထိုင်၍ ကမ္ဘာအဆက်ဆက် အသက်ရှင်တော်မူသောသူ၏ ဘုန်းအသရေ၊ ဂုဏ်ကျေးဇူးတော်ကို ထိုသတ္တဝါတို့ သည်ချီးမွမ်းကြသောအခါ၊ ၁၀ အသက်ကြီးသူနှစ်ဆယ်လေးပါးတို့သည် ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသောသူရှေ့၌ ပြပ်ဝပ်လျက် ၊ ကမ္ဘာအဆက်ဆက် အသက်ရှင် တော်မူသော သူကို ကိုးကွယ်လျက် ၊ ၁၁ အိုထာဝရဘုရား၊ ကိုယ်တော်သည်ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းတော်မူပြီ။ ထိုအရာတို့သည် အလိုတော်ကြောင့်ဖြစ်၍ ဖန်ဆင်းလျက်ရှိကြပါ၏။ ထိုကြောင့် ၊ ကိုယ်တော်သည်ဘုန်းအသရေ တန်ခိုးတော် ကို ခံစားထိုက်တော်မူ၏ဟုလျှောက်ဆို၍၊ပလ္လင်တော် ရှေ့၌ မိမိတို့သရဖူများကိုချထားကြ၏။**

## သင်တို့သည်လည်းသန့်ရှင်းခြင်းရှိကြလော့

ယုံကြည်သူများသည် လူဟောင်းအကျင့်တည်းဟူသော၊ မှောင်မိုက်အကျင့်များကို စွန့်ပစ်၍၊ ဘုရားစကားကို နာထောင်တတ်သော သူငယ်ကဲ့သို့ဖြစ်ဖို့ရန်လိုသည်။ အကျွန်ုပ်တို့ကို ကယ်တင်သော ဘုရားသခင်သည် သန့်ရှင်းသောဘုရားဖြစ်သောကြောင့်၊ ကျွန်ုပ်တို့၏ကျင့်ကြံပြုမူသမျှတို့၌ သန့်ရှင်းဖို့ရန်ဖြစ်သည်။ကြံစည်ခြင်း၊ စကားပြောခြင်း၊ အပြုအမူ၊ အမူအရာ၊ အနေအထိုင်၊ အဝတ်အစား၊ စားသောက်ခြင်း မှစ၍သန့်ရှင်းဖို့လိုသည်။

**၁ပေ၊ ၁း၁၄-၁၆အထက်က သင်တို့သည် မှောင်မိုက်ထဲမှာကျင့်သော တပ်မက်ခြင်းတရားကို ယခုမလိုက်မကျင့်ဘဲ၊ နားထောင်တတ်သော သူငယ်ကဲ့သို့ ဖြစ်၍၊ ၁၅ သင်တို့ကိုခေါ်တော်မူသော သူသည်သန့်ရှင်းတော်မူသည်နည်းတူ၊ ကျင့်ကြံပြုမူသမျှတို့၌ သန့်ရှင်းခြင်း ရှိကြလော့။ ၁၆အကြောင်းမူကား၊ငါသည်သန့်ရှင်းတော်မူသောကြောင့်၊သင်တို့သည်လည်းသန့်ရှင်းခြင်းရှိကြလော့ ဟု ကျမ်းစာလာသတည်း။**

## နှုတ်ကပတ်တော်ရေအားဖြင့်သန့်ရှင်းခြင်း

အသင်းတော်ကို သန့်ရှင်းလျက် အပြစ်ကင်းလျက်ရှိ၍၊ အညစ်အကြေးများ မရှိဖို့ ရန်အ တွက်နှုတ်ကပတ်တော်ရေးနှင့်ဆေးကြော၍၊ သန့်ရှင်းစေသည်ဟု သိရသည်။ ထိုအသင်းတော်သည် ယုံကြည်သူများကိုဆိုလိုသည်။ အဆောက်အအုံကိုဆိုလိုသည် မဟုတ်၊ ထို့ကြောင့် ယုံကြည်သူများသည် မိမိအထဲ၌ရှိသော ဇာတိပကတိများကို နှုတ်ကပတ်တော် ဖတ်ရှုခြင်းအားဖြင့် ဆေးကြောဖို့ဖြစ်သည်။ နှုတ်ကပတ်တော်များများ ဖတ်ရှုလေ့လာခြင်းသည်။

မိမိဇာတိပကတိများကို သန့်ရှင်းစေသည်။ နှုတ်ကပတ်တော်များများလေ့လာကြပါစို့။

**၈၊ ၅း၂၆-၂၇ထိုအသင်းတော်သည် သန့်ရှင်းလျက် အပြစ်ကင်းလျက်ရှိသည် ဖြစ်၍၊ ၂၇ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှ စသည်တို့နှင့် လွတ်လပ်သဖြင့်၊အသရေတင့်တယ်လျက် ရှိသော အသင်းတော်ကို ခရစ်တော်သည် မိမိအား ဆက်သအံ့သောငှါ၊နှုတ်ကပတ်တော်ရေ၌ ဆေးကြောခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းစေမည်အကြောင်း၊ ထိုအသင်းတော်အဘို့အလို့ငှါကိုယ်ကို ကိုယ်စွန့်တော်မူ၏။**

# ကိုယ်ခန္ဓာ၊စိတ်ဝိညာဉ်၊အညစ်အကြေးသန့်ရှင်းခြင်း

ဘုရားသခင်၏အလိုတော်သည် သန့်ရှင်းသော အသက်တာနှင့် အသက်ရှင်းဖို့ရန်ဖြစ်သည်။ ကိုယ်ခန္ဓာ၊ စိတ်ပိုင်း၊ ဝိညာဉ်ပိုင်း သန့်ရှင်းဖို့လိုသည်။ ကိုယ်ခန္ဓာပိုင်းသန့်ရှင်းခြင်းသည် မိမိ၏အကျင့် အကြံ အပြုအမူအားဖြင့်သော်၎င်း၊ အသက်တာ၌ သူတပါးအတွတ် ပုံသက်သေကောင်းပြသောအားဖြင့်သော်၎င်း၊ ဘုရားဘုန်းတော်ထင်ရှားစေသော အသက်တာဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာ သန့်ရှင်းခြင်းသည်၊ ဘုရားမျက်နာကိုထောက်ရှု၍၊ စိတ်နှိမ့်ချခြင်း၊ သည်းခံခြင်း၊ စိတ်ရှည်ခြင်း၊ နာခံခြင်း၊ ခွင့်လွှတ်ခြင်း ဖြင့်ဘုရား၏ဘုန်းတော်ကိုထင်ရှားစေခြင်းဖြစ်သည်။ ဝိညာဉ်ပိုင်းသန့်ရှင်းခြင်းသည် သမ္မာတရားကိုမှန်ကန်စွာပိုင်းခြား၍၊ သမ္မာတရားအတိုင်း လူ့မျက်နာကို ထောက်ရှုခြင်းမရှိပဲ ရပ်တည်ခြင်းအားဖြင့် ဘုရားဘုန်းတော်ကို ထင်ရှားစေခြင်းဖြစ်သည်။

၂ကော၊ ၇း၁ ထိုကြောင့်ချစ်သူတို့၊ ထိုဂတိတော်များနှင့် ငါတို့သည်ဆိုင်ကြသည်ဖြစ်၍၊ ကိုယ်ခန္ဓာ၏အညစ်အကြေး၊ စိတ်ဝိညာဉ်၏အညစ်အကြေး ရှိသမျှတို့နှင့် ကိုယ်ကိုကိုယ်ကင်းစင်စေလျက်၊ ဘုရားသခင်ကို ကြောက်ရွံ့၍ သန့်ရှင်းခြင်းပါရမီနှင့် ပြည့်စုံကြကုန်အံ့။

၁ကော၊ ၆း၂၀သင်တို့သည် အဘိုးနှင့် ဝယ်တော်မူသော သူဖြစ်သောကြောင့်၊ ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ ဂုဏ်တော်ကိုထင်ရှားစေကြလော့။

၁သက်၊ ၄း၂-၈ အဘယ်သို့သော ပညတ်တို့ကို သခင်ယေရှု၏အခွင့်တော်နှင့် ငါတို့သည်အပ်ပေးသည်ကို သင်တို့သိကြ ၏။ ၃ ဘုရားသခင်၏အလိုတော်ဟူမူကား၊ သင်တို့သည် မတရားသောမေထုန်ကိုကြဉ်ရှောင်၍ သန့်ရှင်းစေ ခြင်းငှါ၎င်း၊၄ဘုရားသခင်ကို မသိသော သာသနာပလူတို့သည် ကိလေသာ တပ်မက်ခြင်းရှိသကဲ့သို့မရှိ၊ ၅ သင်တို့အပေါင်းသည် သန့်ရှင်းခြင်း၊ အသရေတင့်တယ်ခြင်းနှင့် မိမိကိုယ်ကို မိမိထိန်းတက်စေခြင်း ငှါ၎င်း၊ ၆ ဤအမှုအရာ၌ လွန်ကျူး၍ ညီအစ်ကိုကို ပရိယာယ်အားဖြင့် မပြစ်မှားစေခြင်းငှါ၎င်း၊ အလိုတော် ရှိ၏။ ငါတို့သည် အထက်က ဟောပြော၍ သတိပေးနှင့်သည်အတိုင်း၊ သခင်ဘုရားသည် ထိုသို့သော ပြစ်မှားခြင်းကိုခံသောသူအပေါင်းတို့ဘက်၌ တရားစီရင်တော်မူလိမ့်မည်။ ၇ ဘုရားသခင်သည် ညစ်ညူးစေခြင်းငှါ ငါတို့ကို ခေါ်တော်မူသည်မဟုတ်၊ သန့်ရှင်းစေခြင်းငှါ ခေါ်တော်မူ၏။ ၈ ထိုကြောင့်၊ ငါတို့ကိုငြင်းပယ်သောသူသည် လူကိုသာငြင်းပယ်သည်မဟုတ်၊ ကိုယ်တော်၏ သန့်ရှင်း သောဝိညာဉ်တော်ကို ငါတို့အား ပေးတော်မူသော ဘုရားသခင်ကို ငြင်းပယ်၏။

## သင်ခန်းစာ ( ၁၂ ) မေးခွန်းများ

၁။ ကြေးဝါအင်တုံအထဲ၌ မည်သည့်အရာထည့်ရသနည်း။ - - - -

၂။ တဲတော်ထဲ၌၊ ယဇ်ပုရောဟိတ်မင်း ဝင်သောအခါ မည်သည့်အရာ ဆေးရမည်နည်း။ - - - - - - - -

၃။ လက်ခြေမဆေးပဲ ယဇ်ပုရောဟိတ်သည်တဲတော်ထဲသို့ဝင်လျှင် မည်သည့်အရာဖြစ်မည်နည်း။ - - - - - -

၄။ ဘုရားသခင်သည် မည်သည့်ဘုရားနည်း။ - - - - - - - - -

၅။ ငါသည်သန့်ရှင်းသောကြောင့် သင်တို့သည်လည်း - - - - - ရှိကြလော့ဟုဆိုသည်။

၆။ ရေသည် မည်သည့်အရာကိုပုံဆောင်သနည်း။ - - - — - - -

၇။ ဘုရားသခင်ရှေ့၌သန့်ရှင်းဖို့ရန် မည်သည့်ရေအားဖြင့် သန့်ရှင်းစေမည်နည်း။ - - - - - - - -

၈။ ခန္ဓာ၊ စိတ်၊ ဝိညာဉ်ကို မည်သည့်ရေအားဖြင့် သန့်ရှင်းစေရမည်နည်း။ - - - - — -

၉။ မည်သည့်အရာများအားဖြင့် ဘုရားဘုန်းထင်ရှားစေရမည်နည်း။ - - - - - - - - - - - - -

# ခရစ်တော်သည်တပည့်တော်များ၏ခြေကိုရေနှင့်ဆေးခြင်း

ပသခါပွဲသည် ခရစ်တော်အ သေခံခြင်းဖြင့် ပြည့်စုံစေပြီဖြစ်သည်။ ခရစ်တော်သည် အသေခံ၍၊ ဘုရားသခင်ထံတော်သို့ တက်သွားရမည့်အချိန်ကို သိသော အခါ၊ မိမိလူတို့ကို အဆုံးတိုင်အောင်ချစ်သည်ဟုသိရသည်။ ထို့ကြော င့် ကြေးဝါအင်တုံ၌ ရေကိုဖြည့်၍၊ တပည့်တော်များ၏ခြေကိုဆေးပေးကြောင်း သိရသည်။ အဘယ်ကြောင့် ဆေးပေးသနည်းဟုဆိုသော်၊ ညစ်ညူးသောသူ၊ ကိုယ်တော်ကိုအပ်နှံမည့်သူရှိသော ကြောင့် သူတို့၏ခြေများကိုဆေးပေးခြင်း ဖြစ်သည်။ ရေချိုးပြီးသောသူသည် ခြေကိုသာဆေးရမည်ဟု ခရစ်တော်သည် ပေတရုအားဆိုသည်။ အဘယ်ကြောင့် ခြေကိုသာဆေးရမည်နည်း၊ ရေချိုးပြီး လျှင်လည်း လမ်းလျှောက်သောအခါ၊ ခြေသည် ဖုန်များသောကြောင့် ညစ်ညူး တတ်သည်။ ထို့ကြောင့် ခြေကိုပြန်၍၊ ဆေးတတ်ကြသည်။ ထို့နည်းတူဝိညာဉ် ပိုင်း၌ လည်း၊ ခရစ်တော်သွန်းလောင်းသော အသွေးတော်အားဖြင့် အကျွန်ုပ် တို့၏၊ အပြစ်များကိုဆေးကြောပြီးပြီဖြစ်သော်လည်း၊ နေ့စဉ်အသက်တာမှာ ခြေတည်းဟူသော မိမိစိတ်နှလုံး၏တပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ ကိုယ်ကာယ တပ်မက်ခြင်းများရှိသော ကြောင့်၊ နှုတ်ကပတ်တော်ရေနှင့် ဆေးကြောဖို့ရသည်။ အချင်းချင်းတို့၏စိတ်နှလုံးတည်းဟူသောခြေကိုလည်း နှုတ်ကပတ်တော်ရေအားဖြင့် ဆေးကြောပေးဖို့ရန်ဖြစ်သည်။

**ယော၊ ၁၃း၁-၂၀ပသခါပွဲမခံမှီ၌ ယေရှုသည် ဤလောကမှခမည်း တော်ထံသို့ ပြောင်းရသောအချိန်ရောက်သည်ကို သိတော်မူသည်ဖြစ်၍၊ ဤ**

လောကဌရှိသောမိမိလူတို့ကိုချစ်တော်မူသောကြောင့် အဆုံးတိုင်အောင်ချစ်တော်မူ၏။ ၂ ကိုယ်တော်ကို အပ်နှံမည်အကြောင်း မာရ်နတ်သည် ရှိမုန်၏သားယုဒရှကာရုတ်၏ စိတ်နှလုံး၌ အကြံ ပေးသွင်းနှင့်သတည်း။ ထိုအခါညစာကိုစားကြစဉ်၊ ၃ ခမည်းတော်သည် အလုံးစုံတို့ကို သူ၏လက်သို့အပ်ပေးတော်မူသည်ကိုင်၊ သူသည်ဘုရားသခင့်ထံ တော်မှ ထွက်လာသည်ကိုင်၊ဘုရားသခင့်ထံတော်သို့ ကြွသွားမည်ကိုင် ယေရှုသည်သိတော်မူသည်နှင့်၊ ၄စားပွဲမှထ၍ ဝတ်လုံတော်ကိုချွတ်ပြီးလျှင်၊ ပဝါကိုယူ၍ ခါးကိုစည်းတော်မူ၏။ ၅ ထိုနောက်မှ ရေကိုအင်တုံ၌လောင်း၍ တပည့်တော်တို့၏ခြေကို ဆေးပြီးမှ ခါး၌စည်းထားသောပုဝါနှင့် သုတ်တော်မူ၏။ ၆ ရှိမုန်ပေတရုဆီသို့ရောက်တော်မူသောအခါ ထိုတပည့်တော်က၊ သခင်၊ ကိုယ်တော်သည် အကျွန်ုပ်၏ခြေကိုဆေးတော်မူမည်လောဟု မေးလျှောက်၏။ ၇ ယေရှုကလည်း၊ သင်သည်ငါပြုသောအမှုကို ယခုနားမလည်သေး။ နောက်မှသိလိမ့်မည်ဟုမိန့်တော်မူ၏။ ၈ပေတရုကလည်း၊ ကိုယ်တော်သည်အကျွန်ုပ်၏အခြေကို အလျှင်းဆေးတော်မမူရဟု လျှောက်၏။ ယေရှုကလည်း၊ သင့်ကို ငါမဆေးရလျှင်အသင်သည် ငါနှင့်မဆက်ဆံရဟုမိန့်တော်မူ၏။ ၉ ရှိမုန်ပေတရုကလည်း၊အကျွန်ုပ်၏ခြေကိုသာ မဆေးပါနှင့်။လက်ကိုင်၊ဦးခေါင်းကိုင် ဆေးတော် မူပါဟုလျှောက်ပြန်၏။ ၁၀ယေရှုကလည်း၊ ရေချိုးပြီးသောသူမည်သည်ကား၊ ခြေဆေးခြင်းမှတပါး ဆေးရသောအကြောင်းမရှိ၊ တကိုလုံးစင်ကြယ်၏။ သင်တို့သည်စင်ကြယ်သော်လည်း အချို့မစင်ကြယ်ဟု မိန့်တော်မူ၏။ ၁၁ ကိုယ်တော်ကိုအပ်နှံမည့်သူကို သိတော်မူသောကြောင့်၊ သင်တို့တွင် အချို့မစင်ကြယ်ဟု မိန့်တော်မူ သတည်း။ ၁၂ ထိုသို့သူတို့၏ ခြေကိုဆေးတော်မူပြီးမှတဖန်ဝတ်လုံကို

ဝတ်၍ လျှောင်းတော်မူလျက်၊ သင်တို့၌ ငါပြုခဲ့ သောအမှုကို နားလည်ကြ
သလော။ ၁၃ သင်တို့သည် ငါ့ကိုအရှင်ဘုရားဟူ၍၎င်း၊ သခင်ဟူ၍၎င်းခေါ်
တ တ်ကြ ၏ ။ ထို စ ကား သ ည်လ ည်း ဟု တ် မှ န်သော စ ကား ဖြ စ် ၏ ။
အကြောင်းမူကား၊ သင်တို့ကိုခေါ်ကြသည့်အတိုင်းငါမှန်၏။ ၁၄ငါသည် သခင်
ဖြစ်လျက်၊အရှင်ဘုရားလည်းဖြစ်လျက်နှင့် သင်တို့၏ခြေကိုဆေးလျှင် သင်
တို့သည် အချင်းချင်းတို့၏ခြေကို ဆေးရကြမည်။၁၅ငါသည် သင်တို့၌ပြု
သကဲ့သို့သင်တို့သည်ပြုစုစေခြင်းငှါပုံသက်သေကို ပြခဲ့ပြီ။ ၁၆ငါအမှန်အကန်
ဆိုသည်ကား၊ ကျွန်သည် သခင်ထက်သာ၍ ကြီးမြတ်သည်မဟုတ် တမန်သည်
လည်း စေလွှတ်သောသူထက်သာ၍ ကြီးမြတ်သည်မဟုတ်။ ၁၇ ဤအရာများ
ကို သင်တို့သိ၍ သိသည်အတိုင်းကျင့်လျှင် မင်္ဂလာရှိကြ၏။ ၁၈ သင်တို့ရှိ
သမျှကို ငါရည်မှတ်၍ပြောသည်မဟုတ်။ ငါရွေးကောက်သောသူတို့ကို ငါ
သိ၏၊ကျမ်းစာချက် ပြည့်စုံစေမည်အကြောင်း ငါနှင့်အတူစားသောသူသည် ငါ့
ကိုခြေနှင့်ကျောက်သတည်း။ ၁၉ ထိုအမှုအရာရောက်သောအခါ ငါသည်
ဤမည်သောသူဖြစ်သည်ကို သင်တို့သည် ယုံကြည်စေခြင်းငှါ၊ မရောက်မှီ
ယခုပင် သင်တို့အားငါပြောနှင့်ပြီ။ ၂၀ ငါအမှန်အကန်ဆိုသည်ကား၊ ငါ
စေလွှတ်သောသူကိုလက်ခံသောသူသည် ငါ့ကိုလက်ခံ၏။ ငါ့ကို လက်ခံသော
သူသည် ငါ့ကိုစေလွှတ်တော်မူသောသူကို လက်ခံသည်ဟု မိန့်တော်၏။

## သင်ခန်းစာ ( ၁၃ ) မေးခွန်းများ

၁။ ခရစ်တော်သည် မည်သူများ၏ခြေရေဆေးပေးသနည်း။ - - - - အဘယ်ကြောင့်ဆေးပေးသနည်း။ - - - - - - - -

၂။ ခရစ်တော်က ရေချိုးပြီးလျှင် မည်သည့်အရာကိုသာဆေးရမည်ဟု ပေတရုအား ဆိုသနည်း။ - - - - - - -

၃။ ရေချိုးပြီးသူများသည် မည်သည့်အရာကိုဆိုလိုသနည်း။ - - - -

၄။ ခြေသည်မည်သည့်အရာကိုဆိုလိုသနည်း။ - - - - - - -


၅။ အကျွန်ုပ်တို့သည်လည်း မည်သည့်အရာကိုဆေးဖို့လိုသနည်း။ - -

၆။ ခြေကိုရေးဆေးခြင်းဖြင့် ဘုရားရှေ့မှာသန့်ရှင်းနိုင်မည်လော။ - - -

၇။ အချင်းချင်းကို မည်သည့်ရေဖြင့်ဆေးရမည်နည်း။ - - - - - — - -

သင်ခန်းစာ ( ၁၄ )

# ရှေ့တော်မုန့်တင်သောစားပွဲ



သန့်ရှင်းရာဌါန အခန်း၌ရှိသော ရှေ့တော်မုန့်တင်သောစားပွဲကို တည်ဆောက်သောအခါ၊ ဘုရားသခင်စေခိုင်းသည့် အတိုင်းသာ ပြုလုပ်တည်ဆောက်ရမည်ဖြစ်သည်။ အတိအကျလုပ်၍၊ ရွှေစင်နှင့်မွမ်းမံရမည်ဖြစ်သည်။ ထိုစားပွဲအပေါ်မှာ မုန့်ဆယ့်နှစ်လုံးကိုတင်၍၊ ဘုရားသခင်အားပူဇော်ရမည်။

**ထွက်၊ ၂၅း၂၃-၃၀ အလျားနှစ်တောင်၊ အနံတတောင်၊ အမြင့်တတောင်ထွာရှိသော စားပွဲကိုလည်း အကာရှသားနှင့် လုပ်၍၊ ၂၄ ရွှေစင်နှင့် မွမ်းမံရမည်။ စားပွဲအပေါ်နားပတ်လည်၌ ကွပ်သော ရွှေတန်ဆာကိုင်း၊ ၂၅ အနံလက်တဝါးရှိသော ခါးပန်းကိုင်း၊ ခါးပန်းအပေါ်နားပတ်လည်၌ ကွပ်သော ရွှေ**

**တန်ဆာကိုင်ငင်း လုပ်ရမည်။ ၂၆ ရွှေလေးကွင်းကိုလည်း လုပ်၍၊ခြေထောက် လေးခုအထက်စားပွဲလေးထောင့်၌ တပ်ရမည်။ ၂၇ထိုရွှေကွင်းတို့သည် ခါးပန်း ပေါ်မှာရှိ၍၊စားပွဲထမ်းစရာ ထမ်းဘိုးနေရာဖြစ်ရမည်။ ၂၈စားပွဲထမ်းစရာ အကာရှသားထမ်းဘိုးကို လုပ်၍ ရွှေနှင့်မွမ်းမံရမည်။ ၂၉ စားပွဲနှင့်ဆိုင်သော လင်ပန်း၊ ဇွန်း၊ အင်တုံ၊ လောင်းစရာဖလားများကိုလည်း ရွှေစင်နှင့် လုပ်ရမည်။ ၃၀ငါ့ရှေ့၊ စားပွဲပေါ်မှာ ရှေ့တော်မုန့်ကို အစဉ်တင်ရမည်။**

# မုန့်ဆယ့်နှစ်လုံးပူဇော်ခြင်း

မုန့်သည် ကျုံဆန်မှထုတ်လုပ်ရသည်။ မုန့်ဖြစ်လာဖို့ရန် ကျုံဆန်ကို နေပူလှန်း၍၊ ထောင်းပြီးလျှင်၊ ကျုံမှုန့်ကိုနယ်ပြီးဆီးနဲ့ကြော်ပြီမှ တစ်ပုံခြောက် လုံးစီ၊ နှစ်ပုံ ပုံထား၍၊ ဘုရားအား ဆပ်ကပ်ခြင်းဖြစ်သည်။ ဣသရေလ ဆယ့် နှစ်မျိုး၏ဆက်ကပ်ခြင်းဖြစ်သည်။ ဣသရေလလူများတို့သည် ထိုမုန့်ကိုပူဇော် ကြသောအခါ၊ ဘုရားသခင်ရှေ့တော်၌ မျက်နှာရကြသည်။ ထိုမုန့်ကို ဘုရားသခင်သည် သူ၏ အမှုတော်ကို ဆောင်သော လေဝိအမျိုး ယဇ်ပုရောဟိတ်များကိုပေး၍၊ ယဇ်ပုရောဟိတ် များကသာလျှင် စားရသည်။ ထိုမုန့်ကိုခရစ်တော်ကိုပုံဆောင်ခြင်းဖြစ်သည်။

**ဝတ်၊ ၂၄း၅-၉သင်သည် မုန့်ညက်ကိုယူ၍၊ မုန့်တလုံးသည် နှစ်သြမဲ စီ၊ မုန့်ဆယ်နှစ်လုံးကို လုပ်ပြီးလျှင်၊– ၆ထာဝရဘုရားရှေ့ စင်ကြယ်သော စားပွဲ ပေါ်မှာ မုန့်တလုံးပေါ်၌ တလုံးကို ထပ်ဆင့်၍၊ တပုံခြောလုံးစီ၊နှစ်ပုံပုံရမည်။ ၇ထာဝရဘုရားအား မီးဖြင့်ပြုသောပူဇော်သက္ကာတည်းဟူသော အောက်မေ့ တော်မူဘို့ရာ ဖြစ်စေခြင်း ငှါ ထိုမုန့်နှစ်ပုံပေါ်မှာ စင်ကြယ်သော လောဗန်ကို**

**တင်ထားရမည်။ ဇထာဝရဘုရား ပဋိညာဉ်နှင့်အညီ၊ ဣသရေလအမျိုးသားတို့ လက်မှခံယူသောထိုမုန့်ကို၊ အာရုန်သည် ထာဝရဘုရားရှေ့တော် ဥပုသ်နေ့တိုင်း အစဉ်အမြဲပြင်ဆင်ရမည်။ ၉ထိုမုန့်ကို အာရုန်နှင့်သူ၏သားတို့သည် ပိုင်၍၊ သန့်ရှင်းရာ ဌာနတော်၌ စားရကြမည်။ ထာဝရဘုရား အား မီးဖြင့်ပြုသော ပူဇော်သက္ကာထဲက ထိုမုန့်သည်၊ ထာဝရပညတ်တော်အတိုင်း၊ အာရုန်အဖို့ အလွန်သန့်ရှင်းသော အရာဖြစ်သည်ဟု မိန့်တော်မူ၏။**

သင်ခန်းစာ ( ၁၄ ) မေးခွန်းများ

၁။ ရှေ့တော်မုန့်တင်သောစားပွဲသည့် ဘုရားပြောသည်အတိုင်း - - - - - ဆောက်ရမည်။

၂။ မုန့်ဆယ့်နှစ်လုံးသည် မည်သူများ၏ဆက်ကပ်ခြင်းကိုဆိုလိုသနည်း - - - - - - - - - -

၃။ မုန့်သည် မည်သူ့ကိုပုံဆောင်သနည်း။ - - - - - - - -

၄။ မုန့်ကိုပူဇော်ပြီးမှ မည်သူများကစားရကြသနည်း။ - - - - - - - - သူတို့ကိုမည်သူကပေးသနည်း။ - - - - - - - -

# ခရစ်တော်သည်အသက်မုန့်ဖြစ်သည်

စားပွဲပေါ်မှာတင်ထားသော မုန့်သည်ခရစ်တော်ကို ပုံဆောင်သည်။ ခရစ်တော်က ငါသည် အသက်မုန့်ဖြစ်သည်ဟုဆိုသည်။ ထိုမုန့်ကို စားသောသူတိုင်းသည် သေခြင်းနှင့်ကင်းလွတ်မည်ဟုဆိုသည်။ဤမုန့်ကိုစားသောသူတိုင်းသည်အစဉ်မပြတ်အသက်ရှင်လိမ့်မည်ဟုဆိုသည်။ ငါပေးသောမုန့်ကား၊ လောကီသားတို့၏အသက်အဘို့အလိုငှါ စွန့်သောငါ၏ အသားပေတည်းဟုဆိုသည်။ သင်တို့ဘိုးဘေးများသည် တော၌မန္နကိုစားလျက်သေသကဲ့သို့ သေရကြမည်မဟုတ်ဟုဆိုသည်။ ခရစ်တော်ကိုမည်ကဲ့သို့စားရမည်နည်း၊ သူကိုမိမိကယ်တင်ပိုင်ရှင်အဖြင့် ယုံကြည်လက်ခံခြင်း၊ သူ့ကိုယုံကြည်လျှင်၊ အသက်ကိုရ၍၊ သေခြင်းနှင့်အစဉ်ကင်းလွတ်လျက်၊ အစဉ်မပြတ်အသက်ရှင်မည်ဟု သိ၍၊ ယုံကြည်လက်ခံခြင်းသည် သူ့ကိုစားခြင်းဖြစ်သည်။ ခရစ်တော်ကို သင်ယုံကြည်လက်ခံပါသလား။

**ယော၊ ၆း၄၈-၅၉ငါသည်အသက်မုန့်ဖြစ်၏။ ၄၉ သင်တို့ဘိုးဘေးများသည် တော၌မန္နကိုစားလျက် သေရကြ၏။ ၅၀ကောင်းကင်မှဆင်းသက်သောမုန့်ကို စားသောသူသည် သေခြင်းနှင့်ကင်းလွတ်၏။ ၅၁ ငါသည်ကောင်းကင်မှဆင်းသက်သောအသက်မုန့်ဖြစ်၏။ ဤမုန့်ကို စားသောသူမည်သည်ကား၊ အစဉ် မပြတ်အသက်ရှင်လိမ့်မည်။ ငါပေးသောမုန့်ကား၊ လောကီသားတို့၏အသက်အဘို့အလိုငှါ စွန့်သောငါ၏ အသားပေတည်းဟုမိန့်တော်မူ၏။ ၅၂ထိုအခါ ယုဒလူတို့က၊ ဤသူသည်မိမိအသားကို ငါတို့စားစရာ**

ဘို့အဘယ်သို့ ပေးနိုင်သနည်းဟု အချင်းချင်း ငြင်းခုံကြ၏။၅၃ ယေရှုက လည်း၊ ငါအမှန်အကန်ဆိုသည်ကား၊ လူ၏အသားကိုမစား၊ အသွေးကိုမ သောက်လျှင် သင် တို့၌ အသက်မရှိ။ ၅၄ ငါ၏အသားကိုစား၍ ငါ၏အသွေး ကိုလည်း သောက်သောသူသည် ထာဝရအသက်ကိုရ၏။ ထိုသူကို နောက်ဆုံး သောနေ့၌ ငါထမြောက်စေမည်။ ၅၅ ငါ၏အသားသည် စားစရာကောင်း၏။ ငါ၏ အသွေးလည်းသောက်စရာကောင်း၏။ ၅၆ ငါ၏အသားအသွေးကို သောက်စားသောသူသည် ငါ၌တည်၏။ ထိုသူ၌လည်း ငါတည်၏။ ၅၇ အသက်ရှင်တော်မူသော ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူ၍၊ ငါသည် ခမည်းတော်အားဖြင့် အသက်ရှင်သည်နည်းတူ၊ ငါ့ကိုစားသောသူသည် ငါ့အား ဖြင့် အသက်ရှင်လိမ့်မည်။ ၅၈ဤမုန့်ကား၊ ကောင်းကင်မှဆင်းသက်သောမုန့် ဖြစ်၏။ သင်တို့ဘိုးဘေးများသည် မန္နကိုစားလျက် သေရသကဲ့သို့မဟုတ်။ ဤမုန့်ကိုးစားသောသူသည် အစဉ်မပြတ်အသက်ရှင်လိမ့်မည်ဟု၊ ၅၉ ကပေရ နောင်မြို့မှာတရားစရပ်၌ ဩဝါဒပေးစဉ်တွင် မိန့်တော်မူ၏။

# သင်ခန်းစာ ( ၁၅ ) မေးခွန်းများ

၁။ ခရစ်တော်က ငါသည်မည်သည့်မုန့်ဖြစ်သည်ဟုဆိုသနည်း။ - - - - -

၂။ သင်တို့ဘိုးဘေးများသည် တောၥ်မန္နမုန့်ကို စားသော်မည်သည့်အ
အရာဖြစ်ကြသည်ဟုဆိုသနည်း။ - - - - - - -

၃။ ကောင်းကင်မှဆင်းသက်သော မုန့်ကိုစားသောသူသည် မည်သည့်
အရာနှင့် ကင်းလွတ်မည်ဟုဆိုသနည်း။ - - - - -

၄။ ဤမုန့်ကိုစားသောသူသည် အစဉ်မပြတ် - - - - - - မည်ဟုဆိုသည်။

၅။ ငါ၏အသားကိုမစား၊ ငါ၏အသွေးကိုမသောက်သောသူသည် မည်
သည့်အရာကိုမရဟုဆိုသနည်း။ - - - - - - -

၆။ ခရစ်တော်၏အသားကိုစား၍၊ အသွေးကိုမည်ကဲ့သို့ သောက်ရမည်
နည်း။ - - - — - - - - - -

၇။ သူ့ကိုယုံကြည်ခြင်းသည် သူ့ကို - - - - ခြင်း - - - - - - ခြင်းဖြစ်သည်။

သင်ခန်းစာ ( ၁၆ )

# တဆေးပါသောမုန့်



ကျမ်းစာ၌ တဆေးသည် အပြစ်ကိုပုံဆောင်သည်။ ထို့ကြောင့်ယုံကြည်သူများ၏အသက်တာ၌၊ တဆေးတည်းဟူသော အပြစ်များကိုတက်နိုင်သမျှ ရှောင်ကြဖို့ရန်ဖြစ်သည်။တဆေးပါသော မုန့်ကိုဘုရားမကြိုက်မနှစ်သက်ချေ။ ထို့နည်းတူ ယုံကြည်သူများအပြစ်လုပ်ပါကဘုရားမနှစ်သက်ချေ၊ဘုရားဘုန်းတော်လည်း ထင်ရှားမည်မဟုတ်၊ ကျွန်တော်တို့အသက်တာ၌ တဆေးကဲ့သို့ မိမိ၏သက်တာကိုဖြစ်စေသော အချက်များကိုလေ့လာကြပါစို့။

**ရောမ၊ ၁း၂၈-၃၂ထိုသူတို့သည် ဘုရားသခင်ကို မသိမမှတ်လိုသည် ဖြစ်၍၊ မလျောက်ပတ်သော အမှုကို ပြုစေမည် အကြောင်း၊ ဘုရားသခင်သည် သူတို့ကို မောဟလက်သို့ အပ်လိုက်တော်မူသည်နှင့်အညီ၊ ၂၉ သူတို့သည်**

**အလုံးစုံသော အစမ္မကျင့်ခြင်း၊ မတရားသော မေထုန်ကိုပြုခြင်း၊ဆိုးညစ်ခြင်း၊ လောဘ လွန်ကျူးခြင်း၊ မနာလိုခြင်း၊ ငြူစူခြင်း၊ လူအသက်ကို သတ်ခြင်း၊ ရန်တွေ့ခြင်း၊ လှည့်ဖြားခြင်း၊ သူတပါးကို မြင်ပြင်းခြင်းတို့နှင့်ပြည့်စုံသောသူ၊ ချောစားသောသူ၊ ၃၀ ဆဲရေးသောသူ၊ ဘုရားသခင်ကိုမုန်းသောသူ၊ ကြမ်းတမ်းသောသူ၊ မာနထောင်လွှားသောသူ၊ ဝါကြွား သောသူ၊မတတ်ကောင်းသော အတတ်ကိုစီရင်သောသူ၊ မိဘစကားကို နားမထောင်သောသူ၊ သတိမရှိသောသူ၊ သစ္စာပျက်သောသူ၊ ၃၁ မိဘသားမယားစသည်တို့ကို မချစ်သောသူ၊ ရန်ငြိုးထားသောသူ၊သနားခြင်းကရုဏာစိတ်မရှိသော သူဖြစ်ကြ၏။၃၂ ထိုသို့ကျင့်သောသူတို့သည်သေပြစ်ကိုခံထိုက်သည်ဟု ဘုရားသခင်စီရင်တော်မူကြောင်းကို ထိုသူတို့ သည် သိလျက်ပင် ကိုယ်တိုင်ကျင့်သည်သာမက၊ ထိုသို့ကျင့်သောသူတို့၌ အားရဝမ်းမြောက်ကြ၏။**

## ဖာရိရှဲတဆေး

ခရစ်တော်က တပည့်တော်များကို ဖာရိရှဲနှင့်ဇဒ္ဒုကဲတို့၏တဆေးများကို ရှောင်ကြဖို့ပြောထားသည်။ ခရစ်တော်က ဖာရိရှဲနှင့်ဇဒ္ဒုကဲတို့၏တဆေးကို မုန်းသောကြောင့်ဖြစ်သည်။ ထိုသို့သော တဆေးသည်ယုံကြည်သူများ၏အသက်တာ၌လည်း မရှိသင့်ချေ။ဖာရိရှဲများ၏တဆေးသည်မည်သည့်အရာများဖြစ်မည်နည်း။ ဆက်လက်လေ့လာကြပါစို့။ ဖာရိရှဲများသည် ကျမ်းစာကိုဖတ်သောသူများ၊ဩဝါဒကိုပေးသောသူများ၊ဆုတောင်းသောသူများ၊ဆယ်ဘို့တဘို့ကိုမှန်မှန်ပေးသောသူများ၊အလှူငွေမှန်မှန်ပေးသောသူများ၊ ပညတ်တော်ကိုကျင့်သောသူများကဲ့သို့ အသက်ရှင်၍၊ ဟန်ဆောင်သောသူများဖြစ်ကြသည်။ သူတို့သည်

စိတ်နှလုံးအကြွမ်းမဲ့ဖြင့် ဘုရားထံသို့မချည်းကပ်ဘဲ၊ဟန်ဆောင်ခြင်းနဲ့သာချည်း ကပ်သောသူများဖြစ်သောကြောင့် ခရစ်တော်က သူတို့စိတ်နှလုံးကိုသိမြင်သောကြောင့် ဖာရိရှဲတို့၏တဆေးကိုရှောင်ဖို့ရန်ပြောထားခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း ဖာရိရှဲတို့၏တဆေးကို ရှောင်ဖို့ရန်ဖြစ်သည်။

**မဿဲ၊ ၁၆း၆-၁၂ယေရှုကလည်း၊ဖာရိရှဲနှင့်ဇဒ္ဒုကဲတို့၏တဆေးကိုသတိနှင့်ကြည့်ရှောင်ကြဟု မိန့်တော်မူ၏။ ၇တပည့်တော်တို့ကလည်း၊ ငါတို့၌ မုန့်မပါသောကြောင့်ဤစကားကိုမိန့်တော်မူသည်ဟုအချင်းချင်း ဆွေးနွေးပြောဆိုကြ၏။၈ ယေရှုသည် သိတော်မူလျှင်၊ ယုံကြည်အားနည်းသောသူတို့၊ သင်တို့၌မုန့်မပါသည်ကိုထောက်၍ အဘယ်ကြောင့် အချင်းချင်းဆွေးနွေးပြောဆိုကြသနည်း။ ၉ မုန့်ငါးလုံးကို လူငါးထောင်စား၍ စားကြွင်းဘယ်နှစ်တောင်းကောက်သိမ်းသည်ကိုဝင်း၊ ၁၀သင်တို့သည် နှလုံးမသွင်း မအောက်မေ့ဘဲနေကြသေးသလော။ ၁၁ဖာရိရှဲနှင့်ဇဒ္ဒုကဲတို့၏တဆေးကိုကြည့်ရှောင်ကြဟူသောစကားကိုငါပြောသည်တွင်၊ မုန့်ကိုအမှတ်ပြု၍ ငါမပြောသည်ကို သင်တို့သည်နားမလည်ဘဲ အဘယ်သို့နေကြသနည်းဟု မိန့်တော်မူ၏။ ၁၂ ထိုအခါ တပည့်တော်တို့သည် မုန့်၏တဆေးကိုကြည့်ရှောင်ကြဟုမိန့်တော်မမူ။ဖာရိရှဲနှင့် ဇဒ္ဒုကဲတို့၏ ဩဝါဒကို ကြည့်ရှောင်ကြဟု မိန့်တော်မူသည်ကို နားလည်ကြသတည်း။**

( မာကုကျမ်း၌လည်းဖတ်နိုင်သည်။ ၈း၁၅ )။

# ဇဒ္ဒုကဲတို့၏တဆေး

ဇဒ္ဒုကဲတို့၏တဆေးသည် မယုံကြည်နိုင်ခြင်းဖြစ်သည်။ ဇဒ္ဒုကဲတို့သည် ထမြောက်ခြင်းမရှိဟုယုံကြည်ကြသည်။ ကောင်းကင်တမန်မရှိဟု ယုံကြည်ကြ

သည်။ နံ့ဝိညာဉ်မရှိဟု ယုံကြည်ကြသည်။ထို့သို့မယုံကြည်ခြင်းကို ခရစ်တော်က မနှစ်သက်ချေ။ ထိုနည်းသူ ယုံကြည်သူများသည်လည်း ဇဒ္ဒုကဲတို့၏တဆေးများကို ရှောင်ဖို့ရန်ဖြစ်သည်။ အရာရာမှာ ဘုရားသခင်တတ်နိုင်ကြောင်းကို ယုံကြည်လက်ခံနိုင်ရမည်။ ထမြောက်ခြင်းရှိသည်ကိုလည်းယုံကြည်ရမည်။ ကောင်းကင်တမန်ရှိသည်ဟူ၍ ယုံကြည်ရမည်။ နံ့ဝိညာဉ်ရှိသည်ဟူ၍ ယုံကြည်ရမည်။ အရာအားလုံးကိုလည်း ဘုရားတတ်နိုင်ကြောင်းကိုယုံကြည်ရမည်။

**တ၊ ၂၃း၆-၈ ထိုအရာရှိတို့တွင် အချို့တို့သည် ဇဒ္ဒုကဲဖြစ်ကြသည်၊ အချို့တို့သည်ဖာရိရှဲဖြစ်ကြသည်ကို ပေါလုသိမြင်လျှင်၊ ညီအစ်ကိုတို့၊ အကျွန်ုပ်သည်ဖာရိရှဲဖြစ်၏။ ဖာရိရှဲ၏သားလည်းဖြစ်၏။ သေသောသူတို့သည်ထမြောက်မည်ဟုမျော်လင့်ခြင်းအကြောင်းကြောင့်၊အကျွန်ုပ်သည် စစ်ကြောစီရင်ခြင်းကို ခံရ၏ဟု လွှတ်တော်ပေါ်မှာ ကြွေးကြော်လေ၏။ ၇ ထိုအခါ ဖာရိရှဲတို့နှင့် ဇဒ္ဒုကဲတို့သည်အချင်းချင်းငြင်းခုံ၍ အစုအဝေးသည် ကွဲပြားခြင်းသို့ ရောက် လေ၏။ ၈ကွဲပြားသည်အကြောင်းကား၊ ဇဒ္ဒုကဲတို့က၊ ထမြောက်ခြင်းမရှိ၊ ကောင်းကင်တမန်မရှိ၊ နံ့ဝိညာဉ် မရှိဟုယူကြ၏။ ဖာရိရှဲတို့က၊ နှစ်ပါးစလုံးရှိသည်ဟု ဝန်ခံကြ၏။**

## ဟေရုဒ်၏တဆေး

ဟေရုဒ်၏တဆေးသည် မနာလိုခြင်းဖြစ်သည်။ ဟေရုဒ်သည် ယုဒပြည်၌ ရှင်ဘုင်ရင်ဖြစ်စဉ်တွင်၊ နိုင်ငံတော်တည်ထောင်ဖို့ရန်နှင့် ယုဒလူတို့၏ရှင်ဘုင်ရင် အဖြစ် မွေးဖွားလာသော ခရစ်တော်ကို မနာလို၍သတ်ဖို့ရန် အကြံအစည်ရှိသည်။ ထို့ကြောင့် ဟေရုဒ်၏တဆေးကိုလည်းဘုရားသခင်မနှစ်သက်ချေ။

ယုံကြည်သူများ၏အသက်တာ၌လည်းမနာလိုသောစိတ်ထားများမရှိဖို့ရန်လို သည်။ မနာလိုခြင်းတည်းဟူသော ဟေရုဒ်၏တဆေးကိုရှောင်ဖို့ရန်လိုသည်။

**မဿဲ၊ ၂း၇-၁၆ ထိုအခါ ဟေရုဒ်မင်းကြီးသည်၊ မာဂုပညာရှိတို့ကိုမထင် မရှားခေါ်၍ ကြယ်ပေါ်ထွန်းသောအချိန်ကာလကို စေ့စေ့မေးမြန်းပြီးမှ၊ ၈ သင် တို့သွား၍ ထိုသူငယ်ကိုကြိုးစားရှာကြပါ။ တွေ့လျှင် ငါ့ထံသို့ပြန်လာ၍ ငါ လည်း ထိုသူငယ်ကို ဖူးတွေ့ပူဇော်ရအောင် ကြားပြောကြပါဟု မှာထားတော်မူ လျက်၊ ဗက်လင်မြို့သို့ စေလွှတ်လေ၏၉ ထိုသူတို့သည် မင်းကြီးစကားကိုနာခံ ပြီးလျှင်ထွက်သွားကြ၍အရှေ့ပြည်၌မြင်ရသောကြယ်သည်သူတို့ ရှေ့ကသွား သဖြင့်သူငယ်တော်ရှိရာအရပ်အပေါ်သို့ရောက်၍ တည်လျက်နေ၏။ ၁၀ ထို ကြယ်ကိုမြင်ပြန်သောအခါ အလွန်ဝမ်းမြောက်ဝမ်းသာခြင်းရှိ၍၊ ၁၁ အိမ်သို့ ဝင်လေသော်၊ မယ်တော်မာရိနှင့်တကွ သူငယ်တော်ကိုတွေ့မြင်လျှင် ပြပ်ဝပ် ကိုးကွယ်၍၊မိမိတို့ဘဏ္ဍာဥစ္စာတို့ကိုဖွင့်ပြီးမှ လောဗန်နှင့်မုရန်တည်းဟူသော နံ့သာမျိုးကိုဌင်း၊ ရွှေကိုဌင်းဆက်ကပ်ပူဇော်ကြ၏။၁၂ နောက်မှ ဟေရုဒ် မင်းကြီးထံသို့ မပြန်ရမည်အကြောင်း ကိုအိပ်မက်တွင် ဗျာဒိတ်တော်ကိုရ၍ မိမိ တို့ ပြည်သို့ အခြားသောလမ်းဖြင့်ပြန်သွားကြ၏။ ၁၃ ထိုသူတို့ သွားကြသည် နောက်၊ ယောသပ်သည်အိပ်မက်ကိုမြင်သည်မှာ၊ ထာဝရဘုရား၏ကောင်းကင် တမန်သည်ထင်ရှား၍၊ သင်ထလော့။မယ်တော်နှင့် သူငယ်တော်ကိုဆောင်ယူပြီး လျှင်၊ အဲဂုတ္တုပြည်သို့ပြေး၍၊ တဖန် ငါပြောဆိုသည်တိုင်အောင် ထိုပြည်၌နေ လော့။ ဟေရုဒ်မင်းကြီးသည် သူငယ်တော်ကို သတ်အံ့သောငှာ ရှာလိမ့်မည်ဟုဆို လေ၏။ ၁၄ထိုအခါ ယောသပ်သည် ထ၍ မယ်တော်နှင့်သူငယ်တော်ကို ညဥ့် အချိန်၌ ဆောင်ယူပြီးလျှင် အဲဂုတ္တု ပြည်သို့ ထွက်သွား၍၊၁၅ ဟေရုဒ်မင်းကြီး**

**အနိစ္စရောက်သည်တိုင်အောင် ထိုပြည်၌နေလေ၏။ ဤအကြောင်းအရာကား၊ ငါ့သား ကို အဲဂုတ္တုပြည်မှငါခေါ်ခဲ့ပြီဟုထာဝရဘုရားသည် ပရောဖက်ဖြင့်ထားတော်မူသောဗျာဒိတ်တော် ပြည့်စုံမည် အကြောင်းတည်း။ ၁၆ထိုအခါ ဟေရု ဒ်မ င်း ကြီး သ ည်မာ ဂု ပ ညာ ရှိ တို့ လှ ည့် ဖြား သ ည်ကို သိ လျှ င် ၊ ပြ င်း စွာ အမျက်ထွက်၍လူကိုစေလွှတ်သဖြင့်၊မာဂုပညာရှိတို့၌ စေ့စေ့မေးမြန်းပြီးသော ကြယ်၏အချိန်ကာလကိုထောက်၍၊ ဗက်လင်မြို့မှ စသော ကျေးလက်ရှိသမျှ တို့ ၌ နှ စ်နှ စ်အ ရွ ယ်မှ စ ၍ ထို အ ရွ ယ်အော က်ယု တ်သော သူ င ယ်ယော က်ျား အပေါင်း တို့ကို သတ်စေ၏။**

## တဆေးမဲ့မုန့်စိမ်း

တဆေးသည် မုန့်စိမ်းတပုံလုံးကို ဖောင်းကြွစေတတ်သည်။ ထို့ကြောင့် ယုံကြည်သူများ၏အသက်တာ၌ တဆေးကိုရှောင်ဖို့လိုသည်။တဆေးသည် မိမိအသက်တာ၌ ဝါကြွားခြင်းကိုလည်း ဆိုလိုသည်။ အပြစ်ကိုလည်း ဆိုလိုသည်။ လူဟောင်းအသက်တာကိုလည်းလိုဆိုသည်။ ထို့ကြောင့် လူဟောင်းအသက်တာ အကျင့်အကြံအပြုအမူမှုန်သမျှ မကောင်းသော အရာများကို ပယ်ရှား၍၊ ခရစ်တော်၌ လူသစ်ဖြစ်သောကြောင့် အသစ်သောမုန့်စိမ်းအဖြင့်သော်ငင်း၊ တဆေးမဲ့မုန့်စိမ်းဖြင့်သော်ငင်း၊ အသက်ရှင်ဖို့ရန်ဖြစ်သည်။ ထိုမှသာလျှင် မိမိ၏အသက်တာကို အခြားသူများက မုန့်ကဲ့သို့စားကြမည်ဖြစ်သည်။

**၁ကော၊ ၅း၆-၈သင်တို့၏ ဝါကြွားခြင်းသည် မကောင်းမသင့် ဖြစ်၏။ အနည်းငယ်သောတဆေးသည် မုန့်စိမ်းတပုံလုံး ကို ဖောင်းကြွစေတတ်သည်ကို မသိကြသလော။ ၇သင်တို့သည်တဆေးမဲ့ဖြစ်သည်နှင့်အညီ၊အသစ်သော မုန့်**

စိမ်းဖြစ်မည်အကြောင်း၊ဟောင်းသောတဆေးကို သုတ်သင်ပယ်ရှင်းကြလော့။ အကြောင်းမူ ကား၊ ခရစ်တော်တည်းဟူသော ငါတို့ပသခါ သိုးသငယ် သည် ငါတို့အဘို့ ယဇ်ပူဇော်ရာဖြစ်၏။ ၈ ထိုကြောင့်၊ ဟောင်းသောတဆေး၊ ဆိုးညစ်မိုက်မဲခြင်းတဆေးတို့ကို ပယ်ပစ်၍၊ တဆေးမဲ့မုန့်တည်း ဟူသော ကြည်ဖြူခြင်း၊ သစ္စာစောင့် ခြင်းနှင့်ပွဲခံကြ ကုန်အံ့။

ဂ၊ ၅း၂၂-၂၆ ဝိညာဉ်ပကတိ၏အကျိုးမူကား၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ငြိမ်သက်ခြင်း၊စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ ၂၃နူးညံ့သိမ်မွေ့ခြင်း၊ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။ ထိုသို့သောအကျင့်ကိုအဘယ်တရားမျှ မမြစ်တား၊၂၄ ခရစ်တော်နှင့်စပ်ဆိုင်သောသူတို့သည် ဇာတိပကတိကိုရင်း၊ ဇာတိပကတိစိတ်များနှင့် အလိုဆန္ဒများကိုရင်း၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြပြီ။ ၂၅ သို့ဖြစ်၍ ငါတို့သည်ဝိညာဉ်ပ က တိ ကြော င့် အ သ က်ရှ င်လျှ င်၊ ဝိ ညာ ဉ်ပ က တိ အ တို င်း ကျ င့် ကြ ကု န် အံ့၂၆အချည်းနှီးသောကျော်စောကိတ္တိကိုတပ်မက်ခြင်း၊အချင်းချင်းချုပ်ချယ်နှောင့်ရှက်ခြင်း၊ အချင်းချင်း ငြူစူခြင်းတို့ကို ရှောင်၍နေကြကုန်အံ့။

## သင်ခန်းစာ ( ၁၆ ) မေးခွန်းများ

၁။ တဆေးသည် မည်သည့်အရာကိုပုံဆောင်သနည်း။ - - - - - - - -

၂။ ဇာတိတဘောသည် မည်သည့်အရာနှင့်တူသနည်း။ - - - -  - - -

၃။ ဖာရိရှဲတဆေးသည် မည်သည့်အရာနည်း။ - - - — - - -  - - —

၄။ ဇဒ္ဒုကဲတဆေးသည် မည်သည့်အရာနည်း။ - - -  —  - - - - -

၅။ ဟေရုဒ်တဆေးသည် မည်သည့်အရာနည်း။ - - - -  —  - - - -

၆။ ယုံကြည်သူများသည် မည်သည့်မုန့်ဖြစ်ကြသနည်း။ - - - - - - -

၇။ ဝိညာဉ်ပကတိသည် အသစ်သော - - - - - - -  ဖြစ်သည်။

သင်ခန်းစာ ( ၁၇ )

# ရွှေမီးခွက်ခုနှစ်လုံး



ရွှေမီးခွက်ခုနစ်လုံးသည် အရေးကြီးသည်။ တဲတော်ထဲ၌ ယဇ်ပုရောဟိတ် အမှုတော်ဆောင်သောအခါ၊ အမှားအယွင်းမရှိဖို့ရန် အလင်းကိုပေးသော ရွှေ မီးခွက်ခုနစ်လုံးဖြစ်သည်။ ရွှေမီးခွက်ခုနစ်လုံးကိုလည်း လုပ်ရမည်။ စားပွဲကို လင်းစေခြင်းငှာ ထိုမီးခွက်ကို ထွန်းရမည်ဟု တောင်ပေါ်မှာထားသည်အ တိုင်း လုပ်ရမည်ဟု မောရှေကို မှာထားသည်။

**ထွက်၊ ၂၅း၃၁-၄၀ မီးခုံကိုလည်း ရွှေစင်နှင့်လုပ်၍၊ မီးခုံတိုင်အစရှိသော အလက်များ၊ ခွက်များ၊ ဘူးသီးများ၊ကြာပွင့်များတို့ကိုတစပ်တည်းထုရမည်။**

**၃၂ မီးခုံတိုင်တဘက်တချက်သုံးလက်စီထွက်၍၊အလက်ခြောက်လက်ရှိရမည်။ ၃၃ မီးခုံတိုင်ထဲက ထွက်သော အလက်သုံးလက်တွင်၊တလက် တလက်၌ ဘူးကြာပွင့်နှင့်တကွ၊ ဗာတံသီးနှင့်ပုံတူသောခွက်သုံးခွက်ရှိရမည်။၃၄မီးခုံတိုင်၌လည်း ဘူးကြာပွင့်နှင့်တကွ၊ ဗာတံသီးနှင့်ပုံတူသော ခွက်လေးခွက် ရှိရမည်။၃၅ မီးခုံတိုင်ထဲကထွက်သောအလက်ခြောက်လက်ရှိသည်အတိုင်း၊ အလက်နှစ်ဘက်အောက်၌လည်း ဘူးသီးတလုံးစီ ရှိရမည်။ ၃၆ ဘူးများ၊ အလက်များတို့ကို တကိုယ်တစပ်တည်းဖြစ်စေ၍၊ မီးခုံတကိုယ်လုံးကို ရွှေစင်နှင့် ထုလုပ်ရမည်။ ၃၇ မီးခွက်ခုနစ်လုံးကိုလည်း လုပ်ရမည်။ စားပွဲကို လင်းစေခြင်းငှာ ထိုမီးခွက်ကို ထွန်းရမည်။ ၃၈ မီးညှပ်နှင့် မီးညှပ်ခံစရာခွက်တို့သည်လည်း ရွှေစင်ဖြစ်ရမည်။ ၃၉မီးခုံနှင့် မီးခုံတန်ဆာရှိသမျှတို့ကို၊ ရွှေစင်အခွက်တဆယ်နှင့် လုပ်ရမည်။၄၀ တောင်ပေါ်မှာ သင့်အား ပြခဲ့ပြီးသောပုံနှင့် ညီလျော်စွာ လုပ်ခြင်းငှာ သတိပြုရမည်။ ( ထွက်၊ ၂၅း၃၁-၄၀ )**

# ရွှေမီးခွက်ခုနစ်လုံးသည် အသင်းတော်ခုနစ်ပါးဖြစ်သည်

အသင်းတော်ခုနစ်ပါး၏ နာမည်များကို ဖော်ပြထားသည်။ မီးခွက်ခုနစ်လုံးသည် အသင်းတော်ခုနစ်ပါးဖြစ်၍၊ ကြယ်ခုနစ်လုံးသည်အသင်းတော်ကို ကြည့်ရှုသော သင်းအုပ်များဖြစ်သည်။

**ဗျာ၊ ၁း၁၁ မြည်သောအချက်ဟူမူကား၊ သင်သည်မြင်သော အရာကို စာစောင်၌ ရေးထား၍၊ ဧဖက်မြို့၊ စမုရနမြို့၊ ပေရဂံမြို့၊သွာတိရမြို့၊ သာဒိမြို့၊ ဖိလဒေလဖိမြို့၊ လောဒိကိမြို့၌ရှိသော အသင်းတော်ခုနစ်ပါးထံသို့ ပေးလိုက် လော့ဟုဆိုသတည်း။**

**ဗျာ၊ ၁း၂၀ငါ့လက်ျာလက်၌ ထင်ရှားသောကြယ်ခုနှစ်လုံးနှင့်ရွှေမီးခွက် ခုနှစ်လုံး၏ နက်နဲခြင်းအရာဟူမူကား၊ မီးခွက်ခုနှစ်လုံးသည်အသင်းတော်ခုနှစ်ပါးဖြစ်၏။ ကြယ်ခုနှစ်လုံးသည်လည်းထိုခုနှစ်ပါးသော အသင်းတော် တို့ကိုအုပ်သောတမန်ဖြစ်ကြ၏။**

သင်ခန်းစာ ( ၁၇ ) မေးခွန်းများ

၁။ ရွှေမီးခုံတိုင်သည် မည်သည့်နေရာ၌ရှိသနည်း။ - - - - - - -

၂။ မီးတိုင်၌မီးခွက်ဘယ်နှစ်လုံးရှိသနည်း။ - - -  - - - -  - - - -

၃။ ယဇ်ပုရောဟိတ်များ အမှုဆောင်သောအခါ မီးခွက်ဘာလုပ်ကြသနည်း။ - - - - -  - - -

၄။ မီးခွက်ခုနစ်လုံးသည် မည်သည့်အရာပုံဆောင်သနည်း။ - - - - - - -

၅။ အသင်းတော်ခုနစ်ပါး၏အမည်များဖော်ပြပါ။ - - - - - -  — - - - -
- — - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

သင်ခန်းစာ ( ၁၈ )

# ချစ်ခြင်းမေတ္တာလျှော့သောအသင်းတော်

ဗျာ၊ ၂း၁-၇ ဖေက်မြို့၌ရှိသော အသင်းတော်၏တမန်ကို ဤသို့ ရေး၍မှာ လိုက်လော့။ လက်ျာလက်၌ ကြယ်ခုနစ် လုံးကိုကိုင်၍၊ရွှေမီးခွက် ခုနစ် လုံးအလယ်၌ သွားလာသောသူ၏အမိန့်တော်ကား၊ သင်အကျင့်ကျင့်ခြင်း၊ ပင်ပန်းစွာလုပ်ဆောင်ခြင်း၊သည်းခံခြင်းကိုငါသိ၏။ ၂သင်သည်မတရားသော သူတို့ကို လက်မခံနိုင်ကြောင်းကိုငင်း၊တမန်တော်မဟုတ်ဘဲ၊ တမန်တော်ဖြစ် ယောင်ဆောင်သောသူတို့ကို စစ်ဆေး၍ လှည့်ဖြားသောသူဖြစ်သည်ဟုသိ ကြောင်းကိုငင်း ၊ ၃ ခန္တီနှင့်ပြည့်စုံ၍။ငါ၏နာမကြောင့်ဆင်းရဲခံ၍ အားမလျော့ ကြောင်းကိုငင်းငါသိ၏။ ၄ သို့သော်လည်း၊ သင်သည် ရှေ့ဦးစွာသော ချစ်ခြင်း မေတ္တာလျော့ပြီဟုသင်၌အပြစ်တင်စရာရှိ၏။ ၅ ထိုကြောင့်၊ သင်သည်မ ရွေ့လျော့မှီ ၊ အရင်နေရာ အရပ်ကို အောက်မေ့လော့ ၊ နောင်တရလော့။ ရှေ့ ဦးစွာသော အကျင့်ကို ကျင့်လော့၊သို့မဟုတ် သင်ရှိရာ သို့ငါသည်အလျင်အမြန် လာမည်။ နောင်တမရလျှင်၊ သင်၏မီးခွက်ကိုနေရာမှရွှေ့မည်။ ၆သို့သော်လည်း ငါမုန်းသောနိကောလတပည့်တို့၏အကျင့်ကို သင်လည်း မုန်းသည်ဟု ပြောစရာရှိ၏။၇ဝိညာဉ်တော်သည် အသင်းတော်တို့အား အဘယ်သို့ မိန့်တော်မူသည်ကို၊ နားရှိသောသူ မည်သည် ကားကြားပါစေ။ အကြင်သူ သည်အောင်မြင်၏။ ထိုသူသည်ငါ၏ဘုရားသခင် ပရဒိသု ဥယျာဉ်၌ ရှိသော အသက်ပင်၏ အသီးကိုစားစေခြင်းငှါ အခွင့်ပေးမည်။

## ညှဥ်းဆဲခြင်းခံသောအသင်းတော်

ဗျာ၊ ၂း၈-၁၁ စမုရနမြို့၌ရှိသော အသင်းတော်၏ တမန်ကို ဤသို့ ရေး၍ မှာလိုက်လော့။ အဦးဆုံးသောသူ၊ နောက်ဆုံးသောသူတည်းဟူသော၊ အ ရင်သေ၍ အသက်ရှင်လျက်ရှိသော သူ၏ အမိန့်တော်ကား၊ ၉ သင်အကျင့်ကျ င့်ခြင်း၊ ဒုက္ခခံခြင်း၊ ဆင်းရဲခြင်း ကိုငါသိ၏။သို့သော်လည်း၊ သင်သည် ကြွယ်ဝပြည့်စုံခြင်း ရှိ၏။ယုဒလူဖြစ်ယောင် ဆောင်၍ ယုဒလူမှန်မဟုတ်၊ စာတန်၏ အပေါင်းအသင်းဖြစ်သော သူတို့၏ ကဲ့ရဲ့ခြင်း ကိုလည်း ငါသိ၏။ ၁၀ သင်သည်ခံရမည့်အရာ တစုံတခုကိုမျှ မကြောက်နှင့်။သင်တို့သည်စုံစမ်း ခြင်းကိုခံရမည် အကြောင်း၊ မာရ်နတ်သည် သင်တို့တွင် အချို့ကို ထောင်ထဲ၌ လှောင်ထား၍၊သင်တို့သည်ဆယ်ရက်ပတ်လုံး ဆင်းရဲဒုက္ခကိုခံရကြလိမ့်မည်။ သေသည်တိုင်အောင် သစ္စာစောင့်လော့။ သို့ဖြစ်လျှင်၊ အသက်သရဖူကို ငါ ပေးမည်။ ၁၁ ဝိညာဉ်တော်သည် အသင်းတော်တို့အား အဘယ်သို့ မိန့်တော်မူ သည်ကို နားရှိသောသူ မည်သည် ကား ကြားပါစေ။ အောင်မြင်သော သူကို ဒုတိယသေခြင်းသည် မညှဥ်းဆဲရ။

## ရောနှောသောအသင်းတော်

ဗျာ၊ ၂း၁၂-၁၇ ပေရဂံမြို့၌ရှိသော အသင်းတော်၏ တမန်ကို ဤသို့ ရေး၍ မှာလိုက်လော့။ ထက်သောသန်လျက် ရှိသော သူ၏ အမိန့်တော်ကား၊ ၁၃သင်အကျင့်ကျင့်ခြင်းကိုငှင်း၊ စာတန်၏ ရာဇပလ္လင်ရှိရာ အရပ်တည်း ဟူသောသင်၏နေရာအရပ် ကိုငှင်း ငါသိ၏။ စာတန်၏ နေရာအရပ်၌ သင်တို့ တွင် အသေသတ်ခြင်းကိုခံရသောအန္တိပသည် သစ္စာရှိ၍ ငါ့ဘက်၌သက်သေခံရ

သောနေ့ရက်ကာလတွင်ပင်၊ သင်သည်ငါ၏နာမကို စွဲကိုင်၏။ ငါ၏ယုံကြည်ခြင်း တရားကို မစွန့်မပယ်။ ၁၄ သို့သော်လည်း ဣသရေလအမျိုးသားတို့သည် ရုပ်တုရှေ့မှာ ပူဇော်သောယဇ်ကောင်ကို စားစေခြင်းငှါ ၎င်း၊ မတရားသောမေထုန်ကို ပြုစေခြင်းငှါ၎င်း ၊ ထိမိ၍ လဲစရာအရာကို သူတို့ရှေ့၌ ချထားမည်အကြောင်း၊ ဗာလက်မင်းကိုအကြံပေးသောသူတည်းဟူသော ဗာလမ်၏အယူကို စွဲလမ်းသောသူတို့သည် သင်၏နေရာ ၌ရှိကြသည်ဖြစ်၍၊ သင်၌အနည်းငယ်သောအပြစ်တင်စရာရှိ၏။ ၁၅ထိုအယူနှင့်သဘောတူသော နိကောလတပည့်တို့၏ အယူကို စွဲလမ်းသော သူတို့သည် ထိုနည်းတူ သင်၌ရှိကြ၏။ ၁၆ ထိုကြောင့်နောင်တရလော့။ မရလျှင်သင်ရှိရာသို့ငါသည်အလျင်အမြန်လာမည်။ ထိုသူတို့ကို ငါ့ခံတွင်း၏သန်လျက်နှင့် စစ်တိုက်မည်။ ၁၇ ဝိညာဉ်တော်သည် အသင်းတော်တို့အား အဘယ်သို့ မိန့်တော်မူသည်ကို၊ နားရှိသောသူမည်သည် ကား ကြားပါစေ။ အကြင်သူသည် အောင်မြင်၏။ ဝှက်ထားသောမန္နကို၎င်း၊ ကျောက်ဖြူလက်ဖွဲ့ကို၎င်း၊ ထိုကျောက်ပေါ်၌ အက္ခရာတင်သောနာမသစ်ကို၎င်း ထိုသူအား ငါပေးမည်။ ထိုကျောက်ကိုရသော သူမှတပါး အဘယ်သူမျှ ထိုနာမကို မသိနိုင်ရာ။

## သင်ခန်းစာ ( ၁၈ ) မေးခွန်းများ

၁။ ဧဖက်မြို့၌ရှိသောအသင်းတော်သည် ---- သိသောအသင်း
တော်ဖြစ်သည်။

၂။ ဧဖက်မြို့၌ရှိသောသင်းတော်သည် ------ ကိုမှန်ကန်စွာပိုင်းခြား
တတ် သောအသင်းတော်ဖြစ်သည်။

၃။ ဧဖက်မြို့၌ရှိသောအသင်းတော်သည် မည်သည့်အရာမရှိသနည်း။
------- --

၄။ ဧဖက်မြို့၌ရှိသောအ သင်းတော်သည် မည်သည့်အရာဖြစ်ဖို့လို
သနည်း။ -----

၅။ နောင်တမရလျှင် မည်သည့်အရာကိုရွှေ့ပေးမည်ဟုဆိုသနည်း။ --

၆။ စမုရနမြို့၌ရှိသော အသင်းတော်သည် မည်သည့်အရာကိုခံသော
အသင်းတော်ဖြစ်သနည်း။ ----- -

၇။ စမုရနမြို့၌ရှိသော အသင်းတော်သည်လူ၏အမြင်၌ဆင်းရဲသော်
လည်းဘုရားအမြင်၌ - ------- အသင်းတော်ဖြစ်သည်။

# အကျင့်ပျက်သောအသင်းတော်

ဗျာ၊ ၂း၁၈-၂၉သွာတိရမြို့၌ ရှိသောအသင်းတော်၏ တမန်ကို ဤသို့
ရေး၍ မှာလိုက်လော့။ မီးလျှံကဲ့သို့သော မျက်စိနှင့် ၎င်း ၊ ကြေးဝါစစ်နှင့်
တူသောခြေနှင့်၎င်း၊ ပြည့်စုံသော ဘုရားသခင့်သားတော်၏ အမိန့်တော်ကား၊
၁၉ သင်အကျင့်ကျင့်ခြင်း၊ ချစ်ခြင်း၊အမှုဆောင်ခြင်း၊ ယုံကြည်ခြင်း၊သည်းခံ
ခြင်းကို၎င်း နောက်ကျင့် သောအကျင့်တို့သည် အရင်ကျင့်သောအကျင့်ထက်
သာ၍များကြောင်းကို၎င်း ငါသိ၏။ ၂၀ သို့သော်လည်း၊ ငါ၏အစေခံကျွန်
တို့သည် မတရားသော မေထုန်ကို ပြုစေခြင်းငှါ၎င်း၊ ရုပ်တုရှေ့မှာ ပူဇော်သော
ယဇ်ကောင်ကို စားစေခြင်းငှါ၎င်း၊ ပရောဖက်မဟူ၍ ကိုယ်ကိုခေါ်ဝေါ်သော
သင်၏ ခင်ပွန်း ယေဇဗေလသည် သွန်သင်၍ မှားယွင်းစေရသောအခွင့်ကို သင်
သည်ပေးသောကြောင့်၊ သင်၌ အပြစ်တင်စရာ ရှိ၏။ ၂၁ နောင်တရသင့်သော
ကာလကို ငါပေးသော်လည်း၊ သူသည် မိမိမတရားသောမေထုန်ကို နောင်တရ
ချင်သော စိတ်မရှိ။ ၂၂ထိုကြောင့်၊ သူ့ကိုအိပ်ရာ၌ငါချထားမည်။ သူနှင့်အတူ မ
တရားသော မေထုန်ကိုပြု၍၊ ထိုသို့သော အကျင့်ကိုနောင်တမရသောသူတို့ကို
လည်း၊ ကြီးစွာသော ဆင်းရဲခြင်းသို့ ရောက်စေမည်။ ၂၃ သူ၏သားသမီးတို့
ကိုလည်း အသေသတ်မည်။ ငါသည် နှလုံးကျောက်ကပ်ကို စစ်ဆေးတော်မူ
သော သူဖြစ်ကြောင်းကို ထိုသို့သောအားဖြင့် ခပ်သိမ်းသော အသင်းတော်
တို့သည် သိရကြလိမ့်မည်။ သင်တို့သည် အသီးအသီးကျင့်သော အကျင့်နှင့်

အလျောက် အကျိုးအပြစ်ကို ငါပေးမည်။ ၂၄ ထိုမိစ္ဆာဒိဋ္ဌိအယူကို ယူသောသူ တို့ ခေါ်ဝေါ်သည်နှင့်အညီ၊ စာတန်၏ နက်နဲသောအရာဟုခေါ်ဝေါ်သောအရာတို့ ကို မကျွမ်း၊ထိုမိစ္ဆာဒိဋ္ဌိအယူကိုမယူ၊ ကြွင်းသောသွာတိရမြို့သားတို့ကို ငါ ဆိုသည်ကား၊ သင်တို့ သည် ရသမျှကို ငါလာသည်တိုင်အောင် စွဲကိုင်ကြလော့။ ၂၅ ထိုမှတပါး အခြားသောဝန်ကို သင်တို့အပေါ်၌ ငါမတင်။ ၂၆ အကြင်သူ သည်အောင်မြင်၍အဆုံးတိုင်အောင် ငါ့အကျင့်ကိုကျင့်၏။ ငါ့ခမည်း တော်သည် ငါ့အား အခွင့် ပေးတော်မူသကဲ့သို့၊ လူမျိုးတို့ကို အုပ်စိုးစေခြင်းငှါ ထိုသူအားငါသည် အခွင့်ပေးမည်။၂၇ ထိုသူသည် သူတို့ကိုသံလှံတံနှင့် အုပ်စိုး၍၊ မြေအိုးကိုခွဲဖျက် သကဲ့သို့ ခွဲဖျက်လိမ့်မည်။ ၂၈ မိုဃ်းသောက်ကြယ် ကိုလည်း ထိုသူအား ငါပေးမည်။ ၂၉ ဝိညာဉ်တော်သည် အသင်းတော်တို့အား အဘယ်သို့ မိန့်တော်မူသည်ကို နားရှိသောသူ မည်သည် ကား ကြားပါစေ။

# သေနေသောအသင်းတော်

ဗျာ၊ ၃း၁-၆သာဒိမြို့၌ရှိသောအသင်းတော်၏ တမန်ကို ဤသို့ရေး၍ မှာလိုက်လော့။ ဘုရားသခင်၏ ဝိညာဉ် ခုနစ်ပါးနှင့်ကြယ်ခုနစ်လုံး ရှိသော သူ၏အမိန့်တော်ကား၊ သင်၏အကျင့်ကိုငါသိ၏။ သင်သည်အသက်ရှင်ဟန်ရှိ သော်လည်း သေလျက်နေသည်ကို ငါသိ၏။ ၂မအိပ်ဘဲစောင့်၍နေလော့။ ကျန်ရစ်၍ သေလုသောအရာတို့ ကို ပြုစုလော့။ သင်၏အကျင့်သည် ငါ၏ဘုရားသခင်ရှေ့၌မစုံမလင်ရှိသည်ကိုငါတွေ့ပြီ။ ၃ထိုကြောင့်၊သင်သည် ခံယူ၍နားထောင်ပြီးသည်အရာကို အောက်မေ့၍ စောင့်ရှောက်လော။ နောင်တရ လော့။ စောင့်၍ မနေလျှင် သူခိုးကဲ့သို့ သင်ရှိရာသို့ ငါလာမည်။ လာမည့်အချိန်

နာရီကိုလည်း သင်မသိရ။ ၄ သို့သော်လည်း၊ သာဒိမြို့၌ပင် သင်တို့တွင် ကိုယ် အဝတ်ကို မညစ်ညူးစေသော သူနည်းနည်းရှိသေး ၏။ ထိုသူတို့သည် ထိုက်တန်သောသူဖြစ်၍၊ အဖြူ ဝတ်လျက် ငါနှင့်အတူသွားလာကြလိမ့်မည်။ အောင်မြင် သော သူသည် ဖြူသောအဝတ်ကို ဝတ်ဆင်လိမ့်မည်။ ၅ထို သူ၏နာမကို အသက်စာစောင်မှ ငါသည် အလျှင်းမချေ။ ငါ့ခမည်းတော် ရှေ့၌၎င်း၊ ကောင်းကင်တမန်တော်တို့၌၎င်း သူ၏နာမကို ငါဝန်ခံမည်။ ၆ ဝိညာဉ်တော်သည် အသင်းတော်တို့အား အဘယ်သို့ မိန့်တော်မူသည်ကို နား ရှိသောသူမည်သည် ကား ကြားပါစေ။

# သစ္စာရှိသောအသင်းတော်

ဗျာ၊ ၃း၇-၁၃ဖိလဒေလဖိမြို့၌ရှိသော အသင်းတော်၏ တမန်ကိုဤသို့ ရေး၍ မှာလိုက်လော့။ သန့်ရှင်းသောသူ၊ ဟုတ်မှန်သောသူ၊ဒါဝိဒ်မင်း၏ တံခါး သော့ကို ကိုင်သော သူ၊ အဘယ်သူမျှ မပိတ်နိုင်အောင် ဖွင့်၍၊ အဘယ်သူမျှ မ ဖွင့်နိုင်အောင် ပိတ်သောသူ၏ အမိန့်တော်ကား။ ၈ သင်၏အကျင့်ကိုငါသိ၏။ အဘယ်သူမျှ မပိတ် နိုင်သောတံခါး ကို သင့်ရှေ့၌ငါဖွင့်ထားပြီ၊ အကြောင်း မူကား၊ သင်သည်အနည်း ငယ်သောခွန်အားရှိသည်နှင့်၊ ငါ၏နှုတ်ကပတ်ကို စောင့်ရှောက်ခဲ့ပြီ။ ၉ ငါ၏နာမကိုလည်း မစွန့်မပယ်။ ယုဒလူ ဖြစ် ယောင် ဆောင်၍ အမှန်မဟုတ်ဘဲ ၊ မုသာစကားကိုပြော သောသူတည်းဟူသော၊ စာတန်၏ အပေါင်းအသင်းဝင်သူ အချို့တို့ကို သင်၌ငါအပ်ပေးမည်။ သူ တို့သည်လာ၍ သင်၏ခြေရင်း၌ပြပ်ဝပ်စေခြင်းငှါ၎င်း၊ ငါသည်သင့်ကို ချစ်သည်ဟု သိစေရခြင်းငှါ၎င်း ငါပြုမည်။ ၁၀ သင်သည် ငါ၏သည်းခံခြင်း

နှင့်စပ်ဆိုင်သော နှုတ်ကပတ် တရားကိုစောင့် ရှောက်သောကြောင့်၊ မြေကြီး အပေါ်၌ နေသောသူတို့ကို စုံစမ်းစေခြင်းငှါ၊ လောကီ နိုင်ငံအရပ်ရပ်တို့ကို နှံ့ပြားလတံ့သော စုံစမ်းရာ ကာလတွင်၊ သင့်ကိုငါစောင့်ရှောက်မည်။ ၁၁ ငါ သည်အလျင်အမြန်လာမည်။ သင်၏ သရဖူကို အဘယ်သူ မျှမယူစေခြင်းငှါ၊ ရခဲ့ပြီးသော အရာကို စွဲကိုင်လော့။ ၁၂ အကြင်သူသည် အောင်မြင်၏။ ထိုသူ ကို ငါသည်ငါ၏ဘုရား သခင်ဗိမာန်တော်၌ တိုင်ဖြစ်စေမည်။ နောင်တဖန်သူ သည်ပြင်သို့ မရွေ့ရ။ ငါ၏ ဘုရားသခင် နာမတော်ကိုငှင်း၊ ငါ၏ဘုရားသခင့် အထံတော် မှထွက်၍၊ ကောင်းကင်ဘုံမှ ဆင်းသက်သောယေရုရှလင်မြို့သစ် တည်းဟူသော၊ ငါ၏ဘုရားသခင်မြို့တော်၏ နာမကိုငှင်း၊ ငါ၏နာမသစ် ကိုငှင်း၊ ထိုသူအပေါ်၌ ငါသည် အက္ခရာတင်မည်။ ၁၃ ဝိညာဉ်တော်သည် အသင်းတော်တို့အား အဘယ်သို့ မိန့်တော် မူသည်ကို နားရှိသော သူမည်သည် ကားကြားပါစေ။

## မပုမအေးအသင်းတော်

ဗျာ၊ ၃း၁၄-၂၂လောဒိကိမြို့၌ရှိသော အသင်းတော်၏ တမန် ကိုဤသို့ ရေး၍ မှာလိုက်လော့။ ဘုရားသခင်၏ ဝေနေယျသတ္တဝါတို့အထွဋ်၊ သစ္စာရှိ၍ ဟုတ်မှန်သော သက်သေခံ၊ အာမင်၏ အမိန့်တော်ကား၊ ၁၅ သင်၏အကျင့်ကို ငါသိ၏။ သင်သည် အမေဟုတ်၊ အပူမဟုတ်သည်ကို ငါသိ၏။ ခြေင်းဖြစ် စေ။ ပူခြင်းဖြစ်စေ၊ တခုခုကို ငါအလိုရှိ၏။ ၁၆ထိုသို့အမေဟုတ်၊ အပူမဟုတ်၊ နွေးရုံရှိသောကြောင့် ငါ၏ခံတွင်းသည် သင့်ကိုထွေးလုပြီ။ ၁၇ သင်ကလည်း၊ ငါသည်ဥစ္စာရတတ်၏။ ဘဏ္ဍာများကိုဆည်းဖူးပြီး။ တစုံတခုကိုမျှမလိုဟု

ပြောဆို၍ ကိုယ်တိုင်ပင်ပန်းခြင်း၊ သနားဘွယ်ဖြစ်ခြင်း၊ ဆင်းရဲခြင်း၊ မျက်စိကန်းခြင်း၊ အဝတ်အချည်းစည်းရှိခြင်း ဖြစ်သည်ကို မသိပါတကား။ ၁၈ သင်သည်ဥစ္စာရတတ်ခြင်းငှါ၊ မီးနှင့်ချွတ်ပြီးသောရွှေကိုငင်း၊ အဝတ်အချည်းစည်းရှိ၍၊ သူတပါး ရှေ့တွင် မရှက်စေခြင်းငှါ ခြုံရာဘို့၊ ဖြူသော အဝတ်ကိုငင်း ငါ့ထံမှာဝယ်လော့။ သင်၏မျက်စိမြင်စေခြင်းငှါ၊ မျက်စိ၌မျက်စဉ်းခတ်လော့ဟု သင့်အားငါသည် အကြံပေး၏။ ၁၉ ငါချစ်သမျှသော သူတို့၏အပြစ်ကိုငါစစ်ဆေး၍ သူတို့ကိုဆုံး မတတ်၏။ ထိုကြောင့် ကိုယ်စိတ်ကို ကိုယ်နှိုးဆော်လော့။ နောင်တရလော့။ ၂၀ ငါသည်တံခါးရှေ့မှာရပ် ၍ ခေါက်လျက်နေ၏။ အကြင်သူသည်ငါ၏အသံကို ကြား၍တံခါးကို ဖွင့်အံ့၊ ထိုသူရှိရာသို့ငါဝင်၍ သူနှင့်အတူ စားသောက်မည်၊သူသည်လည်းငါနှင့် အတူ စားသောက်ရလိမ့်မည်။ ၂၁ ငါသည်အောင်မြင်၍ ငါ့ခမည်းတော်၏ ပလ္လင်တော်ပေါ်မှာခမည်းတော်နှင့်အတူထိုင်နေသကဲ့သို့၊ အောင်မြင်သော သူသည်ငါ၏ ပလ္လင်ပေါ်မှာ ငါနှင့်အတူ ထိုင်နေရသောအခွင့်ကိုငါပေးမည်။ ၂၂ ဝိညာဉ်တော်သည် အသင်းတော်တို့အား အဘယ်သို့ မိန့်တော်မူသည်ကို နားရှိသောသူ မည်သည်ကား ကြားပါစေဟုမိန့်တော်မူ၏။

## သင်ခန်းစာ ( ၁၉ ) မေးခွန်းများ

၁။ သွာတိရမြို့၌ ရှိသောအသင်းသည် မည်သည့်အသင်းတော်ဖြစ်
သည်နည်း။ - - - - - - - - - - -

၂။ သာဒိမြို့၌ရှိသောအသင်းတော်သည် မည်သည့်အသင်းတော်ဖြစ်
သနည်း။ - - - - - - - - — - -

၃။ ဖိလဒေလဖိမြို့၌ရှိသောအသင်းတော်သည် မည်သည့်အသင်း
တော်နည်း။ - - - - - - - - — - - - -

၄။ လောဒိကိမြို့၌ရှိသော အသင်းတော်သည် မည်သည့်အသင်းတော်
နည်း။ - - - - - - - - - - - - -

သင်ခန်းစာ ( ၂၀ )

# နံ့သာပေါင်းမွှေးမီးရှို့ရာယဇ်ပလ္လင်



နံ့သာပေါင်းကို မီးရှို့စရာယဇ်ပလ္လင်ဖြစ်သည်။ ဘုရားသခင်မှာထားသည်အတိုင်း ပြုလုပ်ရမည်ဖြစ်သည်။ ပေအတိအကျပြောသည်အတိုင်း ပြုလုပ်ရ

မည်။ သန့်ရှင်းရာဌါနထဲ၌ ယဇ်ပုရောဟိတ်သည် ဝင်သောအခါ၊ မနက်တစ်ခါ၊ ညပိုင်းတစ်ခါ၊ နံ့သာပေါင်းကိုမီးရှို့ရမည်။

**ထွက်၊ ၃၀း၁-၁၀ တနည်းကား၊ နံ့သာပေါင်းကို မီးရှို့စရာယဇ်ပလ္လင်ကို အကာရှသားနှင့် လုပ်ရမည်။ ၂ ထိုပလ္လင်သည် အလျားတတောင်၊ အနံ တတောင်၊ စတုရန်းလေးထောင့်ဖြစ်၍၊ အမြင့်နှစ်တောင်ရှိ ရမည်။ ဦးချိုတို့ကို လည်း အကာရှသားဖြင့် ပြီးစေရမည်။ ၃ ပလ္လင်ထိပ်၊ နံရံ၊ ဦးချိုတို့ကို ရွှေစင် နှင့် မွမ်းမံ၍၊ အပေါ်နားပတ်လည်၌ ကွပ်သော ရွှေတန်ဆာကိုလည်း လုပ်ရမည်။ ၄ရွှေတန်ဆာအောက်၊ ပလ္လင်တဘက်တချက်ထောင့်၌ ရွှေကွင်းနှစ်ကွင်းကို လုပ်၍၊ ပလ္လင်ထမ်းစရာ ထမ်းဘိုးနေရာ ဖြစ်ရမည်။၅ထမ်းဘိုးတို့ကို အကာရှ သားနှင့် လုပ်၍ ရွှေနှင့်မွမ်းမံခံရမည်။ ၆ ငါသည် သင်နှင့်တွေ့ရာအရပ်၊ သက်သေခံချက် ထားသောသေတ္တာကို ကာသော ကုလားကာရှေ့၌ ထိုပလ္လင်ကို ထားရမည်။ ၇အာရုန်သည် နံနက်တိုင်း မီးခွက်တို့ကို ပြင်သောအခါ၊ထိုပလ္လင် ပေါ်မှာ မွှေးသော နံ့သာပေါင်းကို ရှို့ရမည်။ ၈ ညဦးယံ၌လည်း မီးခွက်တို့ကို ထွန်းသောအခါ၊ ထိုပလ္လင်ပေါ်မှာ နံ့သာပေါင်းကို ရှို့ရမည်။ ထိုသို့ သင်တို့ သားစဉ်မြေးဆက်တို့သည် ထာဝရဘုရား ရှေ့တော်၌ အစဉ်အမြဲ ပြုရသော နံ့သာ ပေါင်းရှို့ခြင်း ဖြစ်သတည်း။ ၉ ထိုပလ္လင်ပေါ်မှာ ထူးခြားသော နံ့သာပေါင်းကို မရှို့ရ။ မီးရှို့သော ယဇ်ကို မပြုရ။ ဘောဇဉ် ပူဇော်သက္ကာကို လည်း မပြုရ။ သွန်းလောင်းရာ ပူဇော်သက္ကာကိုလည်း မပြုရ။ ၁၀ အာရုန် သည် တနှစ်တခါ အပြစ်ဖြေရာယဇ် ကောင်အသွေး ကိုယူ၍၊ ထိုပလ္လင်၏ ဦးချိုတို့၌ အပြစ်ဖြေခြင်း မင်္ဂလာကို ပြုရမည်။ သင်တို့ သားစဉ်မြေးဆက်**

**တို့သည် တနှစ်တခါ ထိုသို့ ပြုရ ကြမည်။ ထာဝရဘုရားအား အလွန်သန့်ရှင်း သော ယဇ်ပလ္လင်ဖြစ်သည်။**

# ယုံကြည်သူများ၏ဆုတောင်းခြင်း

နံ့သာပေါင်းမီးရှို့ခြင်းသည် ယုံကြည်သူများ၏ ပဋ္ဌနာပြုခြင်း ဖြစ်သည်။ ဘုရားကိုချီးမွမ်းခြင်း၊ ဘုရားကိုချီးမြှောက်ခြင်း၊ ဘုရားနှင့်မိတ်သဟာယဖွဲ့ခြင်းသည် နံ့သာပေါင်းမီးရှို့ခြင်းဖြစ်၍၊ ဘုရားအားရနှစ်သက်သော အရာဖြစ်သည်။ လက်ကိုချီခြင်းနှင့် ဆုတောင်းခြင်းသည် ဘုရားရှေ့တော်၌ ညဦးယံပူဇော်သက္ကာ ကဲ့သို့ဖြစ်သည်။ ထို့ကြောင့် ယုံကြည်သူများသည် ဘုရားကိုချီးမွမ်း၍၊ ဆုများများတောင်းဖို့ရန်ဖြစ်သည်။

**ဆာလံ၊ ၁၄၁း၂ အကျွန်ုပ်၏ ပဋ္ဌနာသည်မီးရှို့သော နံ့သာပေါင်း ကဲ့သို့၎င်း၊ လက်ကိုချီခြင်းသည် ညဦးယံပူဇော်သက္ကာ ကဲ့သို့၎င်း၊ ရှေ့ တော်၌ပြင်ဆင်လျက် ရှိပါစေသော။**

# သန့်ရှင်းသူတို့၏ပဋ္ဌနာပြုခြင်း

သန့်ရှင်းသောသူများသည် ယုံကြည်သူများကိုဆိုလိုခြင်းဖြစ်သည် ယုံကြည်သူများ၏ချီးမွမ်းခြင်း၊ ကိုးကွယ်ခြင်း၊ ဘုရားနှင့် မိတ်သဟာယဖွဲ့ခြင်း သည် နံ့သာပေါင်းကိုမီးရှို့သော အခိုးအငွေ့ကဲ့သို့ဖြစ်၍၊ ကောင်းကင်တမန်လက် မှ ဘုရားသခင်လက်ခံကြောင်းသိရသည်။ ထို့ကြောင့် ယုံကြည်သူများ၏ပဋ္ဌနာ ပြုခြင်းများသည် ဘုရားသခင်စိတ်တော်နှင့်တွေ့၍၊ အားရစေသောအရာ ဖြစ်သည်။

**ဗျာ၊ ၈း၃-၄ကောင်းကင်တမန်တပါးသည်လာ၍ ရွှေလင်ပန်းကို ကိုင်လျက် ယဇ်ပလ္လင်နားမှာရပ်နေ၏။ ပလ္လင် တော်ရှေ့၌ရှိသော ရွှေယဇ်ပလ္လင်ပေါ်မှာသန့်ရှင်းသူ အပေါင်းတို့၏ပဌနာနှင့်အတူ ဆက်ကပ်ခြင်းငှါ၊ မီးရှို့ သောနံ့သာပေါင်းအများကိုထိုသူ၌ပေး၏။ ၄ မီးရှို့သောနံ့သာပေါင်း၏ အခိုးအငွေ့သည် သန့်ရှင်းသူတို့၏ ပဌနာများနှင့်အတူ ကောင်းကင် တမန်၏ လက်ထဲက ဘုရားသခင့်ရှေ့တော်သို့ တက်လေ၏။**

# ဖြောင့်မတ်သောသူတို့၏ဆုတောင်းခြင်း

ဘုရားသခင်ကိုကြောက်ရွံ့၍၊ ဘုရားခိုင်းတာကိုလုပ်ဆောင်ခြင်း၊ ဘုရားစကားကို နားထောင်သောသူများ၏ ဆုတောင်းခြင်းကို ဘုရားသည် နားညောင်း၍၊ အဖြေပေးသည်။ သို့သော်လည်း မိမိကြိုက်သလိုအသက်ရှင်၍၊ ဘုရားကိုမကြောက်ရွံ့၊ ဘုရားစကားကိုနားမထောင် ဘုရားခိုင်းသောအရာလည်းမလုပ်၊ လောက၌ မိမိတပ်မက်ခြင်းနောက်သို့ လိုက်၍၊ ဒုစရိုက်ကိုပြုသောသူတို့၏၊ ဆုတောင်းသံကို ကြားသော်လည်း ဘုရားက မျက်နှာလွှဲမည်ဟုဆိုသည်။

**၁ပေ၊၃း၁၂ အကြောင်းမူကား၊ ထာဝရဘုရားသည် ဖြောင့်မတ်သောသူတို့ကို ကြည့်ရှုတော်မူ၏။ သူတို့ ဆုတောင်း ခြင်းကိုလည်း နားထောင်တော်မူ၏။ ဒုစရိုက်ပြုသော သူတို့ကိုကား၊ ထာဝရဘုရားသည် မျက်နှာလွှဲတော်မူ၏။**

# မာရိ၏အိမ်၌ဆုတောင်းခြင်း

ပေတရုသည် ဟေရုဒ်မင်း ဖမ်း၍ထောင်ထဲ ရောက်သောအခါ၊ မာကု အမည်သစ်ကိုရသော ယောဟန်အမိ မာရိ၏အိမ်မှာ ဆုတောင်းသောအရာကို ဘုရားသည် နားညောင်း၍၊ ကောင်းကင်တမန်အားဖြင့်ပေတရုကို ထောင်ထဲက ကယ်တင်ကြောင်းသိရသည်။ ထို့ကြောင့် ယုံကြည်သူများလည်း မည်သည့် ပြဿနာများရှိပါစေ ဆုတောင်းခြင်းနဲ့ဘုရားထံမှာ အပ်နှံပါက ဘုရားသခင် အဖြေပေးလိမ့်မည်။

**တ၊၁၂း၆-၁၆ ပေတရုသည် ဟေရုဒ်မင်း ထုတ်ခါနီး၊ ညဉ့်အချိန်တွင် သံကြိုး နှစ်စင်းနှင့်ချည် နှောင်ခြင်းကိုခံရလျက်၊ စစ်သူရဲနှစ်ယောက်တို့ အလယ်၌ အိပ်ပျော်၍၊ အစောင့် များ တို့သည် ထောင်တံခါးရှေ့မှာ စောင့်နေ ကြ၏။ ၇ ထိုအခါ ထာဝရဘုရား၏ ကောင်းကင်တမန် သည် ပေါ်လာလျှင် ထောင်အိမ်၌ အလင်းထွန်းတောက် လေ၏။ ကောင်းကင်တမန်သည် ပေတ ရု၏ နံဘေးကို ပုတ်ခတ်၍၊အလျင်အမြန်ထလော့ဟု ဆိုလျက်ထစေ ၏။ သံကြိုးသည်လည်း ပေတရုလက်မှကျွတ်လေ၏။ ၈ ကောင်းကင်တမန်က လည်း၊ သင်၏ ခါးပန်းကို စည်းလော့။ ခြေနင်းကိုလည်းစည်းလော့ဟုဆို လျှင်၊ ဆိုသည်အတိုင်း ပေတရုပြု၏။ ဝတ်လုံကိုခြုံ၍ ငါ့နောက်သို့လိုက်လော့ ဟုဆိုပြန်၏။ ၉ ပေတရုသည် ထွက်၍လိုက်သော်လည်း၊ ကောင်းကင်တမန် ပြုသမျှတို့သည် မှန်သောအမှုအရာ ဖြစ်သည်ဟု မသိမမှတ်ဘဲ၊ မိမိသည် ဗျာဒိတ်ရူပါရုံကို မြင်သည်ဟုထင်လေ၏။ ၁၀ လူစောင့်နှစ်တန်ကို လွန်သွား၍ မြို့ထဲသို့ ဝင်သော သံတံခါး သို့ရောက်လျှင်၊ ထိုတံခါးသည် အလိုလို ပွင့်သဖြင့် သူတို့သည်ထွက်၍ လမ်းတကြောင်း၌ ရှောက်သွားပြီးမှ၊**

**ကောင်းကင်တမန်သည် ချက်ခြင်း ပေတရုမှ ခွါ၍ သွားလေ၏။ ၁၁ ပေတရုသည် သတိရလျှင်၊ ယခုပင် သခင်ဘုရားသည် မိမိကောင်းကင်တမန်ကို စေလွှတ်၍ ဟေရုဒ်မင်း လက်မှ၎င်း၊ ယုဒလူတို့၏မြော်လင့်ခြင်းမှ ၎င်း၊ ငါ့ကို ကယ်နှုတ်တော်မူသည် ငါအမှန်သိ၏ဟု အောက်မေ့စဉ်၊ ၁၂ လူများစုဝေး၍ ဆုတောင်းရာ၊ မာကုအမည် သစ်ကိုရသောယောဟန်၏အမိဖြစ်သော မာရိ၏ အိမ်သို့ရောက်၍၊ ၁၃ အိမ်ဦးတံခါးကိုခေါက်လေသော်၊ ရောဒေအမည် ရှိသော မိန်းမငယ်တယောက်သည် နားထောင်ခြင်း ငှါလာ၍၊ ၁၄ ပေတရု၏စကား အသံကိုသိလျှင်၊ ဝမ်းမြောက်သော အားဖြင့် တံခါးကို မဖွင့်ဘဲ အထဲသို့ပြေး ဝင်၍၊ ပေတရု သည် တံခါးရှေ့မှာရပ်နေသည်ဟု ကြားပြော၏။ ၁၅ ထိုသူတို့က၊ သင်သည်အရူးဖြစ်၏ဟု ထို မိန်းမငယ်အားဆိုကြသော်လည်း၊ပေတရု အမှန်ရှိသည်ဟု သူသည်ခိုင်မာစွာဆိုလျှင်၊ ပေတရု၏ကောင်းကင်တမန်ဖြစ်လိမ့်မည်ဟုဆိုကြ၏။ ၁၆ ပေတရုသည် ခေါက်၍နေသော်၊ တံခါးကို ဖွင့်ကြ၍ သူ့ကိုမြင် သဖြင့် အလွန်တရာအံ့သြကြ၏။**

# ယုံကြည်သောစိတ်နှင့်ဆုတောင်းခြင်း

ဘုရားသခင်ထံ၌ ဆုတောင်းသောအခါ၊ ယုံကြည်ခြင်းအပြည့်နှင့် တောင်းရမည်ဖြစ်သည်။ ယုံကြည်သောစိတ်နှင့် တောင်းလျှင် ဘုရားသခင်က ပေးသည်။ ကျွန်တော်တို့လိုအပ်သော အရာကိုပေးချင်သောဘုရားဖြစ်သည်။ တွေးတောခြင်းစိတ်မရှိဘဲ တောင်းရမည်။ စိတ်နှစ်ခွနှင့်မတောင်းရ၊ ယုံကြည်သောစိတ်နှင့်မတောင်းလျှင် ဘုရားလက်တော်မှတစ်စုံတစ်ခုကိုရမည်မဟုတ်။

**ယာကုပ်၊ ၁း၅-၈သင်တို့တွင် တစုံတယောက်သောသူသည် ပညာကို လိုလျှင်၊ကဲ့ရဲ့ပြစ်တင်ခြင်းကို ပြုတော်မမူဘဲ၊ ခပ်သိမ်းသော သူတို့အား စေတနာစိတ်နှင့်ပေးသနားတော်မူသော ဘုရားသခင်ကို တောင်းစေ၊ တောင်း လျှင် ရလိမ့်မည်။ ၆ သို့ရာတွင် တွေးတောခြင်းမရှိဘဲ ယုံကြည်သောစိတ်နှင့် တောင်းရမည်။ တွေးတောခြင်းရှိသော သူသည် ကား၊ လေခတ်၍လှုပ်ရှားတတ် သော လှိုင်းတံပိုးနှင့်တူ၏။ ၇ ထိုသို့သောသူသည် စိတ်နှစ်ခွရှိသောသူ၊ ပြုလေ သမျှတို့၌ မတည်ကြည်သောသူဖြစ်၍၊ ၈ ထာဝရ ဘုရား၏ လက်တော်မှတစုံ တခုကို ရမည်ဟုမထင်မမှတ်စေနှင့်။**

# လွဲမှားစွာဆုတောင်းခြင်း

ယခုယုံကြည်သူများ ဆုတောင်းသောအခါ၊ အဘယ်ကြောင့် မရကြ သနည်းဆိုသော်၊ဘုရားသခင်၏အလိုတော်နှင့် မညီသောကြောင့်ဖြစ်သည်။ အလွဲတောင်းကြသောကြောင့်ဖြစ်သည်။ မည်ကဲ့သို့ ဆုတောင်းကြသနည်း၊ ဤ လောက၌ချမ်းသာဖို့၊ ဤလောက၌အဆင်ဖြေဖို့ရန် ဦးစားပေး၍ ဆုတောင်းကြ သောကြောင့်ဖြစ်သည်။ ဤလောကနှင့် မိဿဟာယဖွဲ့ လိုသောသူသည် ဘုရားသခင်၏ ရန်သူဖြစ်သည်။

**ယာကုပ်၊ ၄း၁-၄ သင်တို့တွင် စစ်တိုက်ခြင်း၊ ရန်တွေ့ခြင်းသည် အ ဘယ်အကြောင်းကြောင့်ဖြစ်သနည်း။ သင်တို့အင်္ဂါ များ၌ စစ်ပြိုင်သော ကိလေသာ ကာမစိတ်ကြောင့် ဖြစ်သည်မဟုတ်လော။ ၂သင်တို့သည် တပ်မက်၍မရကြ။ လူအသက်ကို သတ်၍၎င်း၊ အလွန်လိုချင်သောလောဘ စိတ်ရှိ၍၎င်း၊ အလိုမပြည့်စုံနိုင်ကြ။ရန်တွေ့ခြင်း၊ စစ်တိုက်ခြင်းကိုလည်း**

**ပြုရ၍မရကြ။အကြောင်းမူကား၊ ဆုမတောင်းဘဲ နေကြ၏။ ၃ ဆုတောင်းလျှင် လည်း ကာမဂုဏ်ခံစားစရာတို့ရှိစေခြင်းငှါ၊ အလွဲတောင်းသော ကြောင့်မရကြ။ ၄ မတရားသောမေထုန်၌မှီဝဲသော ယောက်ျားမိန်းမတို့၊ လောကီမိဿဟာယ သည် ဘုရားသခင်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်ကို မသိကြသလော။ ဤ လောကနှင့် မိဿဟာယဖွဲ့လိုသောသူသည် ဘုရားသခင်၏ ရန်သူဖြစ်၏။**

ယောရှုသည် ဆုတောင်းသောအခါ၊ နေနှင့်လသည် ငြိမ်ဝပ်စွာရပ်သည်၊ ယေရှု၊ ၁၀း ၁၁-၁၄။ ဟေဇကိမင်းသည် ဆုတောင်းသောအခါ၊ အသက် ၁၅နှစ် ရှည်ရသောအခွင့်ကို ဘုရားကပေးသည်။ယေရှာယ၊ ၃၈း၁-၅။ ဒံယေလသည် တစ်ရက်မှာ သုံးကြိမ်ဆုတောင်းခဲ့သည်။ ဒံ၊ ၆း၁-၁၀။ ယောရှဖတ်မင်းသည် ဆုတောင်းခြင်းဖြင့်ရန်သူများကို ဘုရားက အောင်ခြင်းအခွင့်ကိုပေးသည်။ ၆ရာ၊ ၂၀း၁-၂၅။

## သင်ခန်းစာ ( ၂၀ ) မေးခွန်းများ

၁။ နံ့သာပေါင်းမွေးမီးရှို့ရာယဇ်ပလ္လင်၌ ယဇ်ပုရောဟိတ်များသည် မည်
သည့်အရာကို ပူဇော်ကြသနည်း။ - - - - - - - —

၂။ နံ့သာပေါင်းမွေးမီးရှို့ခြင်းသည် မည်သည့်အရာကိုပုံဆောင်
သနည်း။ - - - - - - -

၃။ ယုံကြည်သူများ၏ဆုတောင်းခြင်းသည် မည်ကဲ့သို့မွှေးကြိုင်
သနည်း။ - - - - - - - - - - -

၄။ ဒုစရိုက်ပြု့သောသူများ၏ဆုတောင်းသံကို ဘုရားနားညောင်း
သလော။ - - - - - - -

၅။ ဖြောင့်မတ်သောသူ၏ဆုတောင်းခြင်းကို ဘုရားနားညောင်း
သလော။ - - - - - - - - - - -

၆။ ဆုတောင်းသောအခါ မည်သည်စိတ်နှင့်ဆုတောင်းရမည်နည်း။ - -
- - - - - -

၇။ အဘယ်ကြောင့်ဆုတောင်းကြသောအခါ အဖြေမရကြသနည်း။ - -
— - - - - -

သင်ခန်းစာ ( ၂၁ )

# ယဇ်ပုရောဟိတ်၏အဝတ်အစားနှင့်သင်တိုင်းကြိုး



ယဇ်ပုရောဟိတ်များသည်၊ ရိုးရိုးအဝတ်အစားဝတ်၍မရချေ။ထူးခြားစွာ လုပ်၍ဝတ်ရမည်ဖြစ်သည်။ ထို့အဝတ်သည်ဉာဏ်ကိုရ၍ ပညာရှိအပေါင်းတို့က လုပ်ရမည်ဖြစ်သည်။ အထို အဝတ်ကို အာရုန်၏သားများသည်လည်းဝတ်ရ

မည်ဖြစ်သည်။ သန့်ရှင်းသော အဝတ်ဖြစ်သည်။ ထိုအဝတ်ကိုမဝတ်ဘဲ၊ တဲတော်၌အမှုဆောင်၍မရချေ။ ထိုအဝတ်ကိုမဝတ်လျှင်၊ သေသွားမည်ဖြစ်သည်။ ထိုအဝတ်ကို ပြာသောအထည်၊ မောင်းသောအထည်၊ နီးသောအထည်အားဖြင့် လုပ်ရမည်။

**ထွက်၊ ၂၈း၁-၅ သင်၏ အစ်ကိုအာရုန်သည်၊ ငါ့ရှေ့မှာ ယဇ်ပုရောဟိတ်အမှုကိုဆောင်ရမည်အကြောင်း၊ သူနှင့်သူ၏သားတည်းဟူသော နာဒပ်၊ အဘိဟု၊ ဧလာဇာ၊ ဣသမာတို့ကို၊ ဣသရေလအ မျိုးသားတို့အထဲက ရွေးချယ်၍ သင့်အောက်၌ခန့်ထားလော့။ ၂သင်၏အစ်ကိုအာရုန်၌ဘုန်း အသရေထင်ပေါ် စေခြင်းငှာ၊ သန့်ရှင်းသော အဝတ်ကို လုပ်၍ပေး ရမည်။ ၃အာရုန်သည် ငါ့ရှေ့မှာ ယဇ်ပုရောဟိတ်အမှုကိုဆောင်ရွက်ရသော အခွင့်ရှိ၍၊ သူ့ကို သန့်ရှင်းစေခြင်းငှါ၊ ငါပေးသော ဉာဏ်ကိုရသောပညာရှိအပေါင်းတို့သည် ထိုအဝတ်ကိုလုပ်ရမည် အကြောင်း မှာထားရမည်။ ၄လုပ်ရသောအ ဝတ်ဟူမူကား၊ ရင်ဖုံး၊ သင်တိုင်း၊ ဝတ်လုံ၊ ချယ်လှယ်သောအင်္ကျီ၊ ဗေါင်း၊ ခါးပန်းတည်း ဟူသော သင်၏အစ်ကိုအာရုန်နှင့် သူ၏သားတို့သည်၊ ငါ့ရှေ့မှာယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက် ရမည်အကြောင်း၊ သန့်ရှင်းသောအဝတ်ကိုလုပ်ခြင်းငှါ၊ ၅ ရွှေနှင့်ပြာသောအထည်၊ မောင်းသောအထည်၊နီသောအထည်၊ ပိတ်ချောတို့ကို ယူရမည်။**

လူသည်အဝတ်မပါလျှင်၊ အသရေပျက်သည်။ အသရေမရှိသောကြောင့် အဝတ်ကို ဝတ်ရသည်။ထို့နည်းတူ ဝိညာဉ်ပိုင်း၌လည်းအဝတ်မရှိလျှင်၊ ဘုရားသခင်ရှေ့တော်၌ အသရေပျက်သောကြောင့် အဝတ် ဝတ်ဖို့လိုသည်။ ဝိညာဉ်ပိုင်း၌၊ ဘုရားရှေ့မှာ အသရေရှိဖို့ရန်ခရစ်တော်ကို ယူတင်ဝတ်ဆောင်ဖို့လို

သည်။ ခရစ်တော်ကို မယူတင်မဝတ်ဆောင်လျှင် ဘုရားရှေ့၌၊ အသရေပျက်မည်ဖြစ်သည်။ ခရစ်တော်ကိုယူတင်ဝတ်ဆောင်လျှင်၊ ဘုရားရှေ့မှာ အသရေရှိမည်ဖြစ်သည်။ မည်ကဲ့သို့သူ့ကိုယူတင်ဝတ်ဆောင်ရမည်နည်း၊ သူ့ကိုမိမိကယ်တင်ပိုင်ရှင်အဖြင့် ယုံကြည်၍၊ မိမိအသက်တာ၌ အုပ်စိုးစေဖို့လိုသည်။ ခရစ်တော်ကိုမဝတ်ဆင်သောအ သက်တာသည် ကိုယ်တုံးလုံးဖြစ်သည်။ ဘုရားထံ၌တိုးဝင်လို့မရချေ။ ထို့ ကြောင့် ယဇ်ပုရောဟိတ်သည် လည်းအဝတ်မဝတ်လျှင်၊ အသရေမရှိသောကြောင့်။ တဲတော်၌အမှုမဆောင်သည်သာမက သေသွားမည်ဖြစ်သည်။ ထိုအဝတ်သည် ခရစ်တော်ကိုပုံဆောင်သည်ဟု ယူဆရသည်။

**ရောမ၊ ၁၃း၁၄ သခင်ယေရှုခရစ်ကို ယူတင်ဝတ်ဆောင်ကြလော့။ ကိုယ်ကာယ၏တပ်မက်ခြင်းအလိုငှါ မကြံစည် ကြနှင့်။**

# သလဲသီးများနှင့် ရွှေဆည်းလည်း



အာရုန်သည် တဲတော်၌အမှုတော်ကို ဆောင်သောအခါ၊ ယဇ်ပုဟိတ်အတွက်ထူးခြားစွာ လုပ်ထားသောအဝတ်ကိုသာ ဝတ်ရမည်ဖြစ်သည်။ ဘုရားရှေ့၌ သန့်ရှင်းသောအဝတ်ဖြစ်သည်။ ထို အဝတ်ကို မဝတ်လျှင်၊ သေမည်ဖြစ်သောကြောင့် သလဲသီးတစ်လုံးရွှေဆည်းလည်းတစ်လုံးစီခြားလျက်၊ ဆွဲထားရမည်။ ထို့အသံကိုကြားသောအခါ၊ ပရိတ်သတ်များက ယဇ်ပုရောဟိတ်သည် အမှုဆောင်နေသည်ကိုသိရသည်။ အသံတိတ်သွားလျှင် ဘုရားဒဏ်ခတ်၍၊ ယဇ်ပုရောဟိတ်သေသည်ကိုသိရမည်ဖြစ်သည်။

**ထွက်၊ ၂၈း၃၁-၃၅ သင်တိုင်းနှင့်ဆိုင်သော ဝတ်လုံကို၊ ပြာသောအထည်နှင့်သာ လုပ်ရမည်။ ၃၂ဝတ်လုံ၌ လည်စွပ်ပါ၍ လစွပ်ကို မစုပ်စေခြင်းငှါ၊ သံချပ်လည်စွပ်ကွပ်သကဲ့သို့၊ ရက်သောအထည် နှင့် ကွပ်ရမည်။ ၃၃ ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်နှင့် လုပ်သော သလဲသီးများကိုငှင်း၊ ရွှေ ဆည်းလည်းများကိုငှင်း၊ ဝတ်လုံအောက်စွန်းနားပတ်လည်၌၊ ၃၄ သလဲသီးတလုံး၊ ရွှေဆည်းလည်းတလုံးစီခြားလျက်၊ ၃၅ အစဉ်အတိုင်း ဆွဲထားရမည်။ အာရန်သည် အမှုတော်ကို ဆောင်၍၊ သန့်ရှင်းရာအရပ် ဌာနတော်ထဲ မှာ၊ ထာဝရဘုရားရှေ့တော်၌ ထွက်ဝင်သောအခါ၊ သေဘေးနှင့် ကင်းလွတ်မည်အကြောင်း၊ ထိုဝတ်လုံကိုဝတ်၍ သူ၏အသံကို ကြားရမည်။**

## သင်ခန်းစာ ( ၂၁ ) မေးခွန်းများ

၁။ ယဇ်ပုရောဟိတ်၏အဝတ်အစားသည် - - - - - - - - ပြုလုပ်ရမည်။

၂။ ထိုအဝတ်ကိုမဝတ်လျှင်ဘုရားရှေ့၌မည်သည့်အရာပျက်မည်နည်း။

- - - - - - - - - - —

၃။ ထိုအဝတ်ကိုမဝတ်လျှင် ဘုရားရှေ့၌အမှုဆောင်၍၊ သွားလာနိုင်မည်လော။ - - - - - - - - - -

၄။ ထိုအဝတ်ကိုဝတ်လျှင် မည်သည့်အရာရှိမည်နည်း။ - - - - - - - -

၅။ အကျွန်ုပ်တို့သည်လည်း ဘုရားရှေ့တော်၌ သွားလာနိုင်ဖို့ရန်မည်သူ့ကိုယူတင်ဝတ်ဆောင်ဖို့လိုသနည်း။ - - - - - - - - -

၆။ ခရစ်တော်ကို ယူတင်ဝတ်ဆောင်ခြင်းမရှိလျှင်၊ မည်သည့်အရာပျက်မည်နည်း။ - - - - - - - - - -

၇။ ခရစ်တော်သည် ဝိညာဉ်ပိုင်း၌ အကျွန်ုပ်တို့အတွက် မည်သည့်အရာဖြစ်သနည်း။ - - - - - - - - - -

၈။ ယဇ်ပုရောဟိတ်များသည် တဲတော်ထဲ၌ သေဘေးနှင့်ကင်းလွတ်ဖို့ရန် - - - - - - - မည်သည့်အရာပါသော အဝတ်ကိုဝတ်ရမည်နည်း။

- - - - - - - - - - - - -

သင်ခန်းစာ ( ၂၂ )

# ယဇ်ပုရောဟိတ်၏ဗျာဒိတ်ရင်ဖုံး



ဗျာဒိတ်ရင်ဖုံးသည် အလွန်အရေးကြီးသည်။ ဗျာဒိတ်ရင်ဖုံးသည် ထူးဆန်းစွာလုပ်ရမည်။ နှစ်ထပ်ခေါက်၍၊ အလျားတစ်ထွာ၊ အနံတစ်ထွာ၊ စတုရန်းလေးထောင့်ဖြစ်ရမည်။ ကျောက်မြတ်ကို လေးတန်းစီရမည်။ ကျောက်မြတ်၏နာမည်များ၊ ကျောက်နီ၊ ဥဿဖရား၊ ပတ္တမြား၊ မြ၊ နီလာ၊ စိန်၊ ဝှါကိန္တု

မဟူရာ၊ ဂေါ်မိတ်၊ မျက်ရွဲ၊ ကြောင်၊ နဂါးသွဲ့တို့ဖြစ်၍၊ အသီးအသီးတို့သည် ကျောက်မြတ်ဖြစ်ကြသည်။ ဣသရေလအမျိုး တစ်ဆယ့်နှစ်မျိုး ရှိသည် အတိုင်း၊ တဆယ့်နှစ်မျိုးသော နာမည်အသီးသီးတို့ကို ရေးထားရသည်။ ကျမ်းစာ၌လေ့လာကြပါစို့။

**ထွက်၊ ၂၈း၁၅-၃၀ ရွှေနှင့်ငင်း၊ ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်၊ ပိတ်ချောနှင့်ငင်း၊ သင်တိုင်းကို လုပ်သည် နည်းတူ၊ ဗျာဒိတ် ရင်ဖုံးကို ထူးဆန်းစွာ လုပ်ရမည်။ ၁၆ နှစ်ထပ်ခေါက်လျက်၊ အလျားတထွာ၊ အနံတထွာ၊ စတုရန်း လေးထောင့် ဖြစ်ရမည်။ ၁၇ ထိုရင်ဖုံး၌ ကျောက်မြတ်ကို လေးတန်းစီရမည်။ ပဌမအတန်းကား၊ ကျောက်နီ၊ ဥဿဖရား၊ ပတ္တမြား၊ ၁၈ ဒုတိယအတန်းကား၊ မြ၊ နီလာ၊ စိန်၊၁၉ တတိယအတန်းကား၊ ဝိုကိန္တူ မဟူရာ၊ ဂေါ်မိတ်။ ၂၀ စတုတ္ထအတန်းကား၊ မျက်ရွဲ၊ ကြောင်၊ နဂါးသွဲ့ဖြစ်၍၊ အသီးအသီးတို့ကို ရွှေအိုး၌ စီရမည်။ ၂၁ ဣသရေလအမျိုး တဆယ့်နှစ်မျိုး ရှိသည်အတိုင်း၊ တံဆိပ်ပေါ်မှာ အက္ခရာတင်သကဲ့သို့ ထိုကျောက် တို့၌၊ ထိုတဆ ယ့်နှစ်ပါးသော နာမည်အသီးသီးတို့ကို တင်လျက်၊ ၂၂ကျောက်တလုံးလျှင် နာမည်တပါးစီပါရမည်။၂၃ရင်ဖုံးအပေါ် ထောင့်နှစ်ခု၌ ရွှေနှစ်ကွင်းကိုငင်း၊ ၂၄ ကျစ်သော ရွှေကြိုးနှစ်ပင်ကိုငင်းလုပ်ပြီးမှ၊ ထိုရွှေနှစ်ကွင်း၌ တပ်၍၂၅ သင်တိုင်း သိုင်းကြိုးပေါ်မှာရှိသောကျောက်အိုးတို့၌ တွဲရမည်။ ၂၆တဖန် ရွှေနှစ်ကွင်းကိုလုပ်၍ သင်တိုင်းအောက်နားမှာရှိသော ရင်ဖုံးအောက် ထောင့်နှစ်ခု၌ တပ်ရမည်။ ၂၇ အခြားသော ရွှေနှစ်ကွင်းကိုလည်း လုပ်၍၊ သင်တိုင်းရှေ့ဘက်အောက်နား၌ ထူးဆန်းသော ရင်စည်း အပေါ်နားဆက်မို ရာတွင်၊သင်တိုင်းကိုယ် တဘက်တချက်၌တပ်ရမည်။ ၂၈ ရင်ဖုံးရွှေနှစ်ကွင်းကို**

**သင်တိုင်း ရွှေနှစ်ကွင်းနှင့်တွဲ၍၊ ပြာသောကြိုးဖြင့် ပြီးစေရမည်။ ထိုသို့ ရင်ဖုံးကို ထူးဆန်းသော ရင်စည်းအပေါ်နားမှာ ဆွဲ၍၊ သင်တိုင်းနှင့်မကွာ အမြဲရှိစေရမည်။၂၉ အာရုန်သည်လည်း၊ သန့်ရှင်းရာအရပ်ဌာနတော်ထဲသို့ ဝင်သောအခါ၊ ဣသရေလအမျိုးသားတို့ကို ထာဝရဘုရား အစဉ်အောက်မေ့တော်မူစေခြင်းငှါ၊ ဗျာဒိတ်ရင်ဖုံး၌ပါသော သူတို့နာမည်များကို မိမိနှလုံးပေါ်မှာ ဆောင်ရမည်။ ၃၀ဗျာဒိတ်ရင်ဖုံးအထဲ၌ ဥရိမ်နှင့် သုမိမ်ကို သွင်းထားရမည်။ အာရုန်သည် ထာဝရဘုရား ရှေ့တော်သို့ ဝင်သောအခါ မိမိနှလုံးအပေါ်မှာ ဥရိမ်နှင့် သုမိမ်ပါသည်ဖြစ်၍၊ဣသရေလအမျိုးသားတို့အမှု၌ စီရင်တော်မူချက်ကို ထာဝရဘုရားရှေ့၊ မိမိနှလုံးပေါ်မှာ ဆောင်ရမည်။**

ဗျာဒိတ်ရင်ဖုံးမပါဘဲ၊ ယဇ်ပုရောဟိတ်သည် တဲတော်ထဲ၌ အမှုတော်ဆောင်နိုင်မည်မဟုတ်၊ ဣသရေလလူမျိုး ဆယ့်နှစ်မျိုးများအတွက် ဘုရားကို ယဇ်ပူဇော်ပေးသောကြောင့် သူတို့၏နာမည်များကို ဗျာဒိတ်ရင်ဖုံးအဖြစ်လုပ်၍၊ ဘုရားရှေ့၌သွားလာရမည်။ တဲတော်၌ ရှိသော တန်ဆာများအားလုံးကို ရွှေဖြင့် အကုန်လုပ်ရသည်။ ထို့နည်းတူကောင်းကင်နိုင်ငံသည်လည်း ရွှေနှင့် တည်ဆောက်သော အိမ်တော်ဖြစ်သည်။ ကောင်းကင်မြို့ရိုးအမြစ်သည် တဆယ့်နှစ်ထပ်ရှိ၍ တမန်တော်များ၏နာမည်များကိုရေးထားသည်။ဗျာ၊ ၂၁း၁၄၊ ဗျာ၊၂၁း၁၈-၂၀၊မြို့သည်လည်း စတုရန်းလေးထောင့်ဖြစ်သည်။ ဗျာ၊ ၂၁း၁၆။ တံခါးဆယ့်နှစ်ပေါက်ရှိ၍၊တံခါးအသီးသီး၌ ကောင်းကင်တမန်ဆယ့်နှစ်ပါးရှိ၍၊ ဣသရေလဆယ်နှစ်မျိုးများ၏ နာမည်များကို တံခါး၌ရေးထားသည်။ ဗျာ၊ ၂၁း၁၃။ တံခါးရွက်အသီးသီးတို့သည် ပုလဲတစ်ပြားစီဖြစ်ကြသည်။ မြို့လမ်းမသည်လည်း ကြည်လင်းသောက်ပသော ရွှေစင်ကဲ့သို့ဖြစ်သည်။ ဗျာ၊ ၂၁း၂၁ )။

ထို့ကြောင့် ကောင်းကင်နိုင်ငံတော်၏အရိပ်ကို လောကတဲတော်အားဖြင့် ဘုရားသခင်သည် ဖော်ပြနေခြင်းဖြစ်သည်။ ကောင်းကင်နိုင်ငံတော်သည် ရွှေပြည်တော်ဖြစ်သည် ဤလောက၌ရှိသော ရွှေ၊ ငွေ၊ လောကပစ္စည်းများသည် ထာဝရမတည်နိုင်ချေ။ ကောင်းကင်နိုင်ငံသို့လည်းမယူသွားနိုင်ချေ။ ထို့ကြောင့် ဤလောကိုမစွဲလန်းဘဲ အထက်အရာကောင်းကင်ကို စွဲလန်း၍ အသက်ရှင်ကြပါစို့။

## အာရုန်၏မုတ်ဆိတ်



**ဆာလံ၊ ၁၃၃း၁-၄ညီအစ်ကိုတို့သည် သဘောတူလျက်ပေါင်းဘော် ကြသည်အရာမှာ အလွန်ကောင်းပေ၏။ အလွန်တင့် တယ်လျောက်ပတ်ပေ၏။ ၂အာရုံ၏ ခေါင်းပေါ်မှာ လောင်းလျက်၊ သူ၏ မုတ်ဆိတ်သို့စီး၍၊ လည်စွပ်တိုင်အောင် ကျသောနံ့သာဆီ ကဲ့သို့ ဖြစ်၏။ ၃ဟေရမုန်တောင်နှင့် ဇိအုန်တောင်ရိုးပေါ်သို့ ကျသော နှင်းကဲ့သို့ ဖြစ်၏။ ထိုသို့နေကြသော အရပ်၌၊ ထာဝရဘုရားသည် အစဉ်အမြဲ အသက်ရှင်ခြင်းအခွင့် တည်းဟူသော ကောင်းကြီးမင်္ဂလာကို စီရင်တော်မူ၏။**

သင်ခန်းစာ ( ၂၂ ) မေးခွန်းများ

၁။ ဗျာဒိတ်ရင်ဖုံးကိုမည်သည့်အထည်များနှင့်လုပ်ရမည်နည်း။ - - -  - -

၂။ ဗျာဒိတ်ရင်ဖုံးကို - - — - - - - စွာလုပ်ရမည်။

၃။ ဗျာဒိတ်ရင်ဖုံး၌ ကျောက်ဘယ်နှစ်တန်းစီရမည်နည်း။ - - - - -  - - -

၄။ ဗျာဒိတ်ရင်းဖုံးသည် ဘယ်နှစ်ထောင့်ဖြင့်လုပ်ရမည်နည်း။ - - - - -  -

၅။ ဗျာဒိတ်ရင်ဖုံး ပဌမအတန်းကား၊ မည်သည့်ကျောက်များဖြစ်သနည်း။ - - - - -  - - - -

၆။ ဗျာဒိတ်ရင်ဖုံး ဒုတိယအတန်းကား၊ မည်သည့်ကျောက်များဖြစ်သနည်း။ - - - - - - - - - -

၇။ ဗျာဒိတ်ရင်ဖုံး တတိယအတန်းကား၊ မည်သည့်ကျောက်များဖြစ်သနည်း။ - - - - -

၈။ ဗျာဒိတ်ရင်ဖုံး စတုတ္ထအတန်းကား၊ မည်သည့်ကျောက်များဖြစ်သနည်း။ - - -  - -  -  - -

၉။ ကျောက်ဆယ်နှစ်လုံးသည် မည်သည့်အမျိုးကိုကိုယ်စားပြုသနည်း။ - - - - - - - - - -  -

၁၀။ ကောင်းကင်နိုင်ဘယ်နှစ်ထပ်ရှိသနည်း။ - - - - - -


၁၁။ တံခါးရွယ်ဘယ်နှစ်ရွယ်ရှိသနည်း။ - - - - - - -

၁၂။ ကောင်းကင်နိုင်ငံသည် မည်သည့်အရာနှင့်တည်ဆောက်သနည်း။ - - -  - - -  -  -  -

၁၃။ ညီအကိုယ်ကိုပေါင်းဖော်ခြင်း၌မည်သည့်အရာဖြစ်သနည်း။၊ - - - -

သင်ခန်းစာ ( ၂၃ )

# ယဇ်ပုရောဟိတ်များ၏တာဝန်




ယဇ်ပုရောဟိတ်သည် ဘုရားရွေးချယ်သော အမျိုးဖြစ်သည်။ ယဇ်ပုရောဟိတ် လုပ်ချင်သောသူတိုင်း လုပ်လို့မရချေ။ ယဇ်ပုရောဟိတ် အမျိုးသည် လေဝိအမျိုးဘဲဖြစ်သည်။ လေဝိအမျိုးထဲမှ အာရုန်အမျိုးကို နောက်ထပ်ရွေးကောက်သည်။ အာရုန်၏သားများသာလျှင်၊ ယဇ်ပူဇော်လို့ရသည်။ သန့်ရှင်းရာဌါနနှင့်၊ အသန့်ရှင်းဆုံးဌါန၌ ယဇ်ပူဇော်လို့ရသည်။ လေဝိ အမျိုးများသည် တဲတော်၌လိုအပ်သော အရာကို ကူညီပေးသောသူများဖြစ်ကြ သည်။သူတို့သည် ယဇ်ပူဇော်လျှင် သေကြမည်ဖြစ်သည်။ ထို့ ကြောင့် ယဇ်ပုရောဟိတ်များကို အထောက်အမပေးဖို့ရန်ဖြစ်သည်။ ထို့နည်းတူ ယုံကြည် သူများသည် အားလုံးအမှုတော်မဆောင်သော်လည်း၊ အမှုတော်ဆောင် ဆရာ၊

ဆရာမများကို အထောက်အမပေးဖို့ရန်ဖြစ်သည်။ ယဇ်ပုရောဟိတ်များသည် အရေးကြီးသည်။ သူတို့ယဇ်မပူဇော်လျှင်၊ ပရိတ်သတ်များသည် အပြစ်မဖြေနိုင်သောကြောင့် အပြစ်စီရင်ခြင်းကိုခံရကြမည်ဖြစ်သည်။ ထိုနည်းသူ အသင်းတော်၌ သင်းအုပ်များက ဘုရား အကြောင်း ဧဝံဂေလိသမ္မာတရားမဟောတော့ဘဲနေလျှင်၊ လူများကယ်တင်ခြင်းသို့မရောက်ဘဲ၊ ငရဲသို့သွားကြမည်ဖြစ်သည်။

**တော၊ ၁၈း၁-၇တဖန် ထာဝရဘုရားသည် အာရုန်အား မိန့် တော်မူသည်ကား၊ သင်နှင့် သင်၏သားမြေးအဆွေအမျိုး တို့သည်၊ သန့်ရှင်းရာဌာနတော်နှင့်ဆိုင်သောအပြစ်၊ သင်တို့ ယဇ်ပုရောဟိတ်အရာနှင့် ဆိုင်သော အပြစ်ကို ခံရကြမည်။ ၂ သင်၏ ဘိုးဘအဆွေအမျိုး၊ လေဝိအမျိုးသား ညီအစ်ကိုချင်းတို့သည်၊ သင်နှင့်အတူ ကူညီ၍ အမှုတော် ကို ဆောင်ရွက်စေခြင်းငှါ ခေါ်ထားလော့။ သို့ရာတွင် သင်နှင့်တကွ သင်၏သားတို့သည်၊ သက်သေခံချက်တဲတော်ရှေ့မှာ အမှုတော်ကို ဆောင်ရွက်ရကြမည်။ ၃ လေဝိသားတို့သည် သင့်ကိုငှင်း၊ တဲတော်ရှိသမျှ ကိုငှင်း စောင့်ရကြမည်။ သို့ရာတွင် သင်တို့နှင့်သူတို့သည် သေဘေးလွတ်မည်အကြောင်း၊သူတို့သည် တဲတော် တန်ဆာ၊ ယဇ်ပလ္လင်တန်ဆာများကို မချဉ်းကပ်ရကြ။ ၄ သူတို့သည် သင်တို့နှင့်အတူ ကူညီ၍၊ ပရိသတ် စည်းဝေးရာ တဲတော်ကို စောင့်လျက်၊ တဲတော်အမှု ရှိသမျှကို ထမ်းရကြမည်။ မဆိုင်သောသူသည် သင်တို့ အနီးသို့ မချဉ်းမကပ်ရ။ ၅ နောက်တဖန် အမျက်တော်ထွက်၍ ဣသရေလ အမျိုးသားတို့အပေါ်သို့ မရောက်မည်အကြောင်း၊ သင်တို့ သည် သန့်ရှင်းရာဌာနတော်နှင့် ယဇ်ပလ္လင်ကို စောင့်ရကြ မည်။ ၇ ထိုသို့ သင်တို့၏ ညီအစ်ကိုလေဝိသားတို့ကို၊ ဣသရေလအမျိုးသားတို့ထဲက ရွေးယူ၍၊ ပရိသတ်စည်း ဝေးရာ တဲတော်အမှုကို ထမ်း**

**စေခြင်းငှါ၊ ထာဝရဘုရား အား ပြုသော ပူဇော်သက္ကာကဲ့သို့ သင်တို့အား ငါ ပေး၏။ ၇ ထိုကြောင့် သင်နှင့်သင်၏သားတို့သည် ယဇ် ပလ္လင်နှင့်ဆိုင်သော အမှု၊ ကုလားကာအတွင်း၌ ဆောင် ရွက်စရာအမှုရှိသမျှတို့ကို၊ ယဇ်ပုရောဟိတ် ပြု၍ ဆောင် ရွက်ရကြမည်။ သင်တို့အား ကျေးဇူးပြု၍ ယဇ်ပုရော ဟိတ် အရာကို ငါပေးပြီ။ မဆိုင်သော သူသည် အနီးအပါး သို့ ချဉ်းကပ်လျှင်၊ အသေသတ်ခြင်းကို ခံရမည်ဟု မိန့် တော်မူ၏။**

# ယုံကြည်သူတိုင်းသည်ယဇ်ပုရောဟိတ်များဖြစ်ကြသည်

ယုံကြည်သူတိုင်းသည် ယဇ်ပုရောဟိတ်များဖြစ်ကြသည်။ ထို့ကြောင့် အမြဲတမ်း ယဇ်ပူဇော်ဖို့ရန်လိုသည်။ ယုံကြည်သူများ မည်ကဲ့သို့ ယဇ်ပူဇော်ကြမည်နည်း။ ခရစ်တော်၏ ဧဝံဂေလိတရားကို ဟောပြောခြင်းသည်မယုံကြည်သူများအတွက်ယဇ်ပူဇော်ပေးခြင်းဖြစ်သည်။ သူတို့သည် ခရစ်တော်ကို ယုံကြည်လက်ခံလာလျှင်၊ ကယ်တင်ခြင်းသို့ရောက်၍၊ ကောင်းကင်နိုင်ငံတော်သို့ ဝင်စားမည်ဖြစ်သည်။ ကျွန်တော်တို့မဟော မပြောလျှင်၊ သူတို့သည် ဧဝံဂေလိတရားကို မကြားသောကြောင့် မယုံကြည်လက်မခံ အပြစ်စီရင်ခြင်းကိုခံကြသဖြင့် ငရဲသို့သွားရကြမည်ဖြစ်သည်။ တဲတော်၌ယဇ်ပုရောဟိတ်များသည် အမြဲတမ်းယဇ်ပူဇော်ကြသကဲ့သို့ အကျွန်ုပ်တို့သည်လည်းမနားဘဲ၊ ယဇ်ပူဇော်ဖို့ရန်လိုသည်။

**၁ပေ၊ ၂း၉သင်တို့မူကား၊ မှောင်မိုက်ထဲမှ အံ့ဘွယ်သော အလင်းတော်သို့ ခေါ်သွင်းတော်မူသော သူ၏ဂုဏ် ကျေးဇူးများကို ဘော်ပြစေခြင်းငှါ၊**

**ရွေးချယ်တော်မူသော အမျိုးဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသော အပေါင်းအသင်းဖြစ်ကြ၏။**

သင်ခန်းစာ ( ၂၃ ) မေးခွန်းများ

၁။ ယဇ်ပုရောဟိတ်အမျိုးသည် မည်သည့်အမျိုးနည်း။ - - - - - -

၂။ ယဇ်ပူဇော်ဖို့ရန်မည်သူ့အမျိုးကိုထပ်၍ ရွေးသနည်း။ - - - - - - -

၃။ ယဇ်ပုရောဟိတ်၏တာဝန်သည်မည်သည့်အရာနည်း။ - - - - - -

၅။ ယဇ်ပုရောဟိတ်များယဇ်မပူဇော်လျှင်၊ မည်သူများအပြစ်စီရင်ခြင်းခံရကြမည်နည်း။ - — - - - - - - - - - -

၆။ လေဝိအမျိုးသည် မည်သူ့ကိုထောက်မဖို့ဖြစ်သနည်း။ - - - - - - -

၇။ လေဝိအမျိုးသည် ယဇ်ပူဇော်လျှင် မည်သည့်အရာဖြစ်မည်နည်း။ - - - - - -

၈။ ယုံကြည်သူများသည် မည်သည့်အရာ၌ ခန့်ထားခြင်းကိုခံရကြသနည်း။ - - - - - - - - -

၉။ ယုံကြည်သူတိုင်းသည် အမှုတော်ဆောင်ကြသလော။ - - - - - - -

၁၀။ ယုံကြည်များအထဲမှ မည်သည်သူများကို ထပ်၍ရွေးကောက်သနည်း။ - - - - - - -

၁၁။ ယုံကြည်သူများသည် မည်သူကိုထောက်မရကြမည်နည်း။ - - -

သင်ခန်းစာ ( ၂၄ )

# ယဇ်ပုရောဟိတ်များကိုဘုရားပေးသောအစားအစာ





ဣသရေလလူမျိုးများသည် အဦးသီးသော အသီးအနှံအမျိုးမျိုးတို့ကို ဘုရားသခင်အားပူဇော်ရသည်။ ဣသရေလအမျိုးသား လှူသောဥစ္စာ၊ ဘောဇဉ် ပူဇော်သက္ကာ၊ အပြစ်ဖြေရာယဇ်၊ ဒုစရိုက်ဖြေရာယဇ်များ ဘုရားကိုပူဇော်ရမည်။ သားဦးကို အငွေငါးကျပ်နှင့်ရွေးရမည်။ မသန့်ရှင်းသော တိရစ္ဆာန်များကိုရွေးရမည်။ သိုး၊ နွား၊ ဆိတ် များ၏သားဦးများကိုဘုရားအားပူဇော်ရမည်။ ချီလွှဲရာ ပူဇော်သက္ကာ၏ရင်ပတ် နှင့် လက်ျာပခုံးကဲ့သို့ သင့်အတို့ ဖြစ်ရမည်ဟုဆိုသည်။ ထိုအရာများအားလုံးသည် ဘုရားက သူ၏အမှုတော်ဆောင် ယဇ်ပုရောဟိတ်များကိုစားဖို့ရန်ပေးသည်။ဆားနှင့်ယှဉ်သောဘုရားသခင်၏ ပဋိညာဉ်ဖြစ်သည်။ အဘယ်ကြောင့် ဘုရားက သူတို့ကိုပေးသနည်း၊ သူတို့သည် အမွေမြေမရှိ၊ အလုပ်မလုပ် ဘုရား၏အမှုဆောင်သောအမျိုးဖြစ်သောကြောင့်ဖြစ်သည်။

တော၊ ၁၈း၈-၁၉တဖန် ထာဝရဘုရားသည် အာရုန်အားမိန့်တော်မူသည်ကား၊ဣသရေလအမျိုးသားတို့သည် သန့် ရှင်းစေ၍ ဆက်ကပ်သမျှသော ပူဇော်သက္ကာတို့အထဲက၊ ငါ့အား ချီးမြှောက်သော ပူဇော်သက္ကာတို့ကို သင်၌အပ်၍၊ သင်နှင့်သင်၏သားတို့အဘို့ ဖြစ်စေခြင်းငှါ၊ ထာဝရ ပညတ် တရားအားဖြင့် ငါပေး၏။ ၉မီးသို့မရောက်၊ သန့်ရှင်းသော အရာထဲက သင် တို့ဆိုင်သောအရာဟူမူကား၊ ဣသရေလအမျိုးသား လှူသောဥစ္စာ၊ ဘောဇဉ် ပူဇော်သက္ကာ၊ အပြစ်ဖြေရာယဇ်၊ ဒုစရိုက်ဖြေရာယဇ်ပူဇော်လေသမျှတို့သည် သင်နှင့် သင် ၏သားတို့အဘို့ သန့်ရှင်းရကြမည်။ ၁၀ သန့်ရှင်းရာဌာန၌ စားရမည်။ ယောကျ်ား အပေါင်းတို့သည် စားရသောအခွင့်ရှိ၏။ သင်တို့အဘို့ သန့် ရှင်းပေ၏။ ၁၁ ထိုမှတပါး ဣသရေလအမျိုးသားတို့ ပူဇော် သော ချီမြှောက်ရာ ပူဇော်သက္ကာ၊ ချီလွှဲရာ ပူဇော်သက္ကာ တို့ကို၊ သင်နှင့် သင်၏သားသမီးတို့အား ထာဝရပညတ် တရားအားဖြင့် ငါပေးပြီ။သင့်အိမ်၌ သန့်ရှင်းသော သူ အပေါင်းတို့သည် စားရသောအခွင့်ရှိ၏။ ၁၂ ဣသရေလအမျိုးသား ရွေး၍ ထာဝရဘုရား အား ပူဇော်သမျှ အကောင်းဆုံးသောဆီ၊ အကောင်းဆုံး သော စပျစ်ရည်၊အကောင်းဆုံးသောဂျုံစပါးကို သင်တို့ အား ငါပေးပြီ။ ၁၃ ထာဝရဘုရားထံတော်သို့ ဆောင်ခဲ့သမျှ အဦး မှည့်သော သစ်သီးကိုလည်းသင်ဆိုင်ရမည်။သင့်အိမ်၌သန့်ရှင်းသော သူအပေါင်းတို့သည် စားရသောအခွင့်ရှိ၏။ ၁၄ ဣသရေလအမျိုး၌ ကျိန်ဆို၍ ပူဇော်သမျှတို့ကို လည်း သင်ဆိုင်ရမည်။ ၁၅ အဦးဘွားသောသား၊ လူဖြစ်စေ၊ တိရစ္ဆာန် ဖြစ်စေ၊ ထာဝရဘုရားထံတော်သို့ ဆောင်ခဲ့သမျှတို့ကို သင်ဆိုင်ရမည်။ သို့ရာတွင် လူ၏သားဦးနှင့် မစင်ကြယ် သော တိရစ္ဆာန်၏သားဦးကို အမှန်ရွေးရမည်။ ၁၆ ရွေးရသော

သားတို့ကို အသက်တလလွန်မှ၊ သင်အဘိုး ပြတ်သည်အတိုင်း ဂေရနှစ်ဆယ်နှင့် မျှသော အကျပ်တော်အလိုက် ငွေငါးကျပ်နှင့် ရွေးရမည်။ ၁၇ နွားသားဦး၊ သိုးသားဦး၊ ဆိတ်သား ဦးသည် သန့်ရှင်းသောကြောင့် မရွေးရ။ သူ၏အသွေး ကို ယဇ် ပလ္လင်ပေါ်မှာ ဖြန်းရမည်။ ဆီဥကိုလည်း ထာဝရဘုရား အဘို့ မွှေးကြိုင်သောအနံ့ရှိစေ၍၊ မီးဖြင့် ပူဇော်သက္ကာ ပြုရမည်။ ၁၈ အသားမူကား ချီလွှဲရာပူဇော်သက္ကာ၏ရင်ပတ် နှင့် လက်ျာပခုံးကဲ့သို့ သင့်အဘို့ ဖြစ်ရမည်။ ၁၉ ဣသရေလအမျိုးသားတို့သည် သန့်ရှင်းစေ၍ ထာဝရဘုရားအား ဆောင်ခဲ့သော ပူဇော်သက္ကာရှိသမျှ တို့ကို သင်နှင့်သင်၏သားသမီးတို့အား ထာဝရ ပညတ် တရားအားဖြင့် ငါပေးပြီ။ သင်အစရှိသော သင်၏အမျိုးအနွယ်နှင့် ဆိုင်၍ ထာဝရဘုရား ရှေ့တော်၌ ဆားနှင့်ယှဉ် သော ထာဝရပဋိညာဉ်ဖြစ် သတည်းဟု မိန့်တော်မူ၏။

## သင်ခန်းစာ ( ၂၄ ) မေးခွန်းများ

၁။ သားဦးဖြစ်စေ၊ တိရစ္ဆာန်သားဦးဖြစ်စေမည်သူကပိုင်သနည်း။ - - -

၂။ သားဦးကို ငွေဘယ်နှစ်ကျပ်နှင့်ရွေးဝယ်ရမည်နည်း။ - - - - - -

၃။ မစင်ကြယ်သော တိရစ္ဆာန်၏သားဦးကိုမည်သည့်အရာဖြစ်ရမည်
နည်း။ - - - - - - - -

၄။ အသီးအနှံအဦးသီးမှန်သမျှသည် မည်သူကပိုင်သနည်း။ - - - - - - -

၅။ အသီးအနှံအဦးသီးမှန်သမျှသည် မည်သူ့ကိုပေးရမည်နည်း။ - - -

၆။ ဘုရားသခင်သည်လည်း မည်သူများကိုပြန်၍ပေးသနည်း။ - - - - -

၇။ ယခုယုံကြည်သူများသည်လည်း အဦးသီးမှန်သမျှသည် မည်သူ့ကို
ပေးသင့်သနည်း။ - - - - - - - - -

၈။ အဦးသီးများကို ဘုရားသခင်သည် မည်သူများကိုပြန်၍ပေးမည်
နည်း။ - - - - - - -

သင်ခန်းစာ ( ၂၅ )

# ဆယ်ဘို့တဘို့သည် ယဇ်ပုရောဟိတ်များခံရမည့်အမွေ



လေဝိအမျိုးသည် အမွေခံမြေမရှိ၊ ဘုရားကလည်းသူတို့ကိုမပေး၊ ဣသရေလလူမျိုးများနှင့် ရော၍ အမွေခံကြသည်။ ထို့ကြောင့်သူတို့သည် မည်သည့်အရာကိုစား၍၊ အသက်ရှင်ရကြမည်နည်း၊ ဣသရေလလူများတို့၏ ဆယ်ဘို့တစ်ကို ဘုရားက လေဝိအမျိုးကိုပေးသည်။ ဆယ်ဘို့တစ်ဘို့မှန်သမျှသည် လေဝိအမျိုးကသာလျှင်စားရမည်။ ဣသရေလဖြစ်သောလူများက သူတို့၏ဆယ်ဘို့တစ်ဘို့ကို ဘုရားအားပေး၍၊ ဘုရားသခင်သည်လည်း သူ၏အမှုတော်ဆောင်များ လေဝိအမျိုးကိုပေးသည်။ဣသရေလလူများက လေဝိအမျိုးကိုကျွေးမွေးသည် မဟုတ်၊ ဘုရားသခင်က လေဝိအမျိုးကိုကျွေးမွေးခြင်းဖြစ်သည်။

**တော၊ ၁၈း၂၀-၂၄တဖန် ထာဝရဘုရားသည် အာရုန်အားမိန့်တော်မူသည်ကား၊ဣသရေလအမျိုးသားတို့နေရာပြည်၌ သင့်အမွေခံရာမြေ၊ သူတို့နှင့်ရော၍ ပိုင်သောအဘို့ မရှိရ။ငါသည်ကား သူတို့တွင်သင်ပိုင်သောအဘို့သင့်အမွေ ဥစ္စာဖြစ်၏။ ၂၁လေဝိသားတို့သည် ပရိသတ်စည်းဝေးရာ တဲတော်အမှုကို ဆောင်ရွက်သောကြောင့်၊ သူတို့အမွေခံ စရာ ဣသရေလအမျိုးသားတို့၏ဥစ္စာဆယ်ဘို့တဘို့ကို ငါပေးပြီ။ ၂၂ ယခုမှစ၍ ဣသရေလအမျိုးသားတို့သည် ကိုယ်အပြစ်ကို ခံ၍သေဘေးနှင့် မတွေ့မည်အကြောင်း၊ ပရိသတ်စည်းဝေးရာ တဲတော်အနီးအပါးသို့ မချဉ်းမကပ် ရကြ။ ၂၃ လေဝိသားတို့သည် ပရိသတ်စည်းဝေးရာ တဲ တော်အမှုကို ဆောင်ရွက်၍၊ ကိုယ်အပြစ်ကို ကိုယ်ခံရကြ မည်။ သူတို့သည် ဣသရေလအမျိုးသားတို့နှင့် ရော၍ အမွေမခံရကြဟုသင်တို့အမျိုးအစဉ်အဆက် စောင့်ရ သော ပညတ်ဖြစ်သတည်း။ ၂၄ ဣသရေလအမျိုးသားတို့သည် ထာဝရဘုရား အားပူဇော်သကာပြုသော ကိုယ်ဥစ္စာဆယ်ဘို့တဘို့ကို၊ လေဝိသားအမွေခံစရာဘို့ ငါပေးပြီ။ ထို့ကြောင့် သူတို့ သည် ဣသရေလအမျိုးသားတို့နှင့် ရော၍ အမွေမခံရဟု ငါ့အမိန့်တော်ရှိ၏။**

## ဆယ်ဘို့တဘို့သည်ယဇ်ပုရောဟိတ်များကိုဘုရားကဆုချသောအရာ

ဆယ်ဘို့တစ်ဘို့သည် ဘုရားက လေဝိအမျိုးကို ဆုချသောအရာဖြစ်သည်။ သူတို့ရသော ဆယ်ဘို့တစ်ဘို့ထဲက ဘုရားကို ဆယ်ဘို့တစ်ဘို့ပြန်၍ပေးရကြမည်ဖြစ်သည်။ ကျန်သောအရာများသည် သူတို့အိမ်သူအိမ်သားများနဲ့စား ရ သော အ ခွ င့် ကို ပေး ထား သ ည် ။ သူ တို့ စား ကြ သော အ ခါ ၊

ကောက်နယ်တလင်းထဲက ယူသော ဆန်စပါးကဲ့သို့၄င်း၊ စပျစ်သီးနယ်ရာ ကျင်းထဲက ယူသောစပျစ်ရည်ကဲ့သို့၄င်း၊ မှတ်ရကြသည်။

**တော၊ ၁၈း၂၅-၃၂တဖန် မောရှေအား ထာဝရဘုရားက၊ သင် သည် လေဝိသားတို့အား ဆင့်ဆိုရမည်မှာ၊၂၆ သင်တို့အမွေခံစရာ ငါပေးသော ဣသရေလ အမျိုးသားတို့၏ ဥစ္စာဆယ်ဘို့တဘို့ကို သင်တို့သည် ခံယူ သောအခါ၊ ထိုအဘို့ကို ဆယ်ဘို့ဘို့ ပြန်၍ တဘို့ကို ထာဝရ ဘုရားအားပူဇော်သက္ကာပြုရကြမည်။ ၂၇ ထိုပူဇော်သက္ကာကို၊ကောက်နယ်တလင်းထဲက ယူသော ဆန်စပါးကဲ့သို့၄င်း၊ စပျစ်သီးနယ်ရာ ကျင်းထဲက ယူသောစပျစ်ရည်ကဲ့သို့၄င်း၊ သင်တို့အဘို့ မှတ်ရလိမ့် မည်။ ၂၈ ထိုသို့ သင်တို့သည် ဣသရေလအမျိုးသားတို့မှခံယူသောဆယ်ဘို့တဘို့ထဲက၊ထာဝရဘုရားအား ပူဇော် သက္ကာပြုရကြမည်။ ထိုပူဇော်သက္ကာကိုလည်း၊ ယဇ်ပုရောဟိတ်အာရုန်အားလှူရကြမည်။ ၂၉သင်တို့ခံရသမျှသော အလှူတို့အထဲကအကောင်းဆုံးသောအဘို့ သန့်ရှင်း သောအဘို့ကို နှုတ်ယူ ၍ထာဝရဘုရားအား ပူဇော်သက္ကာပြုရကြမည်။ ၃၀ သို့ဖြစ်၍ သူတို့အား ဆင့်ဆိုရမည်မှာ၊ လေဝိသား တို့သည် အကောင်းဆုံးသောအဘို့ကို နှုတ်ယူပူဇော်ပြီးမှ၊ ကြွင်းသောအဘို့ကို ကောက်နယ်တလင်း၏ ကျေးဇူး၊ စပျစ်သီးနယ်ရာကျင်း၏ ကျေးဇူးကဲ့သို့ မိမိတို့အဘို့ မှတ်ရ လိမ့်မည်။ ၃၀ထိုကြွင်းသောအဘို့ကို၊ ကိုယ်တိုင်မှစ၍ အိမ်သူအိမ်သားတို့သည် စားချင်သောအရပ်ရပ်၌ စားရသော အခွင့်ရှိ၏။ ပရိသတ်စည်းဝေးရာတဲတော်၌ အမှုစောင့် သောအတွက် ငါချသောဆု ဖြစ်၏။ ၃၂ အကောင်းဆုံးသော အဘို့ကို နှုတ်ယူပူဇော်ပြီးမှ၊ ကြွင်းသောအဘို့အားဖြင့် အပြစ်ရောက်စရာအကြောင်း မရှိ။ သေဘေးနှင့် မ**

**တွေ့မည်အကြောင်း၊ဣလသရေလ အမျိုးသားတို့၏ သန့်ရှင်းသော အရာတို့ကို မ ညစ်ညူးစေ ရဟု မိန့်တော်မူ၏။**

သင်ခန်းစာ ( ၂၅ ) မေးခွန်းများ

၁။ လေဝိအမျိုးအမွေခံမြေရှိသလော။ - - - - - - - အဘယ်ကြောင့်မရှိ
သနည်း။ - - - - - - - -

၂။ ဣလသရေလလူများတို့သည် ဆယ်ဘို့တဘို့ကိုမည်သူအားပေးရမည်
နည်း။ - - - - - -

၃။ လေဝိအမျိုးများအားဆယ်ဖို့တစ်ဖို့ပေးရမည်လော။ - - - - - - - -

၄။ ဆယ်ဘို့တဘို့ကို ဘုရားသခင်သည် မည်သူများကိုပြန်၍ပေးရသ
နည်း။ - - - - - - - - -

၅။ ဆယ်ဘို့တဘို့သည် ဘုရားသခင်ကမည်သည့်အမျိုးများကို အမွေ
ဖြင့်ပေးသနည်း။ - - - - - - -

၆။ ဆယ်ဘို့တဘို့သည် မည်သူများကစားရမည်နည်း။ - - - - - — - -

၇။ ဆယ်ဘို့တဘို့သည် လေဝိအမျိုးများကို - - - - - - အမွေဖြစ်သည်။

သင်ခန်းစာ ( ၂၆ )

# အသင်းတော်၌



ဓမ္မာဟောင်း၌၊ ယဇ်ပုရောဟိတ်အမျိုးသည် လေဝိအမျိုးဖြစ်သည်။ထို လေဝိအမျိုးထဲမှအာရုန်မျိုးများကသာလျှင် ဘုရားသခင်အားယဇ်ပူဇော်ရမည် ဖြစ်သည်။ လေဝိအမျိုးများသည် အာရုန်အမျိုးမျာကို ကူညီ၍အထောက်အမ ပေးဖို့ရန်ဖြစ်သည်။ သူတို့ကိုယ်တိုင် သန့်ရှင်းရာဌါနထဲသို့ဝင်လျှင် သော်ရင်း သေကြမည်ဖြစ်သည်။ ထို့နည်းသူ ယခုယုံကြည်သူများအားလုံးသည် ဘုရားသခင်၏ယဇ်ပုရောဟိတ်များဖြစ်ကြသည်။ သို့သော်လည်း ထို ယဇ်ပုရောဟိတ်အလုပ်ကို လူတိုင်းမလုပ်နိုင်ချေ။ ထိုယဇ်ပုရောဟိတ်အထဲမှ အာရုန်နှင့်သူ၏သားများကဲ့သို့ ယဇ်ပူဇော်ဖို့ရန်၊ သင်းအုပ်ရွေးချယ်၍၊ခန့် ထားသည်။ ထို့ကြောင့် ယုံကြည်သူများက သင်းအုပ်ဆရာ၊ဆရာမများကို အကူအညီအထောက်အမပေးဖို့ရန်လိုသည်။ ဓမ္မဟောင်း၌၊ လေဝိအမျိုးသည်

ကိုယ်ပိုင်နယ်မြေမရှိသောကြောင့် ဣလသရေလလူများတို့၏အဦးသီးသော အသီး အမျိုးမျိုးမှန်သမျှနှင့်၊ ဆယ်ဘို့တစ်ဘို့ကို ဘုရားအားပေးအရာကို ဘုရားသခင်က လေဝိအမျိုးကိုပေး၍စားကြသည်။ ထို့နည်းသူ သင်းအုပ်များသည်လည်း၊ လောကီအလုပ်ကိုမလုပ် အခြားသောဝင်ငွေမရှိသော ကြောင့် ရှင်ပေါလုက တိမောသေကိုစာရေးသောအခါဤသို့ရေးသည်။ ဤကျမ်းကို ဖတ်ခြင်းအားဖြင့် ကျမ်းစာ၏ဆိုလိုရင်းကို ပို၍နားလည်ကြမည်ဟုယုံကြည်ရသည်။

**၁တိ၊ ၅း၁၇ ကောင်းမွန်စွာ အုပ်သောသင်းအုပ်တို့သည် အလျှုနှစ်ဆကို ခံထိုက်သောသူဖြစ်သည်ဟူ၍ရှင်း၊ တရားဟောခြင်း၊ ဆုံးမသြဝါဒပေးခြင်းအမှုကို ကြိုးစားအားထုတ်သောသူတို့သည်။ အလျှုနှစ်ဆကို အထူးသဖြင့် ခံထိုက်သောသူဖြစ်သည်ဟူ၍ရှင်း မှတ်ရမည်။**

# နွား၏နှုတ်ကိုမချုပ်တည်းရ

လယ်ထွန်သောနွားကိုအစာမကျွေး၊ နွား၏နှုတ်ကိုပိတ်ပေးလျှင်၊ မည်ကဲ့သို့ လယ်ထွန်နိုင်မည်နည်း၊ အဘယ်သို့အားရှိ၍၊ အလုပ်နိုင်မည်နည်း၊ ဆန်စပါးကိုစားချင်သော်လည်း၊ နွား၏နှုတ်ပိတ်ပေးလျှင် အဘယ်သို့စားနိုင်မည်နည်း၊ ထိုနည်းသူဝိညာဉ်ပိုင်း၌လည်းဖြစ်သည်။ လုပ်ဆောင်သောသူသည်အခကို ခံထိုက်ပေးသည်ဟု ကျမ်းစာ၌ဤသို့တွေ့ရသည်။

**၁တိ၊ ၅း၁၈အကြောင်းမူကား၊ စပါးနင်းနယ်သောနွား၏ နှုတ်ကိုမချုပ်တည်းရဟုကျမ်းစာလာ၏။ တချက်ကား၊ လုပ်ဆောင်သောသူသည်အခကို ခံထိုက်ပေးသည်ဟု လာပြန်၏။**

**၁ကော၊ ၉း၈-၁၀လောကီဝေါဟာရအားဖြင့်သာ ဤသို့ ငါဆို သလော။ ပညတ်တရားသည်လည်း ဤသို့ပင်ဆိုသည် မဟုတ်လော။ ၉မောရှေ၏ ပညတ္တိကျမ်းစာ၌လာသည်ကား၊ စပါးနင်းနယ်သော နွား၏ နှုတ်ကိုမချုပ်တည်းရဟုလာ၏။ ဘုရားသခင်သည် နွားကိုသာ ပမာဏပြုတော်မူ သလော။ ၁၀သို့မဟုတ် ငါတို့ကြောင့်သာ ဤသို့ပညတ်တော်မူ သလော။ လယ်ထွန်သောသူသည် မြော်လင့်လျက် လယ်ထွန်စေခြင်းငှါရင်း၊ မြော်လင့်လျက် စပါးနင်းနယ် သောသူသည် မြော်လင့်သည်အတိုင်း ရစေခြင်းငှါရင်း၊ ငါတို့ကြောင့်သာဤသို့ ကျမ်းစာလာ၏။**

## စစ်မှုထမ်းသောသူများနှင့်သိုးထိန်း

စစ်မှုထမ်းသောသူသည် မိမိ၏စရိတ်ကိုသုံး၍ စစ်မှုကိုမထမ်းချေ။ အစိုးရကတာဝန်ယူသည်။ ဥယျာဉ်ကိုစိုက်ပျိုးသောသူလည်း၊ ဥယျာဉ်၏အသီးကိုမစားဘဲမနေ။ သိုးထိန်းသည်လည်း၊ သိုးနို့ကိုမသောက်ဘဲမနေ ဟုတွေ့ရသည်။

**၁ကော၊ ၉း၇ အဘယ်သူသည် ကိုယ်စရိတ်ကိုသုံး၍စစ်မှုကို ထမ်းရသနည်း။ အဘယ်သူသည်ဥယျာဉ်ကိုစိုက်ပျိုး၍အသီးကိုမစားဘဲနေရသနည်း။ အဘယ်သူသည် သိုးထိန်း လုပ်၍ သိုးနို့ကိုမသုံးဘဲနေရသနည်း။**

## ဘုရားသခင်၏ပညတ်တော်မူချက်

ယုံကြည်သူများသည် ကျမ်းစာကိုဖတ်၍ နားလည်ဖို့ရန်အရေးကြီးသည်။ ဘုရားသခင်၏ ပညတ်တော်မူချက်ကိုလေ့လာကြပါစို့။

၁ကော၊ ၉း၇-၁၄ အဘယ်သူသည် ကိုယ်စရိတ်ကို သုံး၍ စစ်မှုကို ထမ်းရသနည်း။ အဘယ်သူသည် ဥယျာဉ်ကိုစိုက်ပျိုး၍ အသီးကိုမစားဘဲနေရသနည်း။ အဘယ်သူသည် သိုးထိန်း လုပ်၍ သိုးနို့ကိုမသုံးဘဲနေရသနည်း။ ၈ လောကီဝေါဟာရအားဖြင့်သာ ဤသို့ ငါဆို သလော။ ပညတ်တရားသည်လည်း ဤသို့ပင်ဆိုသည် မဟုတ်လော။ ၉ မောရှေ၏ ပညတ္တိကျမ်းစာ၌လာသည်ကား၊ စပါးနင်းနယ်သော နွား၏ နှုတ်ကိုမချုပ်တည်းရဟု လာ၏။ ဘုရားသခင်သည် နွားကိုသာ ပမာဏပြုတော်မူ သလော။ ၁၀သို့မဟုတ် ငါတို့ကြောင့်သာ ဤသို့ပညတ်တော်မူ သလော။ လယ်ထွန်သောသူသည် မြော်လင့်လျက် လယ်ထွန်စေခြင်းငှါရင်း၊ မြော်လင့်လျက် စပါးနင်းနယ် သောသူသည် မြော်လင့်သည်အတိုင်း ရစေခြင်းငှါရင်း၊ ငါတို့ကြောင့်သာဤသို့ ကျမ်းစာလာ၏။ ၁၄ငါတို့သည် သင်တို့၌ဝိညာဉ်မျိုးစေ့ကို စိုက်ပြီးမှ သင်တို့၏လောကီအသီးကို သုံးဆောင်လျှင် ကျေးဇူးကြီး မည်လော။ ၁၂အခြားသောသူတို့သည် သင်တို့ထံမှာ ထိုအခွင့် ကိုရလျှင် ငါတို့သည် သာ၍ရထိုက်သည်မဟုတ်လော။ သို့သော်လည်း ထိုအခွင့်ကို ငါတို့သည် မသုံးဘဲ၊ ခရစ်တော် ၏ ဧဝံဂေလိတရားကို ဆီးတားခြင်းအကြောင်း မရှိ စေခြင်းငှါ အရာရာ၌ သည်းခံကြ၏။ ၁၃ဝမ္မကိစ္စအမှုကိုဆောင်ရွက်သော သူတို့သည် ဗိမာန်တော်ကို အမှီပြု၍ စားရသည်ကိုရင်း၊ ယဇ်ပူဇော် ခြင်းအမှုကို ဆောင်ရွက်သော သူတို့သည် ယဇ်ပလ္လင်နှင့် ဆက်ဆံ၍ စားရသည်ကိုရင်း၊ သင်တို့ မသိကြသလော။ ၁၄ ထိုနည်းတူ၊ ဧဝံဂေလိတရားကိုဟောသော သူတို့သည် ဧဝံဂေလိတရားကို အမှီပြု၍ အသက်မွေးရမည် အကြောင်း၊သခင်ဘုရား၏ ပညတ်တော်မူချက်ရှိ၏။

## သင်ခန်းစာ ( ၂၆ ) မေးခွန်းများ

၁။ အသင်းတော်၌ ဘုရားသခင်အလိုတော်အတိုင်း အသင်းတော်ကို ကြည့်ရှုသောသူသည် အလှူဘာယ်နှစ်ဆခံထိုက်သည်ဟုဆို သနည်း။ - - - - - - - - -

၂။ လယ်ထွန်သောနွား၏နှုတ်ကိုချုပ်တည်းပေးရမည်လော။ - - - - -

၃။ စစ်မှုထမ်းသောသူသည် မိမိစရိတ်အားဖြင့်စစ်မှုထမ်းရမည်လော။ - - - - - - - - -

၄။ သိုးထိန်းသည် သိုးနို့ကိုမသောက်ဘဲနေရမည်လော။ - - - - - - -

၅။ ဘုရားသခင်၏ပညတ်တော်၌၊ ဧဝံဂေလိတရားကိုဟောပြောသော သူသည် ဧဝံဂေလိတရားအားဖြင့်- - - - - - - - - - - ဟုဆိုသည်။


# ကုလားကာ

အသန့်ရှင်းဆုံးဌါနနှင့်၊ သန့်ရှင်းရာဌါနကို အပိုင်းအခြားဖြစ်ဖို့ရန် ကုလားကာဖြင့် ကာရသည်။ ပြာသောအထည်၊မောင်းသောအထည်၊နီသော အထည်၊ ပိတ်ချောဖြင့်ပြီး၍၊ ခေရုဗိမ်အရုပ်နှင့်ချယ်လှယ်သော ကုလားကာ ဖြစ်သည်။ ထိုကုလားကာကို မဖြတ်ဘဲ၊ သန့်ရှင်းရာဌါနမှ အသန့်ရှင်းဆုံးဌါနသို့ မဝင်နိုင်ချေ။ ထိုကုလားကာသည် မည်သူ့ကိုပုံဆောင်သနည်း၊၊ ဆက်လက် လေ့လာကြပါစို့။

**ထွက်၊ ၂၆း၃၁-၃၇တနည်းကား၊ ပြာသောအထည်၊ မောင်းသော အထည်၊နီသောအထည်၊ ပိတ်ချောဖြင့်ပြီး၍၊ခေရုဗိမ်အရုပ်နှင့်ချယ်လှယ်သော ကုလားကာတထည်ကို ချုပ်ရမည်။ ၃၂ ရွှေချသော အကာရှသား တိုင်လေး တိုင်အပေါ်မှာ၊ ထိုကုလားကာကို ဆွဲထားရမည်။ ထိုတိုင်တို့သည် ရွှေတံစို့နှ င့်ငင်း၊ ငွေခြေစွပ်လေးခုနှင့်ငင်း ပြည့်စုံရမည်။ ၃၃သက်သေခံချက်ထားသော သေတ္တာကို၊ ကုလားကာအတွင်းသို့ သွင်းစရာဘို့ ထိုကုလားကာကို ရွှေချောင်းဖြ င့် ဆွဲကာ၍၊ဟာဂျာအရပ်၊ ဟာဂျာဟာဂျုံအရပ် နှစ်ပါးစပ်ကြား၌ အပိုင်းအခြား ဖြစ်ရမည်။၃၄ ဟာဂျာဟာဂျုံ အရပ်၌ သက်သေခံချက်သေတ္တာအပေါ်မှာ၊ သေတ္တာအဖုံးကို တင်ထားရမည်။ ၃၅ ကုလားကာပြင်မှာ စားပွဲကို ထားရမည်။ တဲတောင်တောင်ဘက်နားမှာ မီးခုံကိုငင်း၊ မြောက်ဘက်နားမှာ စားပွဲကိုငင်း၊ တဘက်နှင့်တဘက် ဆိုင်မိအောင် ထားရမည်။ ၃၆တဲတော်တံခါးဝ၌ကာရန်၊ ပြာသောအထည်၊မောင်းသောအထည်၊ နီသောအထည်၊ ပိတ်ချောဖြင့် ပြီး၍၊**

ချယ်လှယ်သော ကုလားကာတထည်ကို လုပ်ရမည်။ ၃၇ ထိုကုလားကာဘို့ ရွှေတံစို့နှင့်ပြည့်စုံသော အကာရှတိုင်ငါးတိုင်ကို လုပ်၍ ရွှေနှင့်မွမ်းမံရမည်။ ကြေးဝါခြေစွပ်ငါးခုကိုလည်း သွန်းရမည်။

## ကောင်းကင်တဲတော်သန့်ရှင်းရာဌါန




ကုလားကာသည် ခရစ်တော်ကိုပုံဆောင်သည်။ အသက်လမ်းသစ်တည်းဟူသော ကောင်းကင်တဲတော်သန့်ရှင်းရာဌာနထဲသို့ အသွေးတော်ကိုအမှီပြု၍အဆီးအတားမရှိ ဝင်ရသောအခွင့် ရရှိဖို့ရန်ခရစ်တော်သည် ကိုယ်ကိုစွန့်၍ အသေခံဖို့လိုသည်။ ခရစ်တော်အသေခံခြင်းသည် ကုလားကာကွဲခြင်းနှင့် တူသည်။ ထို့ကြောင့် ခရစ်တော်အသေခံသောအခါ၊ ဗိမာန်တော်၏ကုလားကာသည် အထက်စွန်းမှအောက်စွန်းတိုင်အောင် စုတ်ကွဲကြောင်းသိရသည်။ မဿဲ၊ ၂၇း၅၁၊ ထိုအရာကိုကြည့်ခြင်းဖြင့် လူတည်ဆောက်သော ဗိမာန်တော်ကိုစွန့်၍၊

လူ့လက်ဖြင့် မဆောက်သော ကောင်းကင်တဲတော်၌ ပြောင်းကြောင်းသိရသည်။ ထို့ကြောင့် ခရစ်တော်၏အသွေးတော်မြတ်ကို အမှီပြုသောသူတို့သည် အသက် လမ်းသစ်ကိုရ၍၊ သန့်ရှင်းရာဌါနထဲသို့အဆီးအတားမရှိဘဲ၊ ဝင်ရသောအခွင့်ကို ရမည်။ ထို့ကြောင့် ခရစ်တော်သည်အသက် လမ်းသစ်ဖြစ်သည်။ ခရစ်တော်ကို အမှီမပြုသောသူများသည် ခမည်းတော်ထံသို့ ရောက်နိုင်မည်မဟုတ်။

**ဟေဗြဲ၊ ၁၀း ၁၉-၂၀ထိုကြောင့် ညီအစ်ကိုတို့၊ ယေရှု၏ကိုယ်ခန္ဓာတော် တည်းဟူသော ကုလားကာအားဖြင့် ထိုသခင် ပြင်ဆင်တော်မူသောအသက်လမ်း သစ်တွင်၊ ၂၀ ငါတို့သည် သန့်ရှင်းရာဌာနထဲသို့၊ အသွေးတော်ကိုအမှီ ပြု၍အဆီးအတားမရှိ၊ ဝင်ရသောအခွင့် ရှိသဖြင့်ငင်း။**

**ယော၊ ၁၄း၆ ယေရှုက၊ ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်း ဖြစ်၏။ အသက်သည်လည်းဖြစ်၏။ ငါ့ကို အမှီ မပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ။**

**ဧဖက်၊ ၂း၁၈ ထိုသို့ ခရစ်တော်အားဖြင့် ငါတို့နှစ်ဦးသည် စိတ်ဝိညာဉ်တ လုံးတဝတည်းဖြစ်၍၊ ခမည်းတော်ထံသို့ တိုးဝင်ရမည်အခွင့်ကို ရကြပြီ။ ၁၉ ထိုကြောင့်၊ သင်တို့သည် တကျွန်းတနိုင်ငံသားမဟုတ်၊ ဧည့်သည်လည်း မဟုတ်၊ သန့်ရှင်းသူတို့၏ အမျိုးသားခြင်း ဖြစ်ကြ၏။ ဘုရားသခင်အိမ်တော် သားလည်း ဖြစ်ကြ၏။**

## သင်ခန်းစာ ( ၂၇ ) မေးခွန်းများ

၁။ ကုလားကာသည် မည်သည့်အထည်များနှင့်ကာရမည်နည်း။ - -

၂။ ကုလာကာချုပ်သောအခါ မည်သည့်အရုပ်ပါရမည်နည်း။ - - - - - -

၃။ ဟဂျာအရုပ်နှင့် ဟဂျာဟဂျုံသည်မည်သည့်အရာကိုဆိုလိုသနည်း။
- - - - - - - — - -

၄။ သန့်ရှင်းရာဌါနမှ အသန့်ရှင်းဆုံးဌါနသို့သွားသောအခါ မည်သည့်
အရာကိုဖြတ်ရသနည်း။ - - - - - - - -

၅။ ခရစ်တော်အသေခံခြင်းသည် မည်သည့်အရာကွဲခြင်းဖြစ်သနည်း။
- - - - - -

၆။ ခရစ်တော်အသေမခံလျှင် ကောင်းကင် တဲတော်စစ်သွားရာလမ်း
အသက်လမ်းသစ်ဖွင့်မည်လော။ - - - - - -

၇။ ခရစ်တော်အသေခံခြင်းအားဖြင့် ကောင်းကင်တဲတော်စစ်သွားရာ
လမ်းကို - - - - - - - - စေပြီ။

၈။ ခရစ်တော်၏အသွေးတော်ကိုအမှီပြုသောသူများသည် - - - - - - မ
ရှိဘဲ ကောင်းကင်တဲတော်စစ်သန့်ရှင်းရာဌါနထဲသို့ဝင်ရမည်ဖြစ်သည်။

၉။ ခရစ်တော်ကငါသည်မည်သည့်အရာဖြစ်သည်ဟုဆိုသနည်း။ - - - -

၁၀။ ယုံကြည်သူများသည် မည်သူ၏အိမ်တော်သားများဖြစ်ကြ
သနည်း။ - - - - - -

# ပဋိညာဉ်သေတ္တာနှင့်ရွှေခေရမိမ်နှစ်ပါး




ပဋိညာဉ်သေတ္တာသည် အလွန်အရေးကြီးသည်။ ဘုရားပြောသည့် အတိုင်းပြုလုပ်ရမည်။ ပဋိညာဉ်သေတ္တာသည် တဲတော်၌ အသန့်ရှင်းဆုံး၌ါန၌ ထားရသည်။ ထိချင်တိုင်းထိလို့မရချေ သေမည်ဖြစ်သည်။ ထမ်းချင်တိုင်းထမ်း လို့မရချေ။ လေဝိအမျိုးများကသာလျှင်ထမ်းရမည်။ ထိုပဋိညာဉ်သေတ္တာထဲ၌၊ ဘုရားကျိန်ဝပ်၍၊ထို့ပဋိညာဉ်သေတ္တာအထဲမှ ဣသေရလူများကို စကားပြောလိ မ့်ရှိသည်။ဆက်လေ့လာကြပါစို့။

**ထွက်၊ ၂၅း၁၀-၂၂အလျားနှစ်တောင်ထွာ၊ အနံတတောင်ထွာ၊ စောက် တတောင်ထွာရှိသော သေတ္တာကို၊ အကာရှသား နှင့်လုပ်၍၊ သေတ္တာအတွင်းအ**

ပြင်ကို ရွှေစင်နှင့် မွမ်းမံရမည်။၁၁သေတ္တာအပေါ်နားပတ်လည်၌ ကွပ်သော ရွှေ တန်ဆာကိုလည်း လုပ်ရမည်။ ၁၂ ရွှေလေးကွင်းကို သွန်း၍၊ သေတ္တာလေးထောင့်၌ တမျက်နှာ နှစ်ကွင်းစီ တပ်ရမည်။ ၁၃ အကာရှသားထမ်းဘိုးကို လုပ်၍ ရွှေနှင့်မွမ်းမံပြီးမှ၊ ၁၄သေတ္တာထမ်းစရာဘို့ တဘက်တချက် ရွှေကွင်းထဲသို့ လျှိုထားရမည်။ ၁၅ထိုထမ်းဘိုးကိုလည်းသေတ္တာရွှေကွင်းထဲက မနှုတ်အစဉ် ရှိစေရမည်။ ၁၆ငါပေးသော သက်သေခံချက်ကို၊ ထိုသေတ္တာထဲမှာ ထားရမည်။ ၁၇ အလျားနှစ်တောင်ထွာ၊ အနံတတောင်ထွာရှိသော သေတ္တာအဖုံးကိုလည်း ရွှေနှင့်လုပ်ရမည်။ ၁၈ ရွှေခေရုဗိမ်နှစ်ပါးကိုလည်း သေတ္တာအဖုံးတွင် အလျားတဘက်တချက်၌ ထုလုပ်ရမည်။ ၁၉ထိုခေရုဗိမ်နှစ်ပါးကို သေတ္တာဖုံးကိုယ်ထဲကထုတ်၍၊ သေတ္တာဖုံးအပေါ်၌ တဘက်တပါးစီ လုပ်ပြီးလျှင်၊ ၂၀ ခေရုဗိမ်နှစ်ပါးတို့သည် မျက်နှာချင်းဆိုင်၍၊ သေတ္တာဖုံးကို ရှုလျက်၊ မိမိအတောင်ကို ဖြန့်၍ သေတ္တာဖုံးကို မိုးရမည်။ ၂၁ သေတ္တာအဖုံးကို သေတ္တာပေါ်မှာ တင်ရမည်။ ငါပေးသော သက်သေခံချက်ကိုလည်း သေတ္တာထဲမှာ ထားရမည်။ ၂၂ ထိုအရပ်၌ ငါသည် သင်နှင့်တွေ့၍၊ သက်သေခံချက်ထားသော သေတ္တာဖုံးအပေါ်၊ ခေရုဗိမ်နှစ်ပါး စပ်ကြားမှာ သင်နှင့် နှုတ်ဆက်သဖြင့်၊ ဣသရေလအမျိုးသားတို့၌ ဆင့်ဆိုရာသမျှတို့ကို စီရင်မည်။

## သေချာစွာပြောစရာအကြောင်းမရှိ

လောက၌ရှိသော တဲတော်တန်ဆာမှန်သမျှသည် ယခုအချိန်၌အားလုံး အရိပ်ဖြစ်သွားပြီဖြစ်သည်။ ခရစ်တော်အားဖြင့်သာ ပြည့်စုံ၍၊ ခရစ်တော်

အားဖြင့် သာလျှင် ပြည့်စုံစေမည့်အကြောင်းကို သန့်ရှင်းသော ဝိညာဉ်တော်သည် အရိပ်ကိုပေးခြင်းဖြစ်သည်။ ဆက်လက်လေ့လာကြပါစို့။

**ဟေဗြဲ၊ ၉း၁–၁၀တနည်းကား၊ ပဌမပဋိညာဉ်တရားသည် ဝတ်ပြုရာစီရင်ချက်နှင့်ငင်း၊ လောကီသန့်ရှင်းရာဌာနတော်နှင့်ငင်း စပ်ဆိုင်၏ ၂အဘာယ်သို့နည်းဟူမူကား၊ ဟဂျာဟုခေါ်ဝေါ်သော ပဌမတဲတော်သည်၊ ဆီမီးခုံ၊ စားပွဲ၊ ရှေ့တော်မုန့်နှင့် ပြင်ဆင်လျက်ရှိ၏။ ၃ ဒုတိယကုလားကာအတွင်း၌၊ ဟဂျာဟဂျုန်ဟု ခေါ်ဝေါ်သော တဲတော်ရှိ၏။ ၄ ထိုတဲတော်၌ ရွှေလင်ပန်းနှင့် ရွှေဖြင့်မွမ်းမံသော ပဋိညာဉ်တရားသေတ္တာရှိ၏။ ထိုသေတ္တာ၌ မန္နကို ထားသောရွှေအိုး၊အပွင့်ပွင့်သော အာရုန်၏ လှံတံ၊ ပဋိညာဉ်တရားကို ရေးထားသောကျောက်ပြားတို့ သည်ရှိကြ၏။ ၅ ထိုသေတ္တာပေါ်မှာ ဘုန်းကြီးသော ခေရုဗိမ်တို့သည် အပြစ်ဖြေရာပလ္လင်ကို လွှမ်းမိုးလျက်ရှိကြ၏။ ထိုအရာများကို ယခုသေချာစွာ ပြောစရာအကြောင်း မရှိ။ ၆ ထိုသို့ ခပ်သိမ်းသော အရာတို့သည် ပြင်ဆင်လျက် ရှိသောအခါ၊ ယဇ်ပုရောဟိတ်တို့သည် ဝတ်ပြု၍ ပဌမတဲတော်အတွင်းသို့ အစဉ်ဝင်ကြရ၏။ ၇ ဒုတိယတဲတော်အတွင်းသို့ ယဇ်ပုရောဟိတ်မင်းတပါးတည်းသာ မိမိအပြစ်ကြောင့်ငင်း၊လူများအပြစ် ကြောင့်ငင်း၊ ပူဇော်သောအသွေးကိုဆောင်၍ တနှစ်လျှင် တခါတည်းသာဝင်ရ၏။ ၈ ပဌမတဲတော်မပျက်မှီတိုင်အောင်၊ သန့်ရှင်းရာ ဌာနသို့ သွားသော လမ်းမဖွင့်သေးသော အကြောင်းကို ထိုအမှုအရာအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည် အရိပ်ပေးတော်မူ၏။ ၉ထိုတဲတော်ကား၊ ပူဇော်သက္ကာနှင့် ယဇ်များကို ပူဇော်သော ကာလတည်းဟူသော မျက်မှောက်ကာလ ပတ်လုံးပုံပမာဖြစ်၏။ ထိုပူဇော်သက္ကာနှင့် ယဇ်များတို့သည် ကိုယ်ကိုကိုယ် သိသောစိတ်ကိုထောက်လျှင်**

**လည်း၊ ဝတ်ပြုသောသူအား စုံလင်ခြင်းအကျိုးကို မပေးနိုင်သည်ဖြစ်၍၊ ၁၀ စားစရာ၊ သောက်စရာ၊ အမျိုးမျိုးသော နှစ်စရာတည်းဟူသော၊ ကိုယ်ခန္ဓာနှင့်ဆိုင်သော အထုံးအဖွဲ့များ နှင့်တကွ အသစ်ပြုပြင်ခြင်း ကာလတိုင်ရုံမျှသာ တည်ရကြ၏။**

သင်ခန်းစာ ( ၂၈ ) မေးခွန်းများ

၁။ ပဋိညာဉ်သေတ္တာသည် အလျားနှင့်အနံဘယ်နှစ်ထွာရှိသနည်း။ - -

၂။ ပဋိညာဉ်သေတ္တာသည် မည်သည့်သစ်သားနှင့်လုပ်ရသနည်း။ - - -

၃။ ပဋိညာဉ်သေတ္တာကို မည်သည့်အရာနှင့်မွမ်းမံရသနည်း။ - - - -

၄။ ပဋိညာဉ်သေတ္တာအပေါ်မှာ မည်သည့်အရာနှစ်ပါးထားရသနည်း။ - - - - - - — -

၅။ ဘုရားသခင်သည် မည်သည့်နေရာ၌ကျိန်းဝပ်သနည်း။ - - - - - - -

၆။ ပဋိညာဉ်သေတ္တာကို မည်သည့်နေရာ၌ထားရမည်နည်း။ - - - - -

၇။ ပဋိညာဉ်သေတ္တာ၌မည်သည့်အရာများကိုထည့်ထားသနည်း။ - - -

၈။ တဲတော်ထဲ၌ ပူဇော်သက္ကာသမျှသည် - - - - - - - ဖြစ်သည်။

သင်ခန်းစာ ( ၂၉ )

# ခရစ်တော်သည်ပဋိညာဉ်တရားသစ်၏အာမခံ



ခရစ်တော်သည် ပဋိညာဉ်တရားသစ်၏အာမခံဖြစ်သည်။ ထို့ကြောင့် ပဋိညာဉ်တရားအကြောင်းသိဖို့လိုသည်။ ပဋိညာဉ်တရားဟောင်းရှိသောကြောင့်

ပဋိညာဉ်တရားသစ်လည်းရှိခြင်းဖြစ်သည်။ ပဋိညာဉ်တရားဟောင်းသည် လောကဥ္စရှိသော တဲတော်၌ အပြစ်ဖြေရာယဇ်များကို ပူဇော်၍၊ တဲတော်နှင့်ဆိုင် သောအရာ မှန်သမျှသည် ပဋိညာဉ်တရားဟောင်းဖြစ်သည်။ ခရစ်တော် အသေခံ၍၊ လုပ်ဆောင်ပေးသော အရာမှန်သမျှသည် ပဋိညာဉ်တရားသစ် ဖြစ်သည်။ တဲတော်၌ရှိသော အရာအားလုံးသည် ခရစ်တော်ကိုပုံဆောင်ခြင်း ဖြစ်သည်။

**ဟေဗြဲ၊ ၈း၆-၉ထိုမှတပါး၊ ယေရှုသည် သာ၍မြတ်သော ဂတိတော် တို့၌တည်သော၊ သာ၍မြတ်သော ပဋိညာဉ် တရား၏ အာမခံဖြစ်သည်နှင့် အညီ၊ သာ၍မြတ်သော ဝတ်ပြုခြင်း အခွင့်အရာကို ရတော်မူ၏။ ၇ ပဌမ ပဋိညာဉ်တရားသည်၊ အပြစ်တင်ခွင့်မရှိသည် မှန်လျှင်၊ဒုတိယပဋိညာဉ်တရား တည်ရသော အခွင့်ကို အဘယ်ကြောင့်ရှာရသနည်း။ ၈ ပဌမပဋိညာဉ်တရားကို ထာဝရဘုရားသည် အပြစ်တင်၍ မိန့်တော်မူသည်ကား၊၉ ငါသည် ဤ လူမျိုး၏ ဘိုးဘေးတို့ကိုလက်ဆွဲ၍ အဲဂုတ္တုပြည်မှ ဆောင်သွားသောအခါ၊ သူ တို့၌ ငါပေး သော ပဋိညာဉ်တရားနှင့် ခြားနားသော ပဋိညာဉ်တရားသစ်ကို ဣ သရေလအမျိုးသား၊ ယုဒအမျိုးသား တို့၌ ငါပေးသော အချိန်ကာလရောက် လိမ့်မည်။ အရင် ငါပေးဘူးသော ပဋိညာဉ်တရား၌ သူတို့သည် မတည်ကြ၊ ငါ သည်လည်း သူတို့ကို မကြည့်ရှုမပြုစုဘဲနေ၏။**

# သူတို့သည်ငါ၏လူဖြစ်ကြလိမ့်မည်

တဲတော်သည် သုံးပိုင်းဖြင့်ပိုင်းထားသည် ၎င်းတို့မှာ ပရိတ်သတ်စည်းဝေး ရာတံခါးရှေ့၊ သန့်ရှင်းရာဌါန၊ အသန့်ရှင်းဆုံးဌါနတို့ဖြစ်ကြသည်။ ထို့နည်းတူ လူ

ကိုလည်း သုံးပိုင်းဖြင့်ပိုင်းထားသည် ၎င်းတို့မှာခန္ဓာ၊ စိတ်၊ ဝိညာဥ်တို့ဖြစ်ကြသည်။ ထို့ကြောင့် ဘုရားသခင်သည် လူ့လက်ဖြင့်တည်ဆောက်သော တဲတော်ထဲ၌ မကျိန်းဝပ်တော့ဘဲ၊ သူ့လက်ဖြင့်တည်ဆောက်သော လူအထဲ၌သာ ကျိန်းဝပ်တော့သည်။ ယခင်က ဘုရားသည် သူ့ပညတ်တော်တို့ကို ကျောက်ပြား၌ရေး၍၊ ပဋိညာဥ်သေတ္တာထဲ၌ထည့်ထား၍၊ထိုပဋိညာဥ်သေတ္တာ အထဲကနေ ဣသရေလလူမျိုးတို့ကို စကားပြောလိမ့်ရှိသည်။ ယခုအချိန်၌ သူ၏ပညတ်တော်တို့ကို ယုံကြည်သူများ၏စိတ်ဝိညာဥ်အထဲ၌ ထည့်ထားပြီး၊ ယုံကြည်သူများ၏စိတ်နှလုံးပေါ်၌ရေးထားပြီး၊ ငါသည်သူတို့၏ ဘုရားဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်ဟု ဆိုသည်။ ယုံကြည်သူများ အတွက်ပြည့်စုံပြီ၊ ငါသည် သူတို့အပြစ်များကို သည်းခံမည်။ သူတို့ပြစ်မှားခြင်း၊ လွန်ကျူးခြင်းများကိုမအောက် မေ့ပဲ နေမည်ဟု ထာဝရဘုရား ဆိုသည်။ ဣသရေလလူမျိုးများ အနည်းစုကသာလျှင် ခရစ်တော်ကို မိမိကယ်တင်ပိုင်ရှင် အဖြင့်လက်ခံကြသည်။ အများစုက လက်မခံကြသေး။ သို့သော်လည်း ခရစ်တော်ကိုမိမိ ကယ်တင်ပိုင်ရှင်အဖြင့် ယုံကြည်သော တပါးအမျိုးသားများ အတွက် ပြည့်စုံပြီးပြီဖြစ်သည်။ ဣသရေလလူမျိုးများ အများစုသည် ခရစ်တော် ဒုတိယအကြိမ်ကြွလာသောအချိန်၌ယုံကြည်လက်ခံကြမည် ဖြစ်သည်။ သူတို့အတွက်အနှစ်တစ်ထောင်မှပြည့်စုံမည်။ ထို့ကြောင့် ဘုရားသခင်သည် တဲတော်ထဲကနေ လူကိုစကားမပြောတော့ပဲ၊လူ၏အထဲကနေ စကားပြောတော့သည်။ ဤအရာသည် ပဋိညာဥ်တရားသစ်ဖြစ်သည်။

**ဟေဗြဲ၊ ၈း၁၀-၁၃နောင်ကာလအခါ ဣသရေလအမျိုးသားတို့၌ ငါပေးအံ့သော ပဋိညာဉ်တရားဟူမူကား၊ ငါထာဝရ ဘုရားသည် ငါ့ပညတ်တို့ကို သူတို့**

စိတ်ဝိညာဉ်ထဲသို့ သွင်းမည်။ သူတို့နှလုံးပေါ်မှာ ရေးထားမည်။ ငါသည်သူတို့၏ ဘုရားဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်။ ၁၁ ထိုသူတို့က၊ ထာဝရဘုရားကိုသိလော့ဟု၊အမျိုးသားချင်း၊ညီအစ်ကိုအချင်းချင်း တယောက်ကိုတယောက် ဆုံးမသြဝါဒ မပေးရကြ၊ အကြောင်းမူကား၊ အငယ်ဆုံးသောသူမှစ၍ အကြီးဆုံးသောသူတိုင် အောင် ထိုသူအပေါင်းတို့သည် ငါ့ကိုသိကြလိမ့်မည်။ ၁၂ ထိုအခါငါသည် သူတို့အပြစ်များကို သည်းခံမည်။ သူတို့ပြစ်မှားခြင်း၊ လွန်ကျူးခြင်းများကိုမအောက် မေ့ဘဲနေမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ ၁၃ပဋိညာဉ်တရားသစ်ဟူ၍ မိန့်တော်မူသည်တွင် ပဌမပဋိညာဉ်တရားကို ဟောင်းစေတော်မူ၏။ ရွေ့လျော့၍ ဟောင်းသောအရာမည်သည်ကား၊ ကွယ်ပျောက်ခြင်း သို့ရောက်လုနီးသတည်း။

ဟေဗြဲ၊ ၁၀း၁၅-၁၇ထိုသို့နှင့်အညီ၊ သန့်ရှင်းသောဝိညာဉ်တော်သည် ငါတို့အား သက်သေပေးတော်မူသည်မှာ၊၁၆ နောင်ကာလအခါသူတို့၌ ငါပေးသောပဋိညာဉ်တရား ဟူမူကား၊ ငါထာဝဘုရားသည် ငါ့ပညာတို့ကိုသူတို့နှလုံးထဲမှာပေးသွင်းမည်။ သူတို့စိတ်ဝိညာဉ်၏အပေါ်မှာ ရေးထားမည်ဟု အထက်ကမိန့်တော်မူပြီးမှ၊ ၁၇ တဖန်တုံ၊ သူတို့ပြစ်မှားခြင်း၊ လွန်ကျူးခြင်း အမျိုးမျိုးကို ငါမအောက်မေ့ဘဲ နေမည်ဟု လာသတည်း။

သင်ခန်းစာ ( ၂၉ ) မေးခွန်းများ

၁။ ပဋိညာဉ်ဘယ်နှစ်မျိုးရှိသနည်း။ - - - ဖော်ပြပါ - - - - — - - -

၂။ ပဋိညာဉ်တရားဟောင်းသည် မည်သည့်နေရာ၌ရှိသနည်း။ - - - - - -

၃။ ပဋိညာဉ်တရားသစ်သည်မည်သည့်နေရာ၌ရှိသနည်း။ - - - - - - - -

၄။ ပဋိညာဉ်တရားသစ်၏အာမခံသည်- - - - - - - ဖြစ်သည်။

၅။ ဘုရားသည်သူ၏ပညတ်တော်များကို မည်သည့်နေရာ၌ထည့်ထား သနည်း။ - - - - - - - - -

သင်ခန်းစာ ( ၃၀ )

# သုံးရက်အတွင်းတွင်ပြီးသောဗိမာန်တော်



ယခင်၌ အာဗြဟံသည်သူ ရောက်သောနေရာတိုင်း၌ ယဇ်ပလ္လင်ကို တည်၍ဘုရားကို ကိုးကွယ်ခဲ့သည်။ က၊ ၁၂း၆-၉။ ယခင်၌ မောရှေအားဖြင့်တဲ တော်၌ ကိုးကွယ်လာကြသည်။ဟေဗြဲ၊ ၈း၅။ ယခင်၌ရှောလမုန်တည်ဆောက် သောဗိမာန်တော်၌ ကိုးကွယ်ခဲ့ကြသည်။ ၆ရာ၊ ၃း၁-၂၊ ၇း၁-၃။ လူတည်ဆောက် ထားသောဗိမာန်တော်၌ ဘုရားမကျိန်းဝပ်ချင်တော့ချေ။ ထို့ကြောင့် ဤဗိမာန် တော်ကိုဖြိုဖျက်ကြလော့၊ သုံးရက်အတွင်းတွင် ငါတည်ဆောက်မည်ဟု ယုဒလူ များကိုဆိုခြင်းဖြစ်သည်။ ထို့ကြောင့် ယုံကြည်သူများသည် သုံးရက်အတွင်းတွင် ပြီးသောဘုရားသခင်၏ ဗိမာန်တော်ဖြစ်ကြသည်။

**ယော၊ ၂း၁၈-၂၂ ယုဒလူတို့ကလည်း၊ သင်သည် ဤသို့ပြုလျှင် အ ဘယ်နိမိတ်လက္ခဏာကို ငါတို့အား ပြမည်နည်းဟု ဆိုကြ၏။၁၉ယေရှုက**

**လည်း၊ ဤဗိမာန်တော်ကို ဖြိုဖျက်ကြလော့။ သုံးရက်အတွင်းတွင် ငါ တည်ဆောက်မည်ဟု မိန့်တော်မူ၏။ ၂၀ ယုဒလူတို့က၊ အနှစ်လေးဆယ် ခြောက်နှစ်ပတ်လုံး ဤဗိမာန်တော်ကိုတည်ဆောက်ကြ၏။သင်မူ ကား၊ သုံး ရက်တည်းနှင့်တည်ဆောက်မည်လောဟု ဆိုကြ၏။ ၂၁ ထိုသို့မိန့်တော်မူရာ၌ မိမိကိုယ်တည်းဟူသော ဗိမာန်တော်ကိုအမှတ်ပြု၍မိန့်တော်မူ၏။ ၂၂ ထို ကြောင့် သေခြင်းမှ ထမြောက်တော်မူသည်နောက်။ထိုစကားတော်ကို တပည့် တော်တို့သည် မှတ်မိ ကြသဖြင့်၊ ကျမ်းစာကိုငှင်း၊ယေရှု၏ နှုတ်ကပတ်တော် ကိုငှင်း ယုံကြ၏။**

# သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်တော်

ယုံကြည်သူများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဗိမာန်တော်ဖြစ်ကြ သည်။ မိမိကိုယ်ကိုမပိုင် ဘုရားသခင်ပိုင်သည်။ အကျွန်ုပ်တို့၏အထဲမှ ဘုရား၏နှုတ်ကပတ်တော်ထွက်၍၊ မယုံကြည်သူများက ကြား၍ ခရစ်တော်ကို ယုံကြည်လက်ခံလာဖို့ရန်ဖြစ်သည်။

**၁ကော၊ ၆း၁၉ အဘယ်သို့နည်း။ သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင် ပေးသနားတော်မူသော ဝိညာဉ်တော်တည်း ဟူသော၊သင်တို့အထဲ၌ကျိန်းဝပ် ၍ သန့်ရှင်းသော ဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်းကိုငှင်း၊ မိမိတို့ကို မိမိတို့မ ပိုင်ကြောင်းကိုငှင်း၊ မသိကြသလော။**

**၁ကော၊ ၆း၂၀သင်တို့သည် အဘိုးနှင့် ဝယ်တော်မူသော သူဖြစ်သော ကြောင့်၊ ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ် အားဖြင့် ဘုရားသခင်၏ ဂုဏ်တော်ကိုထင်ရှားစေကြလော့။**

# ခရစ်တော်၏စာ

ယုံကြည်သူများ၏အထဲ၌ ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ကျိန်းဝပ်သည်။ အကျွန်ုပ်တို့ကို မှင်နှင့် ရေးထားသော စာမဟုတ်။ အသက်ရှင်တော်မူသော ဘုရားသခင်၏ ဝိညာဉ်တော်နှင့် ရေး၍၎င်း၊ ကျောက်ပြားပေါ်၌မရေးဘဲ အသားနှင့်ပြည့်စုံသောနှလုံးပြားပေါ်၌ ရေးသည်။ ထို့ကြောင့် အပြုအမူ၊ အကျင့်အကြံ၊ အနေအထိုင်၊ အစားအသောက်၊ အဝတ်အစား၊ အပြောအဆိုအသက်တာသည် ယုံကြည်သူများအတွက်၊ မယုံကြည်သူများအတွက် ဖတ်သောစာ ခရစ်တော်၏စာဖြစ်ကြသည်။

**၂ကော၊ ၃း၂-၃သင်တို့သည် ငါတို့စိတ်နှလုံးပေါ်၌ ရေးထားသောစာ၊ လူအပေါင်းတို့သိ၍ ဘတ်တတ်သောငါတို့ စာပင်ဖြစ်ကြသတည်း။ ၃အဘယ်သို့နည်းဟူမူကား၊ သင်တို့သည် မှင်နှင့် ရေးထားသော စာမဟုတ်။ အသက်ရှင်တော်မူသော ဘုရားသခင်၏ ဝိညာဉ်တော်နှင့်ရေး၍၎င်း၊ ကျောက်ပြားပေါ်၌မရေးဘဲ အသားနှင့်ပြည့်စုံသော နှလုံးပြားပေါ်၌ ရေး၍၎င်း၊ ငါတို့ပြုစုသော ခရစ်တော်၏စာ ထင်ရှားစွာဖြစ်ကြ၏။**

## သင်ခန်းစာ ( ၃၀ ) မေးခွန်းများ

၁။ ယုံကြည်သူများသည် သုံးရက်အတွင်းတွင် - - - - - - - ဗိမာန်တော်ဖြစ်ကြသည်။

၂။ ယုံကြည်သူများသည် မည်သည့်ဗိမာန်တော်ဖြစ်ကြသနည်း။ - -

၃။ ယုံကြည်သူများသည် မည်သူ၏စာဖြစ်ကြသနည်း။ - - - - — - -

၄။ အာဗြဟံသည် မည်သည့်နေရာ၌ ယဇ်ပလ္လင်ကိုတည်၍၊ ဘုရားကိုယဇ်ပူဇော်ခဲ့သနည်း။ - - - - - -

၅။ မောရှအားဖြင့်မည်သည့်နေရာ၌ ယဇ်ပူဇော်၍၊ ဘုရားကိုကိုးကွယ်လာခဲ့ကြသနည်း။ - - - - - - - -

၆။ ရှောလမုန်အားဖြင့် မည်သည့်နေရာ၌ ဘုရားကို ကိုးကွယ်လာခဲ့ကြသနည်း။ - - - - - - - -

သင်ခန်းစာ ( ၃၁ )

# ဂရုဏာယဇ်ပလ္လင်



ဤယဇ်ပလ္လင်သည် ယခုအချိန်၌ ဂရုဏာပလ္လင်ဖြစ်သည်။ အပြစ်သားများကို အပြစ်လွှတ်သော ဂရုဏာယဇ်ပလ္လင်ဖြစ်သည်။ သင်တို့အပြစ်သည် နီသော အဆင်းရှိသော်လည်း၊ မိုဃ်းပွင့်ကဲ့သို့ ဖြူစေမည်။ ကတ္တီ ပါနီနှင့်တမျှ နီသော်လည်း၊ သိုးမွေးကဲ့သို့ဖြူစေစေမည်။ လာကြတရားစီရင်ကြကုန်အံ့ဟူ၍ ခေါ်သောအချိန်ဖြစ်သည်။ အပြစ်များလျှက်ပင်လွတ်စေဟု တရားစီရင်သော ယဇ်ပလ္လင်ဖြစ်သည်။ဘုရားသခင်က အပြစ်သားများကို ကျေးဇူးပြုသော နေရာ ယဇ်ပလ္လင်လည်းဖြစ်သည်။

**ဟေရှာယ၊ ၁း၁၈ထာဝရဘုရားမိန့်တော်မူသည်ကား၊ လာကြ။တရားစီရင်ကြကုန်အံ့။ သင်တို့အပြစ်သည် နီသော အဆင်းရှိသော်လည်း၊ မိုဃ်းပွင့်**

**ကဲ့သို့ ဖြူလိမ့်မည်။ ကတ္တီ ပါနီနှင့်တမျှ နီးသော်လည်း၊ သိုးမွေးကဲ့သို့ဖြစ်လိမ့်မည်။**

## ခရစ်တော်အားဖြင့်

အာဒံ၏ပြစ်မှားခြင်းကြောင့် လူအပေါင်းတို့သည် သေခြင်းသို့ရောက်ရကြသည်။ သို့သော်လည်း ယေရှုခရစ်ကိုယုံကြည် လက်ခံသောအားဖြင့်၊ ဘုရားသခင်၏ ကျေးဇူးတော်နှင့် ကျေးဇူးတော်၏ အကျိုးကို အကျွန်ုပ်တို့သည် သာ၍ ကြွယ်ဝပြည့်စုံခြင်းကိုခံစားရကြသည်။အာဒံအားဖြင့် ဆုံးရှုံးသမျှသော အရာများကို ယေရှုခရစ်အားဖြင့် အားလုံးပြန်လည်ရရှိကြသည်။

**ရောမ၊ ၅း၁၅သို့သော်လည်း၊ပြစ်မှားခြင်းသဘောနှင့် ကျေးဇူးတော်သဘောမတူ၊ အကြောင်းမူကား၊ လူ တယောက်သည် ပြစ်မှားသောအားဖြင့်၊ လူများတို့သည် သေခြင်းသို့ ရောက်ကြ၏။ တယောက်သောသူတည်း ဟူသော ယေရှုခရစ်အားဖြင့် ဘုရားသခင်၏ ကျေးဇူးတော်နှင့် ကျေးဇူးတော်၏ အကျိုးသည်လူများတို့၌သာ၍ ကြွယ်ဝပြည့်စုံ၏။**

**ရောမ၊ ၅း၁၇-၁၉ထိုမှတပါး၊ လူတယောက်သည် ပြစ်မှားသောကြောင့်၊ ထိုတယောက်သော သူအားဖြင့် သေခြင်းတရား သည် အစိုးရ၏။ ကျေးဇူးတော်၏ကြွယ်ဝခြင်းကိုင်း၊ ဖြောင့်မတ်ရာသို့သွင်းပေးတော်မူခြင်းကိုင်း ခံရသော သူတို့သည် တယောက်သောသူတည်းဟူသော ယေရှုခရစ် အားဖြင့် အသက်ရှင်လျက်သာ၍ စိုးစံရကြလတံ့။ ၁၈ထိုကြောင့်၊ တယောက်သောသူ၏ပြစ်မှားခြင်းအားဖြင့်၊ လူအပေါင်းတို့သည် အပြစ်စီရင်ခြင်းနှင့် တွေ့ကြုံရကြသည်နည်းတူ၊ တယောက်သောသူ၏ ဖြောင့်မတ်ခြင်းအားဖြင့်၊**

**လူအပေါင်းတို့သည် အသက်နှင့် ယှဉ်သော ဖြောင့်မတ်ရာသို့ ရောက်ခြင်းအခွင့်ကို ရကြ၏။၁၉ အကြောင်းမူကား၊ တယောက်သောသူသည် နားမထောင်သောအားဖြင့်၊ လူများတို့သည် အပြစ် ရောက်သည်နည်းတူ၊ တယောက်သော သူသည် နားထောင်သောအားဖြင့်၊ လူများတို့သည် ဖြောင့်မတ်ရာသို့ ရောက်ရကြ၏။**

# အပြစ်များလျှက်ပင်လွှတ်စေ

အကျွန်ုပ်တို့သည် အပြစ်မည်မျှပင်များပါလေစေ၊ ယေရှုခရစ်တော်ကို မိမိကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လျှင်၊ အပြစ်ကိုလွှတ်ပေးသည်။

**ရောမ၊ ၅း၁၆ထိုမှတပါး၊ လူတယောက်ပြစ်မှားသောအရာနှင့် ကျေးဇူးတော်အရာမတူ။ အကြောင်းမူကား၊ တရား စီရင်သောအရာမှာ၊ အပြစ်တခုကြောင့် ဒဏ်ခံစေဟု စီရင်၏။ ကျေးဇူးတော်အရာမှာ၊ အပြစ်များလျက်ပင်လွှတ်စေဟုစီရင်၏။**

# သားတော်ကိုယုံကြည်သောသူ

ယခုအချိန်၌ သားတော်ကို ယုံကြည်သောသူသည် အပြစ်ရင်စီခြင်းမရှိတော့ချေ။ မယုံကြည်သောသူများသည် ယခုအချိန်၌ပင်လျှင်၊တရားစီခြင်းကိုခံရကြသည်။ ဤလောကမှ ထွက်သွားလျှင်လည်း ဖြူသောပလ္လင်ကြီး၌ တရားစီရင်ခြင်းကိုခံရကြမည်ဖြစ်သည်။

**ယော၊ ၃း၁၈သားတော်ကိုယုံကြည်သောသူသည် အပြစ်စီရင်ခြင်းကို မခံရ။ မယုံယုံကြည်သောသူမူကား၊ ဘုရား သခင်၌ တပါးတည်းသောသားတော်ကို မယုံကြည်သောကြောင့် ယခုပင်အပြစ်စီရင်ခြင်းကိုခံရ၏။**

သင်ခန်းစာ ( ၃၁ ) မေးခွန်းများ

၁။ ပဋိညာဉ်သေတ္တာသည် ယခုအချိန်၌ မည်သည့်ပလ္လင်ဖြစ်သနည်း။- - - - - -

၂။ ဂရုဏာပလ္လင်သည် မည်သည့်ပလ္လင်အဖြစ်ပြောင်းသွားမည်နည်း။ - - - - - - —

၃။ ခရစ်တော်အားဖြင့်မည်သည့်အဖြစ်သို့ရောက်ကြသနည်း။ - - - -

၄။ ကျေးဇူးတရားမှာ အပြစ်များလျက်ပြင် မည်သည့်အရာဖြစ်စေသနည်း။ - - - - - - -

၅။ သားတော်ကိုယုံကြည်သောသူသည် အပြစ်စီရင်ခြင်းခံရအုံးမည်လော။ - - — - - -

သင်ခန်းစာ ( ၃၂ )

# ဖြူသောပလ္လင်ကြီး



ယခုအချိန်၌ ဂရုဏာယဇ်ပလ္လင်သည် နောက်ဆုံးသောနေ့၌ ဖြူသောပလ္လင်ကြီးဖြစ်၍၊ အပြစ်ရှိသည့်အတိုင်း တရားစီရင်သောပလ္လကြီးဖြစ်မည်။ ဤလောကသည်ရှိတော့မည်မဟုတ်၊ ယေရှုခရစ်တော်ကို မယုံကြည်သောသူများသည် အသက်စာစောင်၌ နာမည်စာရင်းမရှိသောကြောင့် မိမိတို့အကျင့်အတိုင်း တရားစီရင်ခြင်းကိုခံရ၍၊ ဒုတိယသေခြင်းတည်းဟူသော ထာဝရငရဲ၌ချခြင်းကို ခံရကြမည်ဖြစ်သည်။ ယေရှုခရစ်တော်ကို ယုံကြည်လက်ခံသောသူများသည် တရားစီရင်ခြင်းကိုခံရတော့မည်မဟုတ်။

ဗျာ၊ ၂၀း၁၁-၁၅တဖန်တုံ၊ ဖြူသောပလ္လင်ကြီးကိုငှင်း၊ ပလ္လင်ပေါ်မှာ ထိုင်တော်မူသောသူကိုငှင်း ငါမြင်၏။ ကောင်းကင်နှင့် မြေကြီးသည် မျက်နှာ တော်ရှေ့မှ ပြေးလွင့်၍ သူတို့ နေစရာအရပ်မရှိ။ ၁၂ သေလွန်သောသူ အကြီး အငယ်တို့သည် ပလ္လင် တော်ရှေ့မှာ ရပ်နေကြသည်ကို ငါမြင်၏။ စာစောင် များ ကို ဖွင့်ထား၏ အသက်စာစောင်တည်းဟူသော အခြား တပါးသော စာစောင်ကိုလည်း ဖွင့်လေ၏။ သေလွန် သောသူတို့သည် မိမိတို့အကျင့် အတိုင်း၊စာစောင်တို့၌ ရေးထားချက်များနှင့်အညီ တရားစီရင် ခြင်းကို ခံရ ကြ၏။ ၁၃ သမုဒ္ဒရာသည် မိမိ၌ရှိသော လူသေတို့ကို အပ်ပေး၏။ မရဏာနှင့် မရဏာနိုင်ငံသည်လည်း မိမိတို့၌ ရှိသော လူသေတို့ကို အပ်ပေးကြ၏။ လူအ သီးအသီး တို့သည် မိမိတို့အကျင့်အတိုင်း တရားစီရင်ခြင်းကို ခံရ ကြ၏။ ၁၄ထိုအခါ မရဏာနှင့် မရဏာနိုင်ငံကို မီးအိုင်ထဲသို့ ချပစ်လေ၏။ ထိုသေ ခြင်းကား ဒုတိယသေခြင်း ဖြစ် သတည်း။၁၅အသက်စာစောင်၌ စာရင်းမဝင် သောသူ ရှိသမျှတို့ကိုလည်း မီးအိုင်ထဲသို့ ချပစ်လေ၏။

ဒံ၊ ၁၂း ၂ ထိုကာလအခါ မြေမှုန့်၌ အိပ်ပျော်သော သူများတို့သည် နိုးကြလိမ့်မည်။အချို့တို့ကား၊ ထာဝရအသက်ရှင်ခြင်းနှင့်ငှင်း၊ အချို့တို့ကား ရှက်ကြောက်ခြင်း၊ ထာဝရ အသရေပျက်ခြင်းနှင့်ငှင်း နိုးကြလိမ့်မည်။

ယော၊ ၅း၂၅-၂၉ ငါအမှန်အကန်ဆိုသည်ကား၊ သေလွန်သောသူတို့သည် ဘုရားသခင်သားတော်၏ စကားသံကိုကြား၍၊ ကြားသောအားဖြင့် အသက် ရှ င်ရ မ ည့် အ ချိ န်ကာ လ သ ည်လာ ၍ ယ ခု ပ င်ရော က်လျ က်ရှိ ၏ ။ ၂၆ အကြောင်းမူကား၊ ခမည်းတော်သည် ကိုယ်၌ အသက်ရှိတော်မူသည် နည်းတူ၊ သားတော်သည်မိမိ၌ အသက်ရှိရသောအခွင့်ကို ပေးတော်မူ၏။ ၂၇

**သားတော်သည် လူသားဖြစ်သောကြောင့် တရားစီရင်ခြင်းအခွင့်ကိုလည်း အပ်ပေးတော်မူ၏။ ၂၈ ဤအမှုအရာကို အံ့ဩခြင်းမရှိကြနှင့်။ သင်္ချိုင်းများမှာရှိသော သူအပေါင်းတို့သည် သားတော်၏ စကားသံကိုကြား၍၊ ၂၉ ထွက်ရမည့်အချိန်ကာလ ရောက်လတံ့။ ကောင်းသောအကျင့်ကို ကျင့်သောသူတို့သည် အသက်ရှင်ရာ ထမြောက်ခြင်းသို့ရှင်း၊ဆိုးယုတ်သောအကျင့်ကို ကျင့်သောသူတို့သည် အပြစ်စီရင်ရာ ထမြောက်ခြင်းသို့ရှင်း ထွက်ရကြလတံ့။**

သင်ခန်းစာ ( ၃၂ ) မေးခွန်းများ

၁။ ဖြူသောပလ္လင်ကြီး၌ မည်သူများတရားစီရင်ခြင်းကိုခံရမည်
နည်း။ - - - - - - -

၂။ မရဏနှင့် မရဏနိုင်ငံသည် မည်သည့်နိုင်ငံသို့ချပစ်မည်နည်း။ - - -

၃။ မရဏနှင့် မရဏနိုင်ငံသည် မည်သည့်နေရာနည်း။ - - - - - -

၄။ မီးအိုင်သည် မည်သည့်နေရာနည်း။ - - - - - - -

၅။ အသက်စာစောင်၌ နာမည်စာရင်းမဝင်သောသူများသည် မည်သ
ည့်နေရာသို့ချခြင်းကိုခံရကြမည်နည်း။ - - - - - - - - - -

၆။ ထိုသေခြင်းသည် မည်သည့်စေခြင်းဖြစ်သနည်း။ - - - - - - -

သင်ခန်းစာ ( ၃၃ )

# နိစ္စထာဝရယဇ်ပုရောဟိတ်သည် ခရစ်တော်ဖြစ်သည်



လောက တဲတော်၌ရှိသော ယဇ်ပုရောဟိတ်သည် လေဝိအမျိုးဖြစ်သည်။ သို့သော်လည်း ကောင်းကင်တဲတော်စစ်၌ ယခုယေရှုရစ်သည် ယဇ်ပုရောဟိတ်ဖြစ်သည်။ နိစ္စထာဝရတည်၍၊ မပြောင်းမလဲသော ယဇ်ပုရောဟိတ်အရာ၌၊ ဘုရားသခင်ကခန့်ထားသည်။ ထို့ကြောင့် အကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်သည် ယေရှုခရစ်တော်ဖြစ်သည်။

**ဟေဗြဲ၊ ၇း၂၄-၂၅ယေရှုမူကား၊ နိစ္စထာဝရတည်သောကြောင့် မပြောင်းမလဲသော ယဇ်ပုရောဟိတ်အရာ၌ ခန့်ထား လျက်ရှိ၏။ ၂၅ ထိုကြောင့်၊**

**အကြင်သူတို့သည် ယေရှုအားဖြင့် ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်ကြ၏၊ ထိုသူတို့၏ အမှုကို ကိုယ်တော်သည် စောင့်လျက်၊ ကာလအစဉ် အသက်ရှင်သောကြောင့်၊ သူတို့ကို အစဉ်ကယ်တင်ခြင်း ငှါ တတ်နိုင်တော်မူ၏။**

## ကောင်းကင်ဘုံ၌ရှိသောယဇ်ပုရောဟိတ်ခရစ်တော်

ယေရှုခရစ်သည် ကောင်းကင်ဘုံရှိသော ယဇ်ပုရောဟိတ်အကြီးဖြစ်သည်။ သူသည်လည်းလောက၌၊ ဆင်းရဲဒုက္ခအမျိုးမျိုးခံ၍၎င်း၊ စုံစမ်းနှောင့်ရှက်ခြင်းတို့ကို ခံဖူးသောသူဖြစ်သောကြောင့် အကျွန်ုပ်တို့၏ ဆင်းရဲဒုက္ခမျိုးမျိုးတို့ကို နားလည်၍ ကြင်နာတတ်သော ယဇ်ပုရောဟိတ်ဖြစ်သည်။ ထို့ကြောင့်ရဲရင့်သောစိတ်နှင့် ကျေးဇူးပလ္လင်တော်သို့ တိုးဝင် ချည်းကပ်ကြဖို့ အမြဲလိုသည်။

**ဟေဗြဲ၊ ၄း၁၄-၁၆ယခုမူကား၊ ကောင်းကင်ဘုံထဲသို့ ကြွဝင်တော်မူသော ယဇ်ပုရောဟိတ်မင်းအကြီးတည်းဟူသော ဘုရားသခင်၏ သားတော် ယေရှုသည် ငါတို့၌ယဇ်ပုရောဟိတ်မင်းဖြစ်တော်မူသောကြောင့်၊ငါတို့သည် ဝန်ခံခဲ့ပြီးသောအရာ၌ တည်ကြည်ကြကုန်အံ့၊ ၁၅ ငါတို့ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်။ ငါတို့ခံရသည်နည်းတူ၊ အမျိုးမျိုးသော စုံစမ်းနှောင့်ရှက်ခြင်းတို့ကို ခံဘူးသောသူဖြစ်တော်မူ၏။ သို့ရာတွင်၊ ဒုစရိုက်အပြစ်နှင့် ကင်းလွတ်တော်မူ၏။ ၁၆ ထို့ကြောင့်၊ ငါတို့သည် သနားခြင်း ကရုဏာကို၎င်း၊ တော်လျော်သောမစခြင်းကျေးဇူးတော်ကို၎င်းခံရမည်အကြောင်း၊ ရဲရင့်သောစိတ်နှင့် ကျေးဇူးပလ္လင်တော်သို့ တိုးဝင် ချည်းကပ်ကြကုန်အံ့။**

# တဲတော်စစ်၌ဘုရားဝတ်ကိုပြုပေးသောခရစ်တော်

ယေရှုခရစ်သည် လူ့လက်ဖြင့်မဆောက်ဘဲ ထာဝရဘုရားဆောက်တော်မူသော တဲတော်စစ် သန့်ရှင်းရာဌါန၌ အကျွန်ုပ်တို့အတွက် ဘုရားဝတ်ကိုပြုပေးသော ယဇ်ပုရောဟိတ်ဖြစ်သည်။ ထိုသို့အားဖြင့် လောကတဲတော်၌ ယဇ်ပူဇော်ခြင်းများနှင့် ကိုးကွယ်ခြင်းများကိုပြည့်စုံစေပြီးပြီ။

**ဟေဗြဲ၊ ၈း၁-၅ ယခုဆိုခဲ့ပြီးသော အကြောင်းအရာတို့၏ အချုပ်အခြာဟူမူကား၊ ထိုသို့သော ယဇ်ပုရောဟိတ်မင်းသည်ငါတို့၌ရှိ၏။ကောင်းကင်ဘုံ၌ တန်ခိုးအာနုဘော်တော်၏ပလ္လင်လက်ျာဘက်မှာထိုင်နေတော်မူ၏။ ၂လူမဆောက်ဘဲ ထာဝရဘုရားဆောက်တော်မူသော တဲတော်စစ်တည်းဟူသော၊ သန့်ရှင်းရာဌာန၌ ဘုရားဝတ်ကိုပြုသောသူ ဖြစ်တော်မူ၏။ ၃ ယဇ်ပုရောဟိတ်မင်းမည်သည်ကား၊ ပူဇော်သက္ကာနှင့် ယဇ်ကိုပူဇော်စေခြင်းငှါ ခန့်ထားလျက်ရှိသည်ဖြစ်၍၊ ငါတို့ယဇ်ပုရောဟိတ်မင်းသည်လည်း ပူဇော်စရာယဇ်တစုံတခု ရှိရ၏။ ၄ ပညတ်တရားအတိုင်း ပူဇော်သက္ကာကို ဆက်ကပ်သော ယဇ်ပုရောဟိတ်များ ရှိကြသည်ဖြစ်၍၊ ထိုသခင်သည် မြေကြီးပေါ်မှာရှိနေလျှင် ယဇ်ပုရောဟိတ်မလုပ်ရ။ ၅ မောရှေသည် တဲတော်ကို ဆောက်လုပ်အံ့သောအခါ၊ တောင်ပေါ်မှာ သင့်အားပြခဲ့ပြီးသောပုံနှင့် ညီလျော်စွာ အလုံးစုံတို့ကို လုပ်ခြင်းငှါ သတိပြုရမည်ဟု ဗျာဒိတ်တော်ကို ခံရသည်ဖြစ်၍၊ ထိုယဇ်ပုရောဟိတ် တို့သည် ကောင်းကင်အရာတို့၏ ပုံပမာအရိပ်နှင့်သာဆိုင်လျက် ဝတ်ကိုပြုနေကြ၏။**

# ဘုရားချီးမြှောက်သော ထာဝရယဇ်ပုရောဟိတ် ခရစ်တော်

ယဇ်ပုရောဟိတ်သည် အလိုအလျှောက်မည်သူမျှ လုပ်လို့မရချေ။ ဘုရားရွေးကောက်ခြင်းကိုခံသောသူမှ သာလျှင်လုပ်ရသည်။ ထို့ကြောင့် အာရုန် အမျိုးမှတပါး အခြားသောအမျိုးများကလုပ်၍မရချေ။ထို့နည်းတူ၊ ခရစ်တော်သည် ယဇ်ပုရောဟိတ်မင်းအရာ၌ မိမိကိုယ်ကို မိမိချီးမြှောက်သည်မဟုတ်။ ဘုရားသခင်က သင်သည် ငါ့သားဖြစ်၏။ယနေ့ပင် သင့်ကို ချီးမြှောက် တော်မူပြီဟု ခရစ်တော်အားဆိုသည်၊ထို့ကြောင့် ခရစ်တော်သည် ဘုရားချီးမြှောက်သော ယဇ်ပုရောဟိတ်ဖြစ်သည်။

**ဟေဗြဲ၊ ၅း၁-၅ လူတို့တွင်ရွေးကောက်သော ယဇ်ပုရောဟိတ်မင်းမည်သည်ကား၊ ပူဇော်သက္ကာကိုငှ၊ အပြစ်ဖြေရာ ယဇ်ကိုငှ ပူဇော်၍၊ လူတို့အတွက် ဘုရားဝတ်ပြုစေခြင်းငှါ ခန့်ထားတော်မူသောသူဖြစ်၏။ ၂ သူသည် ကိုယ်တိုင်နွမ်းရိအားနည်းခြင်းရှိသည်ဖြစ်၍၊ မိုက်သောသူ၊ မှားယွင်းသောသူတို့ကို သည်းခံခြင်းငှါ တတ်နိုင်၏။ ၃ ထိုအကြောင်းကြောင့်လည်း၊လူများအပြစ်နှင့် မိမိအပြစ်ကို ဖြေခြင်းငှါ ပူဇော်ရ၏။ ၄ ဘုရားသခင်သည် အာရုန်ကိုခေါ်တော်မူသကဲ့သို့ ခေါ်တော်မူသောသူမှတပါး၊ အဘယ်သူမျှ ထိုအရာမြတ်ကို မသိမ်းမယူရ။ ၅ထို့နည်းတူ၊ ခရစ်တော်သည် ယဇ်ပုရောဟိတ်မင်းအရာ၌ မိမိကို မိမိချီးမြှောက်သည်မဟုတ်။ သင် သည် ငါ့သားဖြစ်၏။ ယနေ့ပင် သင့်ကို ငါဖြစ်ဘွားစေပြီဟု မိန့်တော်မူသောသူသည် ခရစ်တော်ကို ချီးမြှောက်တော်မူ၏။**

## ယုံကြည်သူများကိုဆုတောင်းပေးသောယဇ်ပုရောဟိတ် ခရစ်တော်

လောကဥ္စရှိသော ယဇ်ပုရောဟိတ်သည် သန့်ရှင်းရာဌါနထဲသို့ပရိတ်များ အတွက်ဆုတောင်းပေးသကဲ့သို့၊ ခရစ်တော်သည်လည်း လူ့လက်ဖြင့်ဆောက် သော တဲတော်၌မဟုတ်ဘဲ၊ လူ့လက်ဖြင့်မဆောက်၊ဘုရားလက်ဖြင့်ဆောက် သော ကောင်းကင်တဲတော်စစ် သန့်ရှင်းရာဌါနထဲသို့ဝင်၍၊ယုံကြည်သူများအ တွက် ဆုတောင်းပေးသည်။ ထို့ကြောင့် အကျွန်ုပ်တို့အတွက် ခရစ်တော်အမြဲ ဆုတောင်းပေးနေသည်။

**ရောမ၊ ၈း၃၄-၃၅အပြစ်စီရင်သောသူကား အဘယ်သူနည်း။ အသေခံ၍ခံ သည်သာမက၊ သေခြင်းမှထမြောက်၍ ဘုရားသခင်၏လက်ျာတော် ဘက်၌နေလျက်၊ ငါတို့ အဘို့ဆုတောင်းသောသူကား ခရစ်တော်ပေတည်း။ ၃၅ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့်ငါတို့ကို အဘယ်သူကွာစေမည်နည်း။**

## အမြင့်ဆုံးသောဘုရားသခင်၏ယဇ်ပုရောဟိတ်မင်းမေလခိဇေဒက်

အာဗြဟံစစ်တိုက်ရာမှ ပြန်လာသောအခါ၊ မေလခိဇေဒက်သည် အာဗြ ဟံကိုကြိုဆို၍ ကောင်းကြီးပေးခဲ့သည်။ အာဗြဟံကလည်း အမြင့်ဆုံးသော ယဇ်ပုရောဟိတ် မေလခိဇေဒက်ကို ဆယ်တစ်ဘို့တစ်ဘို့ကိုလှူခဲ့သည်။ က၊ ၁၄း၁၈-၁၉။ အမြင့် ဆုံးသော ဘုရားသခင်၏ ယဇ်ပုရောဟိတ် မေလခိဇေဒက် သည်၊ နာမရင်းအနက်အားဖြင့် တရားမင်း၊ ငြိမ်သက်ခြင်းမင်း၊ ရှာလင်မင်း ဖြစ်

လျက်၊ အဘမရှိ၊ အမိမရှိ၊ ရှေးမျိုးစဉ်မရှိ၊ အသက် အပိုင်းအခြားမရှိဘဲ၊ ဘုရားသခင်၏ သားတော်နှင့် တူ၍၊ ယဇ်ပုရောဟိတ်အရာ၌ အစဉ်အမြဲတည်ဟု ဆိုသည်။ ထိုယဇ်ပုရောဟိတ်မင်း မေလခိဇေဒက်သည် ခရစ်တော်ဖြစ်သည်ဟု ယုံကြည်လက်ခံရသည်။ အဘယ်ကြောင့် ဆိုသော် ခရစ်တော်သည် အမြင့်ဆုံးသော ဘုရားသခင်၏ယဇ်ပုရောဟိတ်၊ ကျွန်ုပ်တို့၏အကြီးဆုံးသော ယဇ်ပုရောဟိတ်ဖြစ်သောကြောင့်ဖြစ်သည်။

**ဟေဗြဲ၊ ၇း၁-၅မင်းကြီးများကို လုပ်ကြံရာမှ ပြန်လာသော အာဗြဟံကို ခရီးဦးကြိုပြု၍ ကောင်းကြီးပေးပြီးလျှင်၊ ၂အာဗြဟံလှူသောလက်ရဥစ္စာရှိသမျှကို ဆယ်ဘို့တဘို့ခံယူသော ထိုရှာလင်မင်းကြီးတည်းဟူသော အမြင့် ဆုံးသော ဘုရားသခင်၏ ယဇ်ပုရောဟိတ် မေလခိဇေဒက်သည်၊ နာမရင်းအနက်အားဖြင့် တရားမင်း၊ ထိုမှ တပါး၊ ငြိမ်သက်ခြင်းမင်းဟုဆိုလိုသော ရှာလင်မင်းဖြစ်လျက်၊ ၃အဘမရှိ၊ အမိမရှိ၊ ရှေးမျိုးစဉ်မရှိ၊ အသက် အပိုင်းအခြားမရှိဘဲ၊ဘုရားသခင်၏ သားတော်နှင့် တူ၍၊ ယဇ်ပုရောဟိတ်အရာ၌ အစဉ်အမြဲတည်၏။ ၄အမျိုး၏အဘအာဗြဟံသည်၊ လက်ရဥစ္စာများကို ဆယ်ဘို့တဘို့လှူ၍ အလှူခံသောထိုမင်းသည် အဘယ်မျှ လောက်ကြီးမြတ်သည်ကို ဆင်ခြင်ကြလော့။ ၅ယဇ်ပုရောဟိတ်အရာကိုခံသော လေဝိသားတို့သည် အာဗြဟံအမျိုးဖြစ်သောသူတည်းဟူသော၊ မိမိတို့ ညီအစ်ကိုများလက်မှ ပညတ်တရားအတိုင်း ဆယ်ဘို့တဘို့ကို ခံရသော အခွင့်ရှိကြ၏။**

# ထာဝရယဇ်ပုရောဟိတ်မင်းဖြစ်သောယေရှု

အစဉ်အမြဲထာဝရတည်သော ယဇ်ပုရောဟိတ်မင်း၊ မပြောင်းမလဲနိုင်သော ယဇ်ပုရောဟိတ်မင်း၊ ဘုရားချီးမြှောက်သော ယဇ်ပုရောဟိတ်မင်း၊ အကျွန်ုပ်တို့ ကို ဆုတောင်းပေးသော ယဇ်ပုရောဟိတ်မင်း၊ကောင်းကင် တဲတော်စစ်၌ ဘုရား ဝတ်ကို ပြုပေးသော ယဇ်ပုရောဟိတ်မင်း၊မေလခိဇေဒက်ကဲ့သို့ သော ယဇ်ပုရောဟိတ်မင်း ယေရှုခရစ်တော်သည် ငါတို့၌ရှိသည်။


**ဟေဗြဲ၊ ၆း၂၀မေလခိဇေဒက်နည်းတူ ထာဝရယဇ်ပုရောဟိတ်မင်း ဖြစ် သော ယေရှုသည်၊ ငါတို့အတွက်၊ ထိုအတွင်းအရပ်ထဲသို့ရှေ့ဆောင်၍ ဝင် သောသူဖြစ်တော်မူ၏။**

၁။ ယဇ်ပုရောဟိတ်အရာကိုရှာသောသူများ ကောရ၊ ဒသန်၊ အဘိရန်
( တော၊ ၁၆း၁-၃၅၊ ၄၉ )။

၂။ ရှောလု ( ၁ရာ၊ ၁၃ )။

၃။ ယေရောဘောင် ၃ရာ၊ ၁၃း၃၃-၃၄။ ၃ရာ၊ ၁၄း၇-၁၁ )။

# သင်၏အသက်တာဘယ်နားရောက်ပြီလဲ



ဤတဲတော်ကိုလေ့လာခြင်းအားဖြင့် မိမိ၏အသက်တာဘယ်နားရောက်နေပြီလည်း ဆိုတာသိနိုင်မည်ဖြစ်သည်။

## သင်ခန်းစာ ( ၃၃ ) မေးခွန်းများ

၁။ နိစ္စထာဝရတည်သော ယဇ်ပုရောဟိတ်သည်မည်သူနည်း။- - - -

၂။ ကောင်းကင်ဘုံ၌ရှိသော ယဇ်ပုရောဟိတ်သည်မည်သူနည်း။ - - -

၃။ တဲတော်စစ်၌ဘုရားဝတ်ကိုပြုပေးသော ယဇ်ပုရောဟိတ်သည်မည်သူ နည်း။ - - - - - - - -

၄။ ဘုရားချီးမြှောက်သော ထာဝရယဇ်ပုရောဟိတ်သည် မည်သူနည်း။ - - - - - -

၅။ ကောင်းကင်ဘုံမှ ယုံကြည်သူများကိုဆုတောင်းပေးသောသူကား မည်သူနည်း။ - - - - - - - —

၆။ အာဗြဟံကိုကောင်းကြီးပေးသော အမြင့်ဆုံးသော ယဇ်ပုရောဟိတ် သည် မည်သူနည်း။ - - - - - - - - -

၇။ မေလခိဇေဒက်နည်းတူ ယဇ်ပုရောဟိတ်သည် မည်သူနည်း။ - - - -

၈။ တဲတော်အားဖြင့် သင်၏အသက်တာဘယ်နားရောက်သည်ကိုတိုင်းတာ နိုင်သည် ဘယ်နားရောက်ပြီလဲ။- - - - - - - -